မြန်မာ့အာလင်း

■ အတွဲ [၅၄]
အမှတ် [၃၅၀]

၁၃၇၇ ခုနှစ်၊ တော်သလင်းလဆန်း ၇ ရက် [20-9-2015]

MYANMA ALINN SUNDAY ISSUE

ထစ်ချုန်းမိုး

နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ဒါနဋ္ဌ စတံမဂ်လ မုတ္တမံ
စွန့်ကြေးကမ်း
လျှုဒါန်းခြင်းသည်
မြတ်သောမင်္ဂလာမည်၏။

ထီးလှိုင်ကန်ရေရှည်ကောင်းမွန်စေရန် သားစဉ်မြေးဆက်ထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဝမ်းတွင်းမြို့နယ်ရှိ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်း၊ စာ-၃) (ပြန်/ဆက်)

တနင်္ဂနွေ ဖတ်စရာများ

အပြာရောင်ကမ္ဘည်းများရဲ့ရာဇဝင်
ခေတ်ပြိုင်ပန်းချီကားများနည်းတူ အရောင်စုံအသွေးစုံတို့အား ဖြန့်ကြက်ထားသည့် လောကနတ်အဆောက်အအုံ — စာ ➢ ၁၅

ယနေ့တက္ကသိုလ်နယ်မြေတစ်ခွင်
ရေနီမြောင်း၊ တမာတန်းတွေနဲ့ အညာမြေက မန်းတက္ကသိုလ် — စာ ➢ ၁၈

မြန်မာ့ရိုးရာအားကစား
မြန်မာနိုင်ငံ၌ ပထမဦးဆုံး ရိုးရာခြင်းလုံးနှင့် ပိုက်ကျော်ခြင်းသင်တန်းကျောင်းကြီး ပေါ်ထွက်လာတော့မည် — စာ ➢ ၁၉

နိုင်ငံတကာရေးရာသတင်းဆောင်းပါး
မြောက်ကိုရီးယား ကျူးဘားကဲ့သို့ ဘာကြောင့်မပြောင်းလဲနိုင်ရသလဲ — စာ ➢ ၂၁

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

စွန့်ဦးတီထွင်သူ

ဤသတ္တကမ္ဘာလောကကြီးတွင် လူသားတို့အနေဖြင့် စူးစမ်းလေ့လာတီထွင်မှုများပြုလုပ်ခဲ့ခြင်း မရှိကြလျှင် ကျောက်ခေတ်လူသားတို့၏ လူနေမှုဘဝနှင့် ခြားနားလိမ့်မည်မဟုတ်ပေ။ အတွေးအခေါ် အယူအဆတို့အပေါ် အခြေခံ၍ တစ်ခုပြီးတစ်ခု တီထွင်ခဲ့၍သာ တိုးတက်သောကမ္ဘာကြီးအဖြစ် တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ အတွေးအခေါ်ပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်တို့က အစဉ်အမြဲ တီထွင်မှုများ ပြုလုပ်ခဲ့ကြသည်။

တီထွင်မှုနှင့် တိုးတက်ပြောင်းလဲမှုတို့သည် တိုက်ရိုက်အချိုးကျနေသည်။ များများတီထွင်နိုင်လေ တိုးတက်လေလေဖြစ်သည်။ လူသားကောင်းကျိုးအတွက် ပညာရှင်တို့က တီထွင်မှုများ ဆက်တိုက် ပြုလုပ်နေကြသည်။ ရှေးရှေးကလည်း တီထွင်ခဲ့ကြသည်။ ယခုလည်းတီထွင်မှုများ ပြုလုပ်နေဆဲဖြစ်သည်။ နောင်လည်း တီထွင်မှုများ ပြုလုပ်နေဦးမည်သာ ဖြစ်ပါသည်။ တီထွင်မှုလုပ်ငန်းများ ပိုမိုများပြားလာလေ လူမှုအသိုက်အဝန်းသည် တိုးတက်သော လူ့အဖွဲ့အစည်းကို တည်ဆောက်လာနိုင်လေဖြစ်သည်။

မကြာမီက စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့မှ ဓာတုဗေဒပညာရှင်တစ်ဦးသည် စွန့်ပစ်ပလတ်စတစ်ပစ္စည်းများမှ စက်သုံးဆီကို စီးပွားဖြစ်အောင်မြင်စွာ ထုတ်လုပ်နိုင်ပြီဖြစ်ကြောင်းကြားသိရသည်။ ဘုတလင်မြို့သား ဦးသန့်ဇင်ထွန်းဆိုသူသည် ကိုယ်တိုင် ဒီဇိုင်းပြုလုပ်ကာ တီထွင်ထုတ်လုပ်ထားသော ချင်းတွင်းဓာတု အင်ဂျင်နီယာလုပ်ငန်းဟု အမည်ပေးထားသည့် ဓာတ်ကူပစ္စည်းသုံး နည်းပညာဖြင့် လောင်စာဆီထုတ်လုပ်မှုမှာ အကောင်အထည်ပေါ်လာပြီဖြစ်ရာ ယခုအခါ လယ်ယာသုံးထွန်စက်များတွင် စတင်အသုံးပြု စမ်းသပ်အောင်မြင်လျက်ရှိကြောင်းကြားသိရသည်။ လက်ရှိ စမ်းသပ်စက်ရုံမှ ဓာတ်ဆီ၊ ဒီဇယ်နှစ်မျိုး စလုံးထွက်ရှိနိုင်ပြီး ပလတ်စတစ်ကုန်ကြမ်းတစ်တန်(၀ိသာ ၆၀၀) ထည့်ပါက ဒီဇယ်၊ ဓာတ်ဆီနှစ်မျိုးပေါင်းဂါလန် ၁၅၀ ကျော် ၂၀၀ အထိ ထွက်ရှိကြောင်း၊ စီးပွားဖြစ်စက်ရုံကြီးများ တည်ဆောက်သွားရန် စီစဉ်နေကြောင်း သိရသည်။

ဤတီထွင်မှုသည် အမှန်တကယ် အောင်အောင်မြင်မြင် လုပ်နိုင်မည်ဆိုပါက ကျွန်ုပ်တို့ပြည်သူများအတွက် အကျိုးကျေးဇူးနှစ်ရပ်ကို တစ်ပြိုင်တည်းရရှိနိုင်မည် ဖြစ်ပါသည်။ လူပတ်ဝန်းကျင်ကို ညစ်ညမ်းမှုများဖြစ်ပေါ်နေသည့် ပလတ်စတစ်အမှိုက်သရိုက်များကို ရှင်းလင်းသွားနိုင်မည်ဖြစ်သည့်အပြင် စက်မှုလုပ်ငန်းသုံးစက်သုံးဆီအချို့အတွက် ကုန်ကျစရိတ်များကိုလည်း လျှော့ချနိုင်မည်ဖြစ်ပါသည်။ မြန်မာတစ်နိုင်ငံလုံးတွင် နေ့စဉ်စွန့်ပစ်ပလတ်စတစ်ကုန်ကြမ်းတန်ချိန် ၅၀၀ ခန့်ရှိပြီး ယင်းတို့ကို လောင်စာဆီအဖြစ် ပြောင်းလဲထုတ်လုပ်နိုင်ပါက ဂါလန် ၇၅၀၀၀ မှ ၁၀၀၀၀ အထိ ထွက်ရှိနိုင်မည်ဟုဆိုသည်။

ယခုအခါ မြန်မာနိုင်ငံတွင် စွန့်ဦးတီထွင်မှုဆိုင်ရာ ဥပဒေကိုလည်း ပြဋ္ဌာန်းထားပြီဖြစ်၍ တီထွင်သူများ၏ အကျိုးစီးပွားကို ဥပဒေဖြင့် အကာအကွယ်ပေးထားပြီ ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် စွန့်ဦးတီထွင်သူများကို အားပေးနေပြီဖြစ်ပါသည်။ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးနေခြင်းသည်ပင်လျှင် စွန့်ဦးတီထွင်မှုများကို အားပေးနေခြင်းပင် ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ယခုကဲ့သို့ စွန့်ဦးတီထွင်ပညာရှင်များ အများအပြားလိုအပ်လျက်ရှိပါသည်။ အရည်အသွေးမီ စွန့်ဦးတီထွင်မှုလုပ်ငန်းများ တိုးတက်လာမှသာ စက်မှုနိုင်ငံတည်ဆောက်ရာတွင် အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။ သို့ပါ၍ စွန့်ဦးတီထွင်မှုလုပ်ငန်းများကို ဒေသအသီးသီးတို့တွင် တာဝန်ရှိသူများနှင့် ပူးပေါင်း၍ အစီအမံများ ချမှတ်ကာ အရှိန်အဟုန်မြင့်တင် လုပ်ဆောင်သွားသင့်ပါကြောင်း။။

မြန်မာ့အလင်း
Established in 1914
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
စာတည်းမှူး	-	ဝင်းရွှေ
စာတည်း	-	ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး	-	မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)
ကြော်ငြာ	-	၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈
ဖြန့်ချိ	-	၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆

နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

နေပြည်တော် စက်တင်ဘာ ၁၉

ပြည်သူ့ဒီမိုကရေစီပါတီ၊ အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီနှင့် ဗမာပြည်သူ့ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို စက်တင်ဘာ ၂၀ ရက် ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD(Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး စက်တင်ဘာ ၂၁ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

မိုးပွင့်(အထူး) စီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

ရမည်းသင်း စက်တင်ဘာ ၁၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ကျွဲတပ်ကျေးရွာအခြေခံပညာမူလတန်းလွန်ကျောင်းတွင် မိုးပွင့်(အထူး) စီမံချက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ ရက်က ကျင်းပရာတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတိုင်းဒေသကြီး ဦးစီးဌာနမှူး ဦးသောင်းဇော်နှင့် တာဝန်ရှိသူများက ကျွဲတပ်ကျေးရွာမူလတန်းလွန်ကျောင်း ကျောင်းသား ကျောင်းသူ ၅၉ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများအား တစ်ဦးချင်းစီ အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။ **(၄၁၆)**

အခြေခံပညာကျောင်းများ အဆင့်တိုးမြှင့်ပေး

သုံးခွ စက်တင်ဘာ ၁၉

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ အနာဂတ်မျိုးဆက်သစ်များဖြစ်သော ကျောင်းသူကျောင်းသားများ ပညာသင်ကြားရေးအဆင်ပြေစေရန်နှင့် ပညာရည်တိုးတက်မြင့်မားစေရန် ရည်ရွယ်၍ ကျောင်းဆောင်သစ်များ တိုးချဲ့ခြင်း၊ ကျောင်းများ အဆင့်တိုးမြှင့်ပေးခြင်းတို့ကို ပညာသင်နှစ်အလိုက် တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၁၅-၂၀၁၆ ပညာသင်နှစ် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ်တွင် အခြေခံပညာကျောင်း ၈၊ ကျောင်းအား အဆင့်တိုးမြှင့်ဖွင့်လှစ်ခွင့်ပေးခဲ့ကြောင်း သိရသည်။

ရေပေါ်ကန်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းအား အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)သို့လည်းကောင်း၊ ကတုံးပေါ် အထက်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း (ခွဲ) အား အခြေခံပညာ အလယ်တန်းကျောင်းသို့ လည်းကောင်း၊ ကတုံးပေါ် အလယ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) အား အခြေခံပညာအထက်တန်း၊ ဖရုံကန်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အလယ်တန်းကျောင်းသို့ လည်းကောင်း၊ အမှတ်(၅)ရပ်ကွက်ရှိအခြေခံပညာမူလတန်းကျောင်းအား အခြေခံပညာအလယ်တန်းကျောင်းသို့ လည်းကောင်း တိုးမြှင့်ဖွင့်လှစ်ပေးခဲ့သည်။

သုံးခွမြို့နယ်တွင် အခြေခံပညာကျောင်း ၁၄၅ ကျောင်းရှိပြီး ကျောင်းသား ကျောင်းသူ ၂၆၃၃၀ ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။ **ကိုကျော်(သုံးခွ)**

မြန်မာ့ရိုးရာ သိုင်းသင်တန်းဖွင့်

ပျဉ်းမနား စက်တင်ဘာ ၁၉

နေပြည်တော်ကောင်စီနယ်မြေ ဒကွိုဏာခရိုင် ပျဉ်းမနားမြို့နယ် ပေါင်းလောင်းအားကစားကွင်း မိုးလုံလေလုံခန်းမကြီး၌ စက်တင်ဘာ ၁၇ ရက်က အမျိုးသမီး အခြေခံမြန်မာ့ရိုးရာသိုင်းသင်တန်း (၁/၂၀၁၅) ဖွင့်လှစ်ခဲ့သည်။

အမျိုးသမီးအခြေခံ မြန်မာ့ရိုးရာသိုင်းသင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်သည် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ချမှတ်ထားသော ရည်ရွယ်ချက်ခုနှစ်ရပ်အနက် အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊ အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရန် ရှေးဘုရင်များလက်ထက်ကတည်းက နိုင်ငံတော် ကာကွယ်နိုင်သည့် (ဗန်တို၊ ဗန်ရှည်) လက်နက်မဲ့ အတတ်ပညာဖြစ်သည့် အတွက် မြို့နယ်အတွင်းရှိ လူငယ်အမျိုးသမီးများ မြန်မာ့ရိုးရာသိုင်းအခြေခံနည်းစနစ်များကို မှန်ကန်စွာ တတ်မြောက်စေပြီး ငယ်ရွယ်သည့် အမျိုးသမီးများ အကြမ်းဖက်မှုမှ ခုခံကာကွယ်နိုင်စေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး အမျိုးသမီးငယ် ကျောင်းသူပေါင်း ၅၀ ခန့်သင်တန်းသို့ တက်ရောက်ခဲ့ကြောင်း ပျဉ်းမနားမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငြိမ်းငြိမ်းအေးထံမှ သိရသည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့နယ် ခြင်းလုံးဆပ်ကော်မတီမှ မြန်မာ့ရိုးရာ ခြင်းလုံးသရုပ်ပြသခြင်းနှင့် မြန်မာ့ရိုးရာသိုင်းဆပ်ကော်မတီမှ သိုင်းစွမ်းရည်များ ပြသခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်ကျင်ခိုင်၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုး၊ အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြူကြူလင်း၊ ခရိုင်/မြို့နယ်အဆင့် တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြပြီး သင်တန်းကို စက်တင်ဘာ ၁၇ ရက်မှ အောက်တိုဘာ ၁ ရက်အထိ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်း-မျိုးဇေယျာ(ပျဉ်းမနား)
ဓာတ်ပုံ-သီရိခေတ်

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၉-၉-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၇၃၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၂၇၅၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၇၇၄၀၀၀

စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)

ဓာတ်ဆီ	တစ်လီတာ	ကျပ်	၇၀၀/၇၁၀
ဒီဇယ်	တစ်လီတာ	ကျပ်	၆၄၀/၆၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ်	၆၉၀/၇၀၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ်	၇၉၀/၈၀၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ်	၆၈၀/၇၀၀

သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးနှိုင်းများ)

၁။ ငါးကြင်း	တစ်ပိဿာ	၄၅၀၀-၆၀၀၀
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၄၀၀၀-၄၅၀၀
၃။ ငါးရံ့	တစ်ပိဿာ	၆၅၀၀-၇၅၀၀
၄။ ငါးဖယ်	တစ်ပိဿာ	၆၅၀၀-၁၂၀၀၀
၅။ ပုစွန် (ကျေး)	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၀၀၀၀-၂၇၀၀၀
၇။ ငါးသလောက်	တစ်ပိဿာ	၇၅၀၀-၁၂၀၀၀
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၂၀၀၀
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၉၀၀၀
၁၀။ အမဲ	တစ်ပိဿာ	၇၀၀၀-၉၀၀၀
၁၁။ ဆိတ်	တစ်ပိဿာ	၁၃၀၀၀-၁၇၀၀၀
၁၂။ ဘဲ	တစ်ပိဿာ	၆၀၀၀-၁၃၀၀၀

နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ပဟိုဘဏ်)

အမေရိကန်	တစ်ဒေါ်လာ	၁၂၈၄
ဥရောပ	တစ်ယူရို	၁၄၅၇
စင်ကာပူ	တစ်ဒေါ်လာ	၉၁၂.၂၂
ထိုင်း	တစ်ဘတ်	၃၅.၆၅
အိန္ဒိယ	တစ်ရူပီး	၁၉.၃၇
တရုတ်	တစ်ယွမ်	၂၀၁.၄၁
မလေးရှား	တစ်ရင်းဂစ်	၂၉၈.၆

ခင်ရတနာ-စုစည်းသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ညောင်ရမ်း- မင်းလှကန်နှင့် ထီးလှိုင်ကန်သို့ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ရှိ ညောင်ရမ်း-မင်းလှကန်သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတဦးသိန်းစိန်အား ညောင်ရမ်း-မင်းလှကန်အတွင်း ရေစီးဝင်မှုအခြေအနေများကို တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြစဉ်။ (ပြန်/ဆက်)

နိုင်ငံတော်သမ္မတအား တာဝန်ရှိသူများက ကန်အတွင်းရေစီးဝင်မှုအခြေအနေနှင့် ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်သမ္မတက ညောင်ရမ်း-မင်းလှကန် ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို ယခုကာလအတွင်း အမြန်ပြီးစီးအောင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန်မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ညောင်ရမ်း-မင်းလှကန်တွင် သဲနုန်းတူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးပြီဖြစ်ရာ ညောင်ရမ်းကန်သည် တမံအလျားပေ ၂၅၁၀၀၊ တမံအမြင့် ၂၁ ပေ၊ တမံထိပ်ပြင် အကျယ် ၂၄ ပေ၊ ပျမ်းမျှရေအနက် ငါးပေ၊ ရေလှောင်ပမာဏ ၉၇၄၇ ကေပေဖြစ်၍ မိုးစပါးဧက ၉၄၈၈ ဧကနှင့် နွေစပါးဧက ၂၅၀ စိုက်ပျိုးနိုင်မည်ဖြစ်သည်။

အလားတူ မင်းလှကန်သည် တမံအလျားပေ ၂၄၅၅၀၀၊ တမံအမြင့် ၂၀ ဒသမ ၅ ပေ၊ တမံထိပ်ပြင် အကျယ် ၂၄ ပေ၊ ပျမ်းမျှရေအနက် ရှစ်ပေ၊ ရေလှောင်ပမာဏ ၂၁၃၅၇ ဧကပေဖြစ်၍ မိုးစပါး ၁၇၇၁၇ ဧကနှင့် နွေစပါး ဧက ၁၅၀၀ စိုက်ပျိုးနိုင်မည်ဖြစ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့သည် သာစည်မြို့နယ် ရွာကြီးစံပြကျေးရွာရှိ ရွှေယင်မျှော်ဘုရားအား ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စေတီတော်ပရိဝုဏ်အတွင်းရှိ ဥတ္တရာရာမမဟာတမံအမြင့် ၂၁ ပေ၊ တမံထိပ်ပြင် အကျယ် ၂၄ ပေ၊ ပျမ်းမျှရေအနက် ငါးပေ၊ ရေလှောင်ပမာဏ ၉၇၄၇ ကေပေဖြစ်၍ မိုးစပါးဧက ၉၄၈၈ ဧကနှင့် နွေစပါး ဧက ၁၅၀၀ စိုက်ပျိုးနိုင်မည်ဖြစ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ကန်အတွင်း ရေဝင်ရောက်မှုအခြေအနေကို ကြည့်ရှုပြီး ဒေသခံပြည်သူများအား နှုတ်ဆက်စကားပြောကြားရာတွင် ယခုဒေသသည် ရေရှားပါးပြီး ရေကိုမှီခိုအားထားရသည့်အတွက် ၂၀၁၄ ခုနှစ်တွင် မိမိကိုယ်တိုင် လာရောက်ကြည့်ရှုပြီး ဒေသဖွံ့ဖြိုးရေးအတွက် စီမံဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ရေလုံလောက်စွာ ရရှိရေးအတွက်သာမက လျှပ်စစ်မီးရရှိရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ ထို့ကြောင့် ထီးလှိုင်ကျေးရွာ၌ အသေးစားစက်မှုလုပ်ငန်းဖြစ်သည့် စက်ရက်ကန်းလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီဖြစ်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မိမိတို့မိသားစုများ၏ ပညာရေး၊ လူမှုရေးအဆင့်အတန်းမြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်းနှင့် ထီးလှိုင်ကန်ကို ရေရှည်ကောင်းမွန်စေရန် သားစဉ်မြေးဆက် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထီးလှိုင်ကန်သည် ဝမ်းတွင်းမြို့၏ အနောက်ဘက် နှစ်မိုင်ခန့်အကွာ ထီးလှိုင်အနောက်ရွာအနီးတွင် တည်ရှိပြီး ပုဂံခေတ် အနော်ရထာမင်း လက်ထက်၌ တူးဖော်ခဲ့ခြင်းဖြစ်သည်။ အဆိုပါကန်သည် ကာလကြာမြင့်လာသည့်အတွက် ကန်တွင်း သဲနုန်းပို့ချမှု ဖြစ်ပေါ်လာပြီး တဖြည်းဖြည်း တိမ်ကောလာခဲ့ရာမှ ရေသိုလှောင်နိုင်မှုပမာဏ လျော့နည်းလာခဲ့သည်။

သို့ဖြစ်၍ ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် ထီးလှိုင်ကန်ကို စတင်ပြုပြင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရေသောက် ဧရိယာ ၁၄၀၇ ဧကပေါ်ရှိ မြေဧက ၁၃၉၄ ဧကကို စိုက်ပျိုးရေလုံလောက်စွာ ပေးဝေနိုင်သည့်အပြင် လူနှင့် တိရစ္ဆာန်များ သောက်သုံးရေနှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးကို အထောက်အကူပြုလျက်ရှိသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ထီးလှိုင်အနောက်ရွာရှိ ဒေသခံပြည်သူတစ်ဦး၏ နေအိမ်၌ လျှပ်စစ်မီးအသုံးပြု၍ စက်ရက်ကန်းလုပ်ငန်းဖြင့် ချည်ချောလုံချည် ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးသည်။**(ဝဲပုံ)**

ဝမ်းတွင်းမြို့နယ် ထီးလှိုင်အနောက်ရွာ၌ အိမ်ခြေ ၃၆၀ ရှိပြီး လျှပ်စစ်မီးမရရှိမီ ဒီဇယ်အင်ဂျင်အသုံးပြုသည့် စက်ရက်ကန်းရုံ ၁၈၀ ခန့်ရှိခဲ့ရာမှ လျှပ်စစ်မီးရရှိပြီးနောက် စက်ရက်ကန်းရုံ ၃၇၀ အထိ တိုးတက်လာခဲ့သည်။

အလားတူ ထီးလှိုင်အရှေ့ရွာ၌ အိမ်ခြေ ၁၅၀ ရှိပြီး လျှပ်စစ်မီးမရရှိမီ ဒီဇယ်အင်ဂျင်အသုံးပြုသည့် စက်ရက်ကန်းရုံ ၁၀ရုံခန့်ရှိခဲ့ရာမှ လျှပ်စစ်မီးရရှိပြီးနောက် စက်ရက်ကန်းရုံ ၂၀၀ အထိ တိုးတက်လာခဲ့သည်။ နိုင်ငံတော်အနေဖြင့် အဆိုပါကျေးရွာများ လျှပ်စစ်မီးရရှိရေးအတွက် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် တာဝန်ရှိသူများနှင့်အတူ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်ကလည်း ထီးလှိုင်ကန် ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို လာရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စီမံဆောင်ရွက်ပေးရန်မှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မိတ္ထီလာမြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ငွေကြေးခဝါချမှုတိုက်ဖျက်ရေး နည်းဥပဒေများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း နည်းဥပဒေများထုတ်ပြန်

နေပြည်တော် စက်တင်ဘာ ၁၉

ပြည်ထဲရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၁ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၁၂၀၁/၂၀၁၅) ဖြင့် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး နည်းဥပဒေများကို လည်းကောင်း၊ အမိန့်ကြော်ငြာစာအမှတ် (၁၂၀၂/၂၀၁၅) ဖြင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်းနည်းဥပဒေများကို လည်းကောင်း ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးနည်းဥပဒေများတွင် အခန်း (၁၃) ခန်းပါရှိပြီး အခန်း (၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း(၂) ဗဟိုအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ အခန်း (၃) ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ ဖွဲ့စည်းခြင်း တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ အခန်း (၄) စိစစ်ရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ အခန်း (၅) စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ အခန်း(၆) သတင်းပို့ အဖွဲ့အစည်းများရှိ မှတ်တမ်းများကို စစ်ဆေးကြည့်ရှုခြင်း၊ မိတ္တူကူးယူခြင်းနှင့် သက်သေခံပစ္စည်းအဖြစ်သိမ်းဆည်းခြင်း၊ အခန်း(၇) သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ရမည့် နည်းလမ်းများ၊ အခန်း(၈) ကြိုတင်ကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များနှင့် သတင်းပို့ရန် တာဝန်၊ အခန်း (၉) ကြီးကြပ် ဆောင်ရွက်ခြင်း၊ အခန်း (၁၀) ငွေကြေး သို့မဟုတ် ကိုင်ဆောင်သူလွှဲပြောင်းနိုင်သော စာချုပ်စာတမ်းများအား နိုင်ငံဖြတ်ကျော်သယ်ယူပို့ဆောင်မှု၊ အခန်း (၁၁) နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ခြင်း၊ အခန်း (၁၂) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးရန်ပုံငွေ၊ အခန်း (၁၃) အထွေထွေဟူ၍ ပါရှိသည်။

အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း နည်းဥပဒေများတွင် အခန်း (၁၃) ခန်းပါရှိပြီး အခန်း (၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်၊ အခန်း (၂) ပြည်တွင်းအကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ကြေညာခြင်းနှင့် ထိန်းချုပ်မိန့်ထုတ်ပြန်ခြင်း၊ အခန်း(၃) အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီဖွဲ့စည်းခြင်းနှင့် ယင်း၏ လုပ်ပိုင်ခွင့်နှင့်တာဝန်များ၊ အခန်း (၄) အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စုအဖြစ် ကုလသမဂ္ဂက သတ်မှတ်ချက်ကို ကြေညာခြင်းနှင့် ထိန်းချုပ်မိန့်ထုတ်ပြန်ခြင်း၊ အခန်း (၅) သတ်မှတ်ကြေညာခြင်းခံရသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ အသင်းအဖွဲ့ သို့မဟုတ် အုပ်စုများအား အတည်ပြုဖော်ထုတ်ခြင်း၊ အခန်း (၆) စုံစမ်းစစ်ဆေးခြင်းနှင့်အရေးယူခြင်း၊ အခန်း (၇) ကြီးကြပ်ရေးအာဏာပိုင်တို့၏ လုပ်ငန်းတာဝန်များ၊ အခန်း (၈) သတင်းပို့အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်များ၊ အခန်း (၉) ပြည်တွင်းအကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းခြင်း၊ အခန်း (၁၀) သတ်မှတ်ကြေညာခြင်းဆိုင်ရာ မှားယွင်းမှုများကို ပြင်ဆင်သည့် လုပ်ထုံးလုပ်နည်းများ၊ အခန်း (၁၁) ထိန်းချုပ်ထားသည့် ရန်ပုံငွေများအား ရယူသုံးစွဲရန် ခွင့်ပြုခြင်း၊ အခန်း (၁၂) တတိယလူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ အကျိုးစီးပွားအားကာကွယ်ခြင်းနှင့် အငြင်းပွားမှုများအား ဖြေရှင်းခြင်း၊ အခန်း (၁၃) အထွေထွေတို့ဖြစ်သည်။

(သတင်းစဉ်)

ယီမင်ပြည်ထဲရေးရုံးနှင့်သမ္မတအိမ်တော်ဝင်းဆော်ဒီလေယာဉ်များက ပစ်မှတ်ထားတိုက်ခိုက်

ဆာနား စက်တင်ဘာ ၁၉

ဆော်ဒီအာရေဗျဦးဆောင်သော တိုက်လေယာဉ်များက ယီမင်မြို့တော် ဆာနားရှိပြည်ထဲရေးဝန်ကြီးရုံးကို သောကြာနေ့နှောင်းပိုင်းက ပုံးကြဲတိုက်ခိုက်ခဲ့ကြောင်း ဒေသခံသတင်းရင်းမြစ်များက ပြောသည်။

ဖြုတ်ချခံယီမင်သမ္မတ မန်ဆာဟာဒီ၏သစ္စာခံတပ်များနှင့်တိုက်ခိုက်ရေးသမားများ ၂၀၁၄ ခုနှစ် စက်တင်ဘာလက ဟူသီတိုက်ခိုက်ရေးသမားများ သိမ်းယူထားသော မြို့တော်ဆာနားကို ပြန်သိမ်းရန်ကြိုးပမ်းနေချိန် လွန်ခဲ့သော သီတင်းပတ်များက အဆိုပါ ညွှန့်ပေါင်းအဖွဲ့က လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိသည်။

မြို့တော်မြောက်ပိုင်းရှိ ယီမင်ပြည်ထဲရေးဝန်ကြီးရုံးနေရာကို ၁၀ ကြိမ်ခန့်လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း ဒေသခံများက ပြောသည်။

ဆာနားမြို့နေရာအချို့ အဆိုပါ လေကြောင်းတိုက်ခိုက်မှုများကြောင့် ရရှိလာသော ဒဏ်ရာရသူအားလုံးကို ကုသပေးနိုင်သည့် ဆေးဝါးနှင့် ကျန်းမာရေးဝန်ထမ်းများ လုံလောက်မှုမရှိကြောင်း ယီမင်ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဆေးရုံများတွင် ဒဏ်ရာရလူနာများကို ကုသပေးနိုင်သော အခြေခံဆေးဝါးများ မရှိကြောင်း အဆိုပါဝန်ကြီးဌာန၏ ပြောကြားချက်ကို ကိုးကားလျက် ဟူသီထိန်းချုပ် သီတင်းအေဂျင်စီက စနေနေ့တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ တိုက်ခိုက်မှုသည် သမ္မတ၏ခြံဝင်းနှင့် ၂၀၁၁ ခုနှစ်က ဖျက်ဆီးခြင်းခံရသော သမ္မတဟောင်းဆလက်၏ ပါတီအဆောက်အအုံတို့ကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

စနေနေ့နံနက်ပိုင်းတွင် ဆာနားမြို့ဟောင်း ဖူလိဟီ ဒေသကိုလည်းပစ်မှတ်ထားတိုက်ခိုက်ခဲ့ရာ နေအိမ်အချို့ ပျက်စီးသွားခဲ့သည်။

(ရိုက်တာ)

ပါလက်စတိုင်းနှင့်အစ္စရေးအကြမ်းဖက်မှု အနောက်ဘက်ကမ်းဒေသသို့ ပျံ့နှံ့

ဂျေရုဆလင် စက်တင်ဘာ ၁၉

ပါလက်စတိုင်း ဆန္ဒပြသူများနှင့် အစ္စရေးတပ်ဖွဲ့များအကြား အကြမ်းဖက်ပဋိပက္ခများသည် စက်တင်ဘာ ၁၈ ရက်က ဂျေရုဆလင်မြို့ဟောင်းကို ကျော်လွန်ပြီး အနောက်ဘက်ကမ်းခြေဒေသသို့ ပျံ့နှံ့ခဲ့သည်။

အစ္စရေး လုံခြုံရေးတပ်ဖွဲ့များသည် ဂျူးနှင့်မူဆလင်လူမျိုးများ အထွတ် အမြတ်ထားရာ တောင်ထိပ်သို့ သုံးရက်ဆက်တိုက် တက်ရောက်ခဲ့သောကြောင့် ပါလက်စတိုင်း လူမျိုးများနှင့် အာရပ်ကမ္ဘာကို ဒေါသထွက်စရာများ ဖြစ်ပေါ်စေခဲ့သည်။

အဆိုပါ နေရာကို ဂျူးလူမျိုးများက တောင်ပေါ်ဘုရားကျောင်းအဖြစ် ခေါ်ဝေါ်ကြသည်။ သို့သော်လည်း မူဆလင်တို့က အယ်-အာဆာ ဘုရားကျောင်းအဖြစ် ဆုတောင်းမှုများပြုလုပ်လေ့ရှိသည်။ တနင်္ဂနွေနေ့သည် ဂျူးအားလပ်ရက် ပွဲတော်ဖြစ်သည်။ ပါလက်စတိုင်းတို့က ထိုနေရာအတွင်းပိုင်းတွင် ကတုတ်ကျင်းများတူးခဲ့သည်။ ဂျူးအုပ်စုက ယင်းကိုတုံ့ပြန်ရန် တနင်္ဂနွေနေ့တွင် ထိုနေရာသို့ အုပ်စုလိုက်သွားရောက်ခဲ့ကြသည်။ မူဆလင်လူမျိုးများ သောကြာနေ့ဝတ်ပြုပြီးနောက် အကြမ်းဖက်မှုများသည် ဂျေရုဆလင်အရှေ့ပိုင်း ဟီဘရွန်းနှင့် အခြားမြို့များတွင် ဖြစ်ပွားခဲ့သည်။

ပုံးများဖြင့် တိုက်ခိုက်မှုတွင် ပါလက်စတိုင်းလူမျိုး ၂၁ ဦးဒဏ်ရာရရှိခဲ့သည်။ ၄င်းတို့ထဲတွင် အစ္စရေးအရာရှိများလည်း ပါဝင်ကြသည်။

ဂါဇာစစ်သွေးကြွများက စက်တင်ဘာ ၁၈ ရက် နှောင်းပိုင်းတွင် အစ္စရေးတောင်ပိုင်းသို့ ပုံးကျည်နှစ်စင်းပစ်လွှတ်ပြီးနောက် အစ္စရေးဘက်က ဂါဇာကမ်းမြောင်ဒေသကို စက်တင်ဘာ ၁၉ ရက်က ပုံးများဖြင့် ပြန်လည်တိုက်ခိုက်ခြင်းဖြစ်သည်။

လေကြောင်းတိုက်ခိုက်မှုသည် ဟားမားစ် လေ့ကျင့်ရေးစခန်းနှစ်ခုကို ဦးတည်တိုက်ခိုက်ခဲ့ပြီး ဒဏ်ရာရရှိသူမရှိကြောင်း သိရသည်။

(အင်နိုအိတ်ရှ်ကေ)

ဘာကီနာဖာဆိုအာဏာသိမ်းခေါင်းဆောင်များ ကြားဖြတ်သမ္မတနှင့် ဝန်ကြီးများကို ပြန်လွှတ်ပေး

ကွာဒါဒိုဂို စက်တင်ဘာ ၁၉

ဘာကီနာဖာဆို မြို့တော်ကွာဒါဒိုဂို၌ အာဏာသိမ်းခေါင်းဆောင်များက ကြားဖြတ်သမ္မတကို ပြန်လွှတ်ပေးပြီး နယ်စပ်ဒေသများကို ပြန်ဖွင့်လိုက်သော်လည်း မြို့တော်မှာ သောကြာနေ့အထိ မတည်မငြိမ်ဖြစ်နေဆဲဖြစ်သည်။

စစ်အာဏာသိမ်းစဉ် ဖမ်းဆီးထားသော ကြားဖြတ်သမ္မတနှင့် ဝန်ကြီးအချို့ကို ပြန်လွှတ်ပေးရန် သောကြာနေ့က ကြေညာချက်ထုတ်ပြန်ခဲ့ရာ အာဏာသိမ်းခေါင်းဆောင်များက ယင်းတို့သည် အာဏာပိုင်အဖွဲ့ဖြစ်ကြောင်း၊ အမျိုးသားဒီမိုရေစီကောင်စီ (စီအင်နီ)၏ ကြေညာချက်တွင် ဖော်ပြသည်။

သို့သော်လည်း စီအင်နီခေါင်းဆောင် ဗိုလ်ချုပ်ကြီး ဂျီဘတ်ဒီယင်ဒေရီက လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သော အဆိုပါ ကြေညာချက်တွင် ပြန်လွှတ်ပေးသောဝန်ကြီးများအနက် ဝန်ကြီးချုပ် ယာကူသာအစ်ဆက်ဇီဒါ ပါဝင်သည်၊ မပါဝင်သည်ကို အတိအကျမသိရသေးဟု ဆိုသည်။

ကြာသပတေးနေ့ကတည်းက ပိတ်ထားသော အဆိုပါနိုင်ငံ၏ နယ်စပ်ဂိတ်များကို ပြန်လည်ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း အာဏာသိမ်းခေါင်းဆောင်များက သောကြာနေ့တွင် ကြေညာခဲ့သည်။

ဗိုလ်ချုပ်ကြီးဒီယင်ဒေရီဦးဆောင်သော စီအင်နီဒီအဖွဲ့က ဘာကီနာဖာဆို နိုင်ငံတကာထောက်ပံ့ရေးအဖွဲ့နှင့် နောက်လိုက်အုပ်စုများ၏ မေတ္တာရပ်ခံမှုအရ နိုင်ငံတကာ စေ့စပ်ညှိနှိုင်းရေးအဖွဲ့ကိုယ်စားလှယ်အဖွဲ့နှင့်လည်း တွေ့ဆုံခဲ့သည်ဟု ဆိုသည်။

ဗုဒ္ဓဟူးနေ့ ညနေပိုင်းက အမျိုးသားဒီမိုကရေစီ ကောင်စီကို မဖွဲ့စည်းမီ ဘာကီနာဖာဆိုတပ်ဖွဲ့ဝင်များက ကြားဖြတ်သမ္မတ၊ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များကို ဖမ်းဆီးကာ အာဏာသိမ်းခဲ့သည်။

(ဆင်ဟွာ)

သြဂုတ်လတွင် စံချိန်တင်အပူပြင်းဆုံးလဖြစ်ခဲ့

ဝါရှင်တန် စက်တင်ဘာ ၁၉

ပြီးခဲ့သည့် သြဂုတ်လက ကမ္ဘာ့အပူချိန်မှာ ၁၈၈၀ ပြည့်နှစ်ကတည်းကစ၍ အပူပြင်းဆုံးလဖြစ်ခဲ့ကြောင်း အမေရိကန်သမုဒ္ဒရာနှင့် လေထုအုပ်ချုပ်ရေးအဖွဲ့ (အင်နိုအိုအေအေ)၏ လစဉ်အစီရင်ခံစာတွင် ဖော်ပြသည်။

၂၀၁၅ ခုနှစ် သြဂုတ်လ မေပြင်နှင့် သမုဒ္ဒရာပျမ်းမျှအပူချိန်သည် ၂၀ ရာစု ပျမ်းမျှအပူချိန် ၁၅ ဒသမ ၆ ဒီဂရီဆဲလ်စီးရပ်စ် အထက် ၀ ဒသမ ၈၈ ဒီဂရီဆဲလ်စီးရပ်စ်ရှိခဲ့ကြောင်း၊ ယင်းမှာ ၂၀၁၄ ခုနှစ်က စံချိန်တင်ခဲ့သည့် ၀ ဒသမ ၁၉ ဒီဂရီဆဲလ်စီးရပ်စ်ထက်ပိုခဲ့ကြောင်း ယခုသီတင်းပတ်တွင် ထုတ်ပြန်သော အင်နိုအိုအေအေ၏ အစီရင်ခံစာ၌ ဖော်ပြသည်။

၂၀၁၅ ခုနှစ် သြဂုတ်လအပူချိန်သည် ၂၀၀၇ ခုနှစ် ဇန်နဝါရီလ အပူချိန်တို့ တူနေကြပြီး နှစ်ပေါင်း ၁၃၆ နှစ်အတွင်း တတိယမြောက် အပူပြင်းဆုံးလဖြစ်ခဲ့ကြောင်း ၄င်းအစီရင်ခံစာ၌ ဖော်ပြသည်။

အဆိုပါ သြဂုတ်လအတွင်း စံချိန်အမြင့်ဆုံး အပူချိန်ကို တောင်အမေရိကတိုက်တစ်ဝန်း လေ့လာမှုများ ပြုလုပ်ခဲ့သလို အီးယူ၊ အာရှနှင့် အာဖရိက၊ တောင်အမေရိက အစိတ်အပိုင်းဒေသများ၌ လည်း လေ့လာခဲ့ရာ သြဂုတ်လ၏ ပျမ်းမျှအပူချိန်သည် ၁၉၁၀ ပြည့်နှစ်ကတည်းက အပူပြင်းဆုံးလ ဖြစ်သည်ဟု ဆိုသည်။

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ၊ မတ်၊ မေ၊ ဇွန်၊ ဇူလိုင်နှင့် သြဂုတ်လများသည် လစဉ်အပူချိန် စံချိန်တင်မြင့်တက်ခဲ့သည့် လများဖြစ်သည်ဟု အဆိုပါ အစီရင်ခံစာက ဖော်ပြသည်။

(ဆင်ဟွာ)

ဒုက္ခသည်များ ဥရောပသမဂ္ဂနိုင်ငံများသို့ ရောက်ရှိရန်ကြိုးစား

ဆီးရီးယားအများစုပါဝင်သော ရာဂဏန်းရှိဒုက္ခသည်များသည် စက်တင်ဘာ ၁၈ ရက်က တူရကီနိုင်ငံ အက်ဒီရင်းမြို့အနီး ဂရိနှင့် ဘူဂေးရီးယားတို့နှင့် နယ်စပ်ချင်းထိစပ်လျက်ရှိသော တူရကီ အနောက်ဘက် နယ်စပ်ဒေသတစ်လျှောက် ခရီးတက်နေကြပြီး ဥရောပသို့ ရောက်ရှိရန် ကြိုးစားနေစဉ်။

(၄င်းတို့ကို တူရကီအာဏာပိုင်များက မြို့တော်ခန်းမသို့မရောက်မီ တားဆီးခဲ့သည်။ ဒုက္ခသည်များသည် ဥရောပနိုင်ငံများသို့ရောက်ရှိရန် တူရကီရှိ အနောက်မြောက်ပြည်နယ် အက်ဒီရင်းတွင် လယ်ကွင်းပြင်များ၊ ချုံပုတ်များထဲတွင် အိပ်စက်၍ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေရသည်။)

(ဓာတ်ပုံ-အေပီ)

ဓမ္မသုခ ကန်ဦးရွှေစည်းခုံစေတီတော် ရွှေထီးတော်တင် ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနား နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်ကြည်ညိုပြီး မိတ္ထီလာကန် ပြန်လည်တူးဖော်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၁၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့သို့ ရောက်ရှိကြပြီး မိတ္ထီလာကန် ပတ်လမ်းပေါ်ရှိ ကျန်းမာရေးဆိုင်ရာ အားကစားပစ္စည်းများ တပ်ဆင်ပြုလုပ်ထားရှိမှုတွင် ဒေသခံပြည်သူများ လေ့ကျင့်ခန်းပြုလုပ်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် မိတ္ထီလာမြို့ ဓမ္မသုခကန်ဦးရွှေစည်းခုံစေတီတော် ရွှေထီးတော်တင် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညိုသည်။

အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အမျှူးပြုသော ဦးပရိသတ်တို့က မိတ္ထီလာမြို့ကိုးနဝင်း ပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာ ဂန္ဓဝါစက ပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုမနထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ရတနာစိန်ဖူးတော်၊ ဌက်မြတ်နားတော်၊ ရွှေထီးတော်ဘုံ ဆင့်များနှင့် လျှုဖွယ်ဝတ္ထုပစ္စည်းများကို ဆရာတော်၊ သံယာတော်များထံ ဆက်ကပ်လျှုဒါန်းကြသည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသူများက နိုင်ငံတော် ဩဝါဒါစရိယ၊ မိတ္ထီလာမြို့ အာသောကာရုံ ရေလည်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဧ ဘဒ္ဒန္တလာဘာဝတထံမှ ရေစက်ချ အနုမောဒနာတရား နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် ဧည့်ပရိသတ်များက ရတနာစိန်ဖူးတော်၊ ဌက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံကိုပင့်ဆောင်ပြီး စေတီတော်အား လက်ယာရစ်သုံးပတ်လှည့်လည်ပူဇော်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဧည့်ပရိသတ်များက ရတနာစိန်ဖူးတော်၊ ရွှေထီးတော်ဘုံဆင့်နှင့် ရတနာဌက်မြတ်နားတော်တို့ကို မင်္ဂလာရထားပျံဖြင့် တင်လျှုပူဇော်ကြရာ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ဦးအုန်းမြင့်၊ ဦးမြင့်လှိုင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်တို့က စေတီတော်အထွတ်သို့ တင်လျှုပူဇော်ကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက စေတီတော်အနောက်တောင်ထောင့်၌ ဗောဓိညောင်ပင်ကို စိုက်ပျိုးပေးသည်။

ထို့နောက် ဆရာတော်၊ သံယာတော်များက စေတီတော်အား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများ၊ မြို့မိ မြို့ဖများ၊ ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့သည် မိတ္ထီလာကန် ပြန်လည်တူးဖော်ထားရှိမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မေ ၂၃ ရက်က မိတ္ထီလာ(မြောက်) ကန် ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိခဲ့ပြီး ဒေသခံမြို့လူထု ရေရရှိရေးတွင် များစွာအကျိုးပြုပြီး ခေတ်အဆက်ဆက်က သမိုင်းအစဉ်အလာရှိခဲ့သည့် ဤရေကန်ကြီးကို ဒေသခံလူထုအတွက် ပြုပြင်ပေးခြင်းဖြစ်ကြောင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများ ပြီးစီးသွားသည့်အခါတွင်လည်း ဒေသခံပြည်သူများက ပိုင်းဝန်းကူညီထိန်းသိမ်း စောင့်ရှောက်ပေးသွားကြစေလိုကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိတ္ထီလာမြို့ ဓမ္မသုခကန်ဦး ရွှေစည်းခုံစေတီတော်အထွတ်၌ တင်လျှုမည့် ရတနာစိန်ဖူးတော်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းစဉ်။ (ပြန်/ဆက်)

မိတ္ထီလာ(မြောက်)ကန် ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းကို သတ်မှတ်အချိန်အတွင်း အထူးစီမံကိန်းအသွင်ဖြင့် စက်ယန္တရားအင်အား အလုံးအရင်း အသုံးပြုဆောင်ရွက်ခဲ့ရာ ကန်အတွင်း သဲနုန်းတူးဖော်ခြင်း၊ ကန်ပေါင်များဖိုခြင်းနှင့် ကန်ပေါင်အသစ် ပြုလုပ်ခြင်း၊ ဆင်ခြေလျှောလှိုင်းကာ ကျောက်ရိုးစီခြင်း၊ ရေထိန်းတံခါးနှင့် ကန်ခြားရေတံခါးများ ပြုပြင်ခြင်းစသည့် စီမံကိန်းလုပ်ငန်းအားလုံး ယခုအခါ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

အဆိုပါ မိတ္ထီလာ(မြောက်)ကန်ကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရန်ပုံငွေမှ ငွေကျပ် ၇၉၉၅ သန်း အသုံးပြုပြီး ၂၀၁၅ ခုနှစ် မေလအတွင်း အကြိုစူးစမ်းတိုင်းတာမှုများ ပြုလုပ်၍ စက်ယန္တရားအင်အား အစီး ၄၀၀ ဖြင့် ပြန်လည်ပြုပြင်တူးဖော်ဆောင်ရွက်ခဲ့ရာ ပြန်လည်တူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ အားလုံးဆောင်ရွက်ပြီးစီးခဲ့သည့် အတွက် ရေသိုလှောင်နိုင်မှု ပမာဏ ၇၂၀၀ ဧကပေခန့်ရှိလာပြီး မိုးစပါး ၆၆၅၅ ဧကနှင့် နွေစပါး ၆၉၅ ဧက စုစုပေါင်း ၇၃၅၀ ဧကအား ရေလုံလောက်စွာ ပေးဝေနိုင်မည်ဖြစ်သည်။

ထို့အပြင် မိတ္ထီလာမြောက်ကန် ရေဝင်ချောင်းများအနီးရှိ မြင်သာကျေးရွာ၊ သဲတောကျေးရွာ၊ ရွာမကျေးရွာ၊ လက်ပံခါးကော့ကျေးရွာနှင့် ရှင်မြို့ကျေးရွာများ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်နိုင်မည်ဖြစ်ခြင်း၊ ဒေသခံပြည်သူများနှင့် ကျွဲ နွား၊ တိရစ္ဆာန်များ သောက်သုံးရေဖူလုံစွာရရှိခြင်း၊ အပူပိုင်းဒေသဖြစ်သည့် မိတ္ထီလာမြို့နယ်အတွင်း စိမ်းလန်းစိုပြည်သာယာလာပြီး ပြည်သူလူထု၏ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး စသည်တို့ ဖွံ့ဖြိုးတိုးတက်လာခြင်း စသည့်အကျိုးကျေးဇူးများလည်း ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မိတ္ထီလာကန်ပတ်လမ်းပေါ်ရှိ ကျန်းမာရေးဆိုင်ရာ အားကစားပစ္စည်းများ တပ်ဆင်ပြုလုပ်ထားရှိမှုတွင် ကလေးငယ်များဆော့ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။ (ပြန်/ဆက်)

ဂုဏ်ပြုသန့်ရှင်းရေး ဆောင်ရွက်

သထုံ စက်တင်ဘာ ၁၉

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် သထုံခရိုင် ရဲတပ်ဖွဲ့မျှူး ဒုတိယရဲမျှူးကြီး ခင်မောင်မြင့်ဦးစီးသည့် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ သထုံမြို့နယ် ရဲတပ်ဖွဲ့မျှူး ရဲမျှူးကျော်မင်း၊ စခန်းမျှူးများ ဦးဆောင်သော တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များသည် စက်တင်ဘာ ၁၉ ရက် နံနက် ၇ နာရီခွဲကစတင်၍ သထုံမြို့ ကျက်သရေဆောင် သမိုင်းဝင် ရွှေစာရံစေတီတော်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

နန္ဒကျော်စွာ

မှုခင်းလျှောနည်းကျဆင်းရေး ဟောပြော

ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန်အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ် အထက(၄)၌ စက်တင်ဘာ ၁၅ ရက်က မြို့နယ်ရဲတပ်ဖွဲ့မျှူးသန်းနိုင်က မှုခင်းလျှောနည်းကျဆင်းရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်ကင်းစင်ရေး၊ သုံးစွဲမှုမရှိစေရေး ဟောပြောဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ခေတ်သစ်စိုက်ပျိုးရေးနည်းပညာစံပြစိုက်ခင်းကို ကြည့်ရှုလေ့လာ

နန်နင်း စက်တင်ဘာ ၁၉

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ကျင်းပသည့် (၁၂)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲနှင့် တရုတ်-အာဆီယံ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုထိပ်သီး အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီးနောက် ယနေ့နံနက်ပိုင်းတွင် နန်နင်းမြို့ရှိ ခေတ်သစ်စိုက်ပျိုးရေးနည်းပညာ စံပြစိုက်ခင်းနှင့် ကွမ်ရှီးတိုင်းရင်းသား လူမျိုးစုတက္ကသိုလ်များသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ဒေသစံတော်ချိန် ၈ နာရီ ၄၅ မိနစ်တွင် နန်နင်းမြို့ရှိ ခေတ်သစ်စိုက်ပျိုးရေးနည်းပညာ စံပြစိုက်ခင်းသို့ရောက်ရှိပြီး Green house စနစ်ဖြင့် သိပ္ပံနည်းကျစိုက်ပျိုးထားသော ပန်းမန်နှင့် သီးနှံစိုက်ခင်းများကို လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် အဆိုပါစိုက်ခင်း၌ အထိမ်းအမှတ်အဖြစ် ဟွာပန်းပင်ကို စိုက်ပျိုးပေးခဲ့ပြီး စိုက်ခင်းမှတာဝန်ရှိသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် ကွမ်ရှီးတိုင်းရင်းသား လူမျိုးစုတက္ကသိုလ်သို့ ရောက်ရှိရာ ပါမောက္ခချုပ်နှင့် ကျောင်းသား ကျောင်းသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် အဆိုပါတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် တက္ကသိုလ် အစည်းအဝေးခန်းမ၌ တွေ့ဆုံရာ ပါမောက္ခချုပ် မစ္စတာ ရှဲ့ဆန့်ကော်က တက္ကသိုလ်၏ နောက်ခံသမိုင်းအကျဉ်း၊ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူ အင်အား၊ ဘာသာရပ်များသင်ကြားပို့ချမှုနှင့် နှစ်အလိုက် ဘွဲ့ရပညာတတ်များ မွေးထုတ်ပေးနိုင်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယသမ္မတက ဘာသာရပ်များ သင်ကြားပို့ချမှု၊ အလုပ်အကိုင်အခွင့်အလမ်း၊ ပညာတော်သင် စေလွှတ်မှုဆိုင်ရာများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် တက္ကသိုလ်သမိုင်းပြတိုက်နှင့် တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယသမ္မတသည် အဆိုပါတက္ကသိုလ်မှ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ မြန်မာဘာသာ သင်ယူနေသည့် ကျောင်း သား ကျောင်းသူများနှင့် အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နန်နင်းမြို့ရှိ ခေတ်သစ်စိုက်ပျိုးရေး နည်းပညာစံပြစိုက်ခင်း၌ Green house စနစ်ဖြင့် သိပ္ပံနည်းကျ စိုက်ပျိုးထားသော ပန်းမန်နှင့်သီးနှံစိုက်ခင်းများကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ပြန်လည်ထွက်ခွာရန် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲတွင် နန်နင်းအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကွန်မြူနစ်ပါတီကော်မတီ အမြဲတမ်းကော်မတီဝင် ကွန်မြူနစ်ပါတီကော်မတီ ပြန်ကြားရေးဌာနဥက္ကဋ္ဌ မစ္စတာ ရှန်ပေဟိုင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်း၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးမြင့်ထွန်းနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့သည် အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာလာရာ ညနေ ၄ နာရီ မိနစ် ၂၀ တွင် နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိစဉ် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ဒုတိယသမ္မတနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ကချင်ပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဒေါက်တာခင်မောင်ထွန်း၊ ရှမ်းပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးအောင်ကျော်ညွှန့်တို့လည်း ပြန်လည်လိုက်ပါလာကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး ပြည်ထောင်စုနယ်မြေအတွင်း မဲစာရင်းကပ်ထားကြေညာမှုကို သွားရောက်ကြည့်ရှု

နေပြည်တော် စက်တင်ဘာ ၁၉

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် အဖွဲ့ဝင် ဦးမြင့်နိုင်၊ အတွင်းရေးမှူး ဦးတင်ထွန်းနှင့် ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စု နယ်မြေအတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲစာရင်းကပ်ထားကြေညာမှုကို လိုက်လံကြည့်ရှုသည်။

ရှေးဦးစွာ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်ထက်ကျော်က မဲစာရင်းကပ်ထား ကြေညာမှုနှင့်စပ်လျဉ်း၍ ပုံစံ(၃)၊ ပုံစံ(၄)၊ ပုံစံ(၄-ဂ) ဖြင့် လျှောက်ထားမှု၊ ပုံစံ(၃-က)ဖြင့် လျှောက်ထားမှု၊ မဲရုံအရေအတွက်၊ မဲရုံအဖွဲ့ဝင်အရေအတွက်၊ အခြေခံမဲစာရင်းနှင့် နောက်ဆုံးအကြိမ် မဲစာရင်းနှိုင်းယှဉ်ချက်တို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ပုံစံ(၃-က)ဖြင့် လျှောက်ထားမှုမှာ ဝန်ထမ်းအင်အားနှင့် နှိုင်းယှဉ်ပါက နည်းနေသဖြင့် ကော်မရှင်အဖွဲ့ခွဲ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် အစိုးရဝန်ကြီးဌာနများမှ ဝန်ထမ်းများအနေဖြင့် မဲပေးခွင့်မဆုံးရှုံးရအောင် ပုံစံ(၃-က)ဖြင့် လျှောက်ထားရေး အသိပေးဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒဂ္ဂီဏာခရိုင်၊ ပျဉ်းမနားမြို့နယ် ရွှေချီရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် မဲစာရင်းကပ်ထားမှုကို သွားရောက်ကြည့်ရှုပြီး မဲစာရင်းကြည့်ရှုချိန်တွင် တာဝန်ပေးထားသူ သုံးဦး အနေဖြင့် မဲဆန္ဒရှင်များ လွယ်ကူစွာ ရှာဖွေနိုင်ရေးအတွက် ကူညီဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် အလျင်လိုကျေးရွာအုပ်စု၊ ဒဂ္ဂီဏာသီရိမြို့နယ် ရွာမကျေးရွာအုပ်စု၊ လယ်ဝေးမြို့နယ် သက်ကယ်ကျင်းကျေးရွာအုပ်စုများသို့ သွားရောက်ပြီး ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများအား မဲဆန္ဒရှင်များအနေဖြင့် လွယ်ကူစွာရှာဖွေနိုင်ရန် မဲစာရင်းတွင် လမ်းအမည်နှင့် အကွာရာညွှန်းများကို ထင်သာမြင်သာ ရေးသားထားရန်၊ ပုံစံ(၃)၊ ပုံစံ(၄)၊ ပုံစံ(၄-ဂ) တို့ဖြင့် လျှောက်ထားခြင်းကို ချက်ချင်းဆောင်ရွက်မှတ်တမ်းပြုလုပ်ထားရန်နှင့် ပုံစံ(၃-က) ဖြင့် လျှောက်ထားမှုစာရင်းကိုလည်း စနစ်တကျဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ တပ်မတော်သားများနှင့် အိမ်ထောင်စုဝင်မိသားစု မဲစာရင်းများပါဝင်သည့် ဥတ္တရသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ဘုရင့်နောင်ရပ်ကွက် မဲစာရင်းကပ်ထားမှုကို သွားရောက်ကြည့်ရှုခဲ့ပြီး မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ တာဝန်ပေးအပ်ရာတွင် မိသားစုဝင်များထဲမှ ဝန်ထမ်းများကို တာဝန်ပေးရန်နှင့် အမှန်တကယ် လုံခြုံရေးတာဝန်ထမ်းဆောင်နေသူများကိုသာ ကြိုတင်မဲပေးစေရန်၊ ကျန်တပ်မတော်သားများ၊ အိမ်ထောင်စုဝင်များ မဲရုံသို့ ကိုယ်တိုင်လာရောက်မဲပေးရန် မှာကြားသည်။

ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများသို့ ရောက်ရှိစဉ် မဲစာရင်းလာရောက်ကြည့်ရှုနေသည့် ပြည်သူလူထုနှင့် တွေ့ဆုံ၍ မဲစာရင်းကြည့်ရှုရာတွင် အခက်အခဲ ရှိ/ မရှိ၊ အမှားအယွင်းရှိ/ မရှိနှင့် အမည်ကျန်နေမှု ရှိ/ မရှိတို့ကို မေးမြန်းပြီး မဲစာရင်းကို မည်သို့ကြည့်ရှုရှာဖွေရမည်ကို မဲဆန္ဒရှင်များအား အသိပေးကာ မဲစာရင်းတွင် အမည်ပါမှသာ မဲပေးနိုင်မည်ဖြစ်ကြောင်း၊ အမည်မပါရှိပါက ပုံစံ(၃)ဖြင့် လျှောက်ထားရေး၊ မပါသင့်သူ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ပယ်ဖျက်ရေး၊ အမှားများရှိပါက ပုံစံ(၄-ဂ)ဖြင့် လျှောက်ထားရေး၊ အမှားရှိသော်လည်း မဲပေးခွင့်ရှိမည်ဖြစ်ပြီး မဲစာရင်းတွင် အမည်စာရင်းပါရှိရေးမှာ အဓိကဖြစ်သည်ကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့နယ်အတွင်းရှိ မဲစာရင်းများကို လှည့်လည်စစ်ဆေး

ကျောက်မဲ စက်တင်ဘာ ၁၉

ရှမ်းပြည်နယ် ကျောက်မဲမြို့၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများကို မဲပေးပိုင်ခွင့်မဆုံးရှုံးနိုင်စေရန်အတွက် ပြုပြင်ပြီး၍ ပြန်လည်ကပ်ထားသော မဲစာရင်းမှန်ကန်စေရေးနှင့် ပြည်သူများမဲစာရင်းအပေါ် အလေးထားကြည့်ရှုနိုင်စေရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့က စက်တင်ဘာ ၁၉ ရက်တွင် မဲစာရင်းကပ်ထားသောနေရာများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကျောက်မဲမြို့နယ်၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်း ၁၂၃၅၅ ဦးရှိပြီး မဲရုံပေါင်း ၁၀၉ ရုံရှိကြောင်း သိရသည်။

မြင့်အောင်

တပ်မတော်၏သက်သာချောင်ချိရေး ရန်ပုံငွေတို့ဖြင့် စစ်မှုထမ်းဟောင်းအိမ်ရာများကို ဆောက်လုပ်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၉

မြန်မာနိုင်ငံလွတ်လပ်ရေး ရရှိသည်အထိ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် စစ်သည်များ၊ လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံတည်ငြိမ်အေးချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့်စစ်သည်များ အသက်အရွယ်ကြီးရင့်လာချိန်တွင် တွေ့ကြုံနေရသည့် အခက်အခဲများကို ကူညီ ဆောင်ရွက်ပေးနိုင်ခြင်းသည် "မင်္ဂလာ" နှင့် ညီညွတ်ပါကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဒဂ္ဂီဏာသီရိမြို့နယ် ရွှေကြာပင်လမ်းနှင့် ရတနာမဏ္ဍိုလမ်းဆုံရှိ "ကရုဏာကမ္ဘာ" ဘိုးဘွားရိပ်သာဆောက်လုပ်မည့် မြေနေရာ၌ ပြုလုပ်သည့် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် ပြောကြားသည်။

အဆိုပါ ဘိုးဘွားရိပ်သာ တည်ဆောက်ရန် အလှူငွေပေးအပ်ပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် တပ်မတော်အရာရှိကြီးများ၊ အလှူရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးက ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ ဆောက်လုပ်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်(အငြိမ်းစား)က ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ ဆောက်လုပ်ရခြင်းရည်ရွယ်ချက်နှင့် လုပ်ဆောင်မည့် အစီအမံများကိုပြောကြားပြီး အလှူငွေလှူဒါန်းခြင်းအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် အလှူရှင်များက ကရုဏာကမ္ဘာဘိုးဘွားရိပ်သာအတွက် အလှူငွေများပေးအပ်ရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည် (အငြိမ်းစား) တို့က လက်ခံရယူသည်။ **(အပေါ်ပုံ)**

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် စစ်မှုထမ်းဟောင်းများသည် မိမိတို့တပ်မတော်၏ မိဘများ၊ နောင်တော်များပင် ဖြစ်ပါကြောင်း၊ တိုင်းပြည်အတွက် ပေးအပ်ခဲ့သူ၊ ပေးဆပ်ခဲ့သူများပင် ဖြစ်ကြောင်း၊ သို့ဖြစ်၍ အငြိမ်းစားယူသွားကြသည့် စစ်မှုထမ်းဟောင်းများနှင့် ယင်းတို့၏ မိသားစုဝင်များကို ကူညီစောင့်ရှောက်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတိုင်းတွင်လည်း စစ်မှုထမ်းဟောင်းများအတွက် ခံစားခွင့်များ ဆောင်ရွက်ပေးကြပါကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၅ ခုနှစ် သြဂုတ်လ စာရင်းဇယားများအရ အရာရှိအငြိမ်းစား ၉၁၁၂ ဦး၊ အခြားအဆင့် အငြိမ်းစား ၁၀၁၀၈၈ ဦးနှင့် မှီခိုသူ သားသမီးများစွာရှိကြောင်း၊ တိုက်ပွဲတွင် နိုင်ငံတော်အတွက် အသက်ပေးဆပ်ခဲ့သူနှင့် ထိခိုက်ဒဏ်ရာရရှိသူများကို သာမန်အားဖြင့် နိုင်ငံတော်က အစိတ်အပိုင်းတစ်ခုအနေဖြင့် ထောက်ပံ့ပေးမှုများရှိကြောင်း၊ ရိုးရိုးသက်ပြည့်အငြိမ်းစားယူသွားသူများ၊ နုတ်ထွက်သွားသူ အငြိမ်းစားများအနေဖြင့် ခံစားခွင့်နည်းပါးနေသည်ကို တွေ့ရှိရကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင်လည်း ပါရှိသည့်အတွက် လွတ်တော်တွင် ဥပဒေတင်သွင်းထားရှိကြောင်း၊ စစ်မှုထမ်းဟောင်းများအနေဖြင့် အခက်အခဲများရှိနေသည်ကို ကြားသိရပြီး အမှန်တကယ် ခက်ခဲသူများရှိသကဲ့သို့ နိုင်ငံရေးအရ ထိုးနှက်မှုများလည်းရှိကြောင်း၊ တပ်မတော်သမိုင်းနှင့် နိုင်ငံတော်၏သမိုင်းသည် ခွဲခြား၍ မရကြောင်း၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနိုင်ရန် တပ်မတော်က စတင်ပေးခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်အတွက် တပ်မတော်သားများ၏ဘဝပေးဆပ်မှု များစွာရှိခဲ့ကြောင်း၊ လောက်ကိုင်ဒေသဖြစ်စဉ်တွင် ပြည်သူများက တပ်မတော်ကို တစ်ခဲနက်ထောက်ခံပြီး တိုက်ပွဲတွင် ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့သူများကို လျှဒါန်းထောက်ပံ့ပေးခဲ့ကြောင်း၊ ၎င်းတွေနှင့် တပ်မတော်၏သက်သာချောင်ချိရေးရန်ပုံငွေတို့ဖြင့် စစ်မှုထမ်းဟောင်းအိမ်ရာများကိုလည်း ဆောက်လုပ်ပေးလျက်ရှိကြောင်း၊ တပ်မတော်တွင် တာဝန်ထမ်းဆောင်နေကြသည့် တပ်မတော်သားများ တိုင်းပြည်တာဝန်ထမ်းဆောင်ရာတွင် နောက်ဆံမတင်းစေရန် လိုအပ်ကြောင်း၊ ထို့ကြောင့် စစ်မှုထမ်းဟောင်းများကို စောင့်ရှောက်ကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

၎င်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ ဆောက်လုပ်မည့်ပုံစံများကို ကြည့်ရှုကြပြီး အလှူရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ကရုဏာ ဘိုးဘွားရိပ်သာကို စုစုပေါင်းမြေကေ ၁၉ ဒသမ ၄၆ ဧကပေါ်၌ ရွှေတိဂုံပုံတူစေတီတော် တစ်ဆူ၊ ဓမ္မာရုံတစ်ရုံ၊ အုပ်ချုပ်ရေးရုံးတစ်ရုံး၊ ဧည့်ဆောင်တစ်ဆောင်၊ ဆေးခန်းတစ်ခန်း၊ အပန်းဖြေဆောင်တစ်ဆောင်၊ အဘိုးအဘွားဆောင်၊ မသန်စွမ်းလူပျိုဆောင်နှင့် ကျဆုံးပုဂ္ဂိုလ်များ၏ဇနီးများဆောင် ၁၅ လုံး၊ ဘိုးဘွား ၁၀ ခန်းတွဲရိပ်သာ သုံးလုံး၊ ခြောက်ခန်းတွဲ ဝန်ထမ်းအိမ်ရာ ခြောက်လုံး၊ ထမင်းစားဆောင်နှင့် မီးဖိုချောင်တစ်လုံးတို့ကို တည်ဆောက်သွားမည်ဖြစ်ပြီး ယနေ့ အလှူငွေပေးအပ်ပွဲတွင် တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများ၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်(အငြိမ်းစား) မိသားစု၊ ကဘ္ဘောဇအုပ်စု အနာဂတ်အလင်းတန်း မြန်မာဖောင်ဒေးရှင်း၊ Gateways Group of Companies မိသားစု၊ Amazing ကုမ္ပဏီလီမိတက် မိသားစု၊ မက်(စ်)မိသားစု၊ ချန်ဟီန်းကုမ္ပဏီလီမိတက်မိသားစု၊ ဒေါက်တာထွန်းမင်းလတ်၊ အောင်မြင်သူကုမ္ပဏီလီမိတက်၊ ထူးဖောင်ဒေးရှင်းမိသားစု၊ ဦးဂျွန်နသန်၊ Sky One & Lucky Man ကုမ္ပဏီလီမိတက်မိသားစု၊ Golden City ကုမ္ပဏီလီမိတက်၊ Authentic ကုမ္ပဏီလီမိတက် မိသားစု၊ Paramount Image ကုမ္ပဏီလီမိတက်တို့က အလှူငွေစုစုပေါင်း ငွေကျပ် ၂၀၂၆ သန်း ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နေပြည်တော်ပုဗ္ဗသီရိမြို့နယ် နဝေးရပ်ကွက်၌ ဆောက်လုပ်လျက်ရှိသော စစ်မှုထမ်းဟောင်းအဆင့်မြင့်အိမ်ရာ စီမံကိန်းဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စစ်မှုထမ်းဟောင်းအဆင့်မြင့်အိမ်ရာစီမံကိန်း၌ အရာရှိကြီး နေအိမ်နှစ်ခန်းတွဲ လေးထပ်နှစ်လုံး၊ အရာရှိငယ်နေအိမ် နှစ်ခန်းတွဲ လေးထပ် လေးလုံး၊ အခြားအဆင့်စစ်သည်နေအိမ် နှစ်ခန်းတွဲ လေးထပ် ၁၀ လုံး စုစုပေါင်း ၁၆ လုံးကို ၂၀၁၅ ခုနှစ် မေ ၂၃ ရက်က စတင်ဆောက်လုပ်ခဲ့ရာ ယနေ့အထိ ၆၉ ရာခိုင်နှုန်း ဆောက်လုပ်ပြီးစီးပြီဖြစ်သည်။

အလားတူ စစ်မှုထမ်းဟောင်းအဆင့်မြင့်အိမ်ရာများကို တည်ဆောက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်၌ အရာရှိကြီး နေအိမ် နှစ်ခန်းတွဲ သုံးထပ်နှစ်လုံး၊ အရာရှိငယ်နေအိမ် နှစ်ခန်းတွဲ သုံးထပ်လေးလုံးနှင့် အခြားအဆင့် နေအိမ်နှစ်ခန်းတွဲသုံးထပ် ၁၇ လုံး တည်ဆောက်မှုတွင် ပြီးစီးမှု ၉၀ ရာခိုင်နှုန်း၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၌ အရာရှိကြီး နေအိမ် နှစ်ခန်းတွဲသုံးထပ်နှစ်လုံး၊ အရာရှိငယ်နေအိမ် နှစ်ခန်းတွဲ သုံးထပ်လေးလုံးနှင့် အခြားအဆင့် နေအိမ် နှစ်ခန်းတွဲ သုံးထပ် ၁၇ လုံး တည်ဆောက်မှုတွင် ပြီးစီးမှု ၈၂ ရာခိုင်နှုန်း၊ လားရှိုးမြို့၌ အရာရှိငယ်နေအိမ် နှစ်ခန်းတွဲ နှစ်ထပ်လေးလုံး၊ အခြားအဆင့်နေအိမ်နှစ်ခန်းတွဲနှစ်ထပ် ၃၈ လုံး တည်ဆောက်မှုတွင် ပြီးစီးမှု ၃၇ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း အဆင့်မီစွာ ဆောက်လုပ်ပြီးစီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

ငါးမျိုးထိန်းသိမ်းခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန် ရေဆင်းဆည်အတွင်း နှစ်စဉ် ငါးမျိုးများစိုက်ထည့်

နေပြည်တော် စက်တင်ဘာ ၁၉

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊လေ)မိသားစုများ၏ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ယနေ့ညနေ ၅ နာရီခွဲတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ ရေဆင်းဆည်၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့တက်ရောက်၍ ငါးမျိုးများ စိုက်ထည့်ပေးသည်။ **(ယာယုံ)**

အဆိုပါအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ အရာရှိ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးတို့သည် သတ်မှတ်နေရာ၌ ငါးမျိုးများကို ဦးဆောင်စိုက်ထည့်ပေးသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)နှင့်ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသူများက သတ်မှတ်နေရာအသီးသီး၌ ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

ယနေ့ကျင်းပ ပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားတွင် ငါးမြစ်ချင်းအကောင်ရေ ကိုးသောင်းခွဲကို ရေဆင်းဆည်အတွင်းသို့ စိုက်ထည့်ခဲ့သည်။

ငါးသယံဇာတ ပျောက်ကွယ်ပြန်းတီးခြင်းမရှိရန်၊ ငါးမျိုးထိန်းသိမ်းခြင်းဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် အထောက်အကူပြုရန်အတွက် ၂၀၁၁ ခုနှစ်မှစတင်၍ ရေဆင်းဆည်အတွင်း နှစ်စဉ် ငါးမျိုးများစိုက်ထည့်ခဲ့ကြရာ ယနေ့အထိ ထိုင်းငါးခုံးမ၊ ငွေရောင်ငါးကြင်း၊ ငါးမြစ်ချင်းနှင့် မြက်စားငါးကြင်း အပါအဝင် ငါးမျိုးစုံကောင်ရေ ၃၇၈၀၀၀ ကို စိုက်ထည့်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

သထုံမြို့နယ် သုဝဏ္ဏဝတီမြို့ ကျိုကြော်ရပ်ကွက်၌ စက်တင်ဘာ ၁၈ ရက်က မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကားလမ်းပေါ် ရေနှစ်ပေအထိ မြင့်တက်လာသည်ကို တွေ့ရစဉ်။

(ဓာတ်ပုံ-ခွန်ဝင်းပ)

ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလျှင်ငွေနှင့်ပစ္စည်းများ ပေးအပ်လျှက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၉

မြန်မာနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးသင့်ပြည်သူများအတွက် အလျှင်ငွေနှင့် ပစ္စည်းများကို နေပြည်တော်ရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ် ဦးစီးမှူးရုံးများသို့ လာရောက်လျှဒါန်းလျက်ရှိရာ စက်တင်ဘာ ၁၉ ရက်တွင် နှလုံးလှလက်များ စေတနာရှင်အဖွဲ့က အလျှင်ငွေကျပ် ၅၀၀၀၀၀ လျှဒါန်းရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က လက်ခံယူကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

သို့ဖြစ်၍ ဇူလိုင် ၂၉ ရက်မှ စက်တင်ဘာ ၁၉ ရက်အထိ အလျှုရရှိငွေ စုစုပေါင်းမှာ ငွေကျပ် ၃၉၅၃၉၃၃၀၀၊ အမေရိကန်ဒေါ်လာ ၂၁၆၂၄၁၄ ဒသမ ၁၁ ဖြစ်ပြီး အဆိုပါ လက်ခံရရှိသော အလျှင်ငွေနှင့်ပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေဘေးသင့်တောင်သူများအား ထောက်ပံ့ငွေများပေးအပ်

ကျောက်ဖြူ စက်တင်ဘာ ၁၉

ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖူလုံရေး၊ ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်နိုင်ရေးကို ရည်ရွယ်၍ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်၌ ဇူလိုင်လအတွင်းက ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားခဲ့သော ကျေးရွာအုပ်စု ၆၁ စုအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သော ထောက်ပံ့ငွေများပေးအပ်ခြင်း အခမ်းအနားကို စက်တင်ဘာ ၁၆ ရက် နံနက် ၉ နာရီက ကျောက်ဖြူမြို့ ရမ္မာဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ဖြူမြို့ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်သူဦးက အမှာစကားပြောကြားပြီး မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့ဝင်များက မိုးစပါးပျက်စီးမှုအခြေအနေများနှင့် ထောက်ပံ့ငွေပေးအပ်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မိုးစပါးပြန်လည်စိုက်ပျိုးခြင်းအတွက် တစ်ဧက မိုးစပါးတစ်တင်းလျှင် ငွေကျပ် ၇၀၀၀ နှုန်းဖြင့် မိုးစပါး ၄၁၁၅ ဧကအတွက် ငွေကျပ် ၂၈၈၀၅၀၀၀ ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

မြစ်ရေကြီးမှုအခြေအနေ

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေခွဲခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီး အထက်သို့ ကျော်လွန်နေသည်။ နောက်လေးရက်အတွင်း ပေတက်ခန့်ကျဆင်းနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတိုင်းထွာချက်များအရ ဝဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေကာ နောက်ခုနစ်ရက်အတွင်း ပေတက်ခန့် ကျဆင်းနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ဟင်္သာတခရိုင် (ဧရာဝတီမြစ်) အတွင်းနှင့် ဝဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်း အနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဧလ)

ပုသိမ်မြို့ ကမ်းနားလမ်းရပ်ကွက်များ ရေများစဝင်

ပုသိမ် စက်တင်ဘာ ၁၉

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက ဝဝန်မြစ်ရေသည် ဒုတိယအကြိမ်မြင့်တက်လာရာ ကမ်းနားလမ်း အမှတ်(၁)ရပ်ကွက်၊ အမှတ်(၂)ရပ်ကွက် အနိမ့်ပိုင်းနေရာများတွင် ရေများဝင်ရောက်လျက်ရှိသည်။

ပြီးခဲ့သည့် ဇူလိုင်လနှင့် သြဂုတ်လများတွင်လည်း မိုးသည်းထန်စွာရွာသွန်းကာ ဝဝန်မြစ်ရေမြင့်တက်လာမှုကြောင့် မြို့ပေါ်ရပ်ကွက်တချို့ ရေကြီးနစ်မြုပ်မှု ဖြစ်ပေါ်ခဲ့ပြီး ရေဘေးကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မောင်မောင်မြင့်(ပြန်/ဆက်)

လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် စက်တင်ဘာ ၁၉

ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်း၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏အရှိန်ကြောင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့၌ မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။

မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်၍ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရှောင်ရှားကြပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဧလ)

တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာသွန်းမည့် အခြေအနေ

နေပြည်တော် စက်တင်ဘာ ၁၉

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ စက်တင်ဘာ ၂၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တို့၌ နေရာအနှံ့အပြား၊ ကယားပြည်နယ် ၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့၌ နေရာစိပ်စိပ်၊ မိုးရွာနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

(မြန်မာ့အလင်း)

ရောဝတီမြစ်ရေ ညောင်တုန်းမြို့၌ ဆက်လက်ကျဆင်းဖွယ်ရှိ၊ စာသင်ကျောင်းများဖွင့်လှစ်

ညောင်တုန်း စက်တင်ဘာ ၁၉

ရောဝတီမြစ်ရေသည် ညောင်တုန်းမြို့၌ သြဂုတ်လဒုတိယပတ်က ပထမအကြိမ် ရေတက်စဉ်က စိုးရိမ်ရေမှတ် အန္တရာယ်ရေအမှတ်များကိုကျော်လွန်ကာ ၂၅ ဒသမ ၉ ပေအထိ မြင့်တက်ခဲ့သော်လည်း ဒုတိယအကြိမ် မြစ်ရေတက်ချိန်တွင် စက်တင်ဘာ ၁၇ ရက်က ၂၄ ဒသမ ၉ ပေအထိသာ အမြင့်ဆုံးရောက်ရှိခဲ့ပြီး စက်တင်ဘာ ၁၉ ရက်တွင် ၂၄ ဒသမ ၈ ပေသို့ စတင်ကျဆင်းပြီး ဆက်လက် ကျဆင်းဖွယ်ရှိကြောင်း သိရသည်။

ညောင်တုန်းမြို့နှင့် ညောင်တုန်းမြို့နယ်တို့၌ စိုးရိမ်ဖွယ်ရာမရှိသဖြင့် အသွားအလာမပျက် စည်စည်ကားကား ရောင်းဝယ်ဖောက်ကားနေကြသည်ကိုလည်း တွေ့ရှိရသည်။

ပထမအကြိမ် ရေကြီးနစ်မြုပ်ခဲ့စဉ်က ခေတ္တပိတ်ထားခဲ့သော အခြေခံပညာကျောင်းများအားလုံး ပြန်လည် ဖွင့်လှစ်နိုင်ခဲ့သည့်အပြင် ယခုအချိန် ရေကြီးချိန်တွင်မူ ကျောင်းများ ဖွင့်လှစ်သင်ကြားလျက်ရှိပြီး ရေနစ်မြုပ်မှုဒဏ်ကို အချိန်ကြာမြင့်စွာ ခံခဲ့ရသော စံကင်းကျွန်းရှိ အခြေခံပညာကျောင်းများလည်း ဖွင့်လှစ်သင်ကြားလျက်ရှိရာ စက်တင်ဘာ ၁၉ ရက်တွင် ညောင်တုန်းမြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု ဝါးတောကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း ဖွင့်လှစ်ပညာသင်ကြားလျက်ရှိသည်။

သြဂုတ်လ ပထမအကြိမ် ဧရာဝတီမြစ်ရေ မြင့်တက်ခဲ့စဉ်က ပျက်စီးခဲ့သော လယ်မြေများကို ယခုအခါ တောင်သူလယ်သမားများက ပြန်လည်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။ **နေလင်း(ညောင်တုန်း)**



ဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

နေပြည်တော် စက်တင်ဘာ ၁၉

ဝန်မြစ်ရေသည် ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ကျော်လွန်နေပြီး နောက် ခုနစ်ရက်အတွင်း ပေတက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်ဖြင့်ဖော်ပြထားသည်။ **(သတင်းစဉ်)**

ရောဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

နေပြည်တော် စက်တင်ဘာ ၁၉

ရောဝတီမြစ်ရေသည် ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ၁ နာရီခွဲ တိုင်းထွာချက်အရ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့၌ တစ်ပေခွဲခန့်စီ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက် လေးရက်အတွင်း ပေတက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မှတ်တမ်းများကို ဂရပ်များဖြင့် ဖော်ပြထားသည်။

(သတင်းစဉ်)





မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေဘေးသင့်ဒေသများတွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများ ဖွင့်လှစ်ထားရှိမှုအခြေအနေ

မကွေးတိုင်းဒေသကြီး

စဉ်	မြို့နယ်	သင်တန်းအမည်	သင်တန်းသား ဦးရေ	ကုန်ကျငွေ (ကျပ်သန်း)	ဖွင့်လှစ်ပြီး	ဖွင့်လှစ်ဆဲ	ဖွင့်လှစ်ရန် လျာထား	စုစုပေါင်း
၁	မကွေး	အပ်ချုပ်စက်သင်တန်း	၅၀	၂.၆၂၅	၁			၁
		ဆိုင်ကယ်ပြင်သင်တန်း	၂၅	၀.၈၈၅			၁	၁
		ဝါးအခြေခံသင်တန်း	၂၅	၁.၁၄၀			၁	၁
		သတ္တဝေသီးနံ့သင်တန်း	၂၅	၀.၉၁၀			၁	၁
	ပေါင်း		၁၂၅	၅.၅၆၀	၁		၃	၄
၂	နတ်မောက်	အပ်ချုပ်စက်သင်တန်း	၂၅	၂.၆၂၅	၁			၁
		ဆိုင်ကယ်ပြင်သင်တန်း	၂၅	၀.၈၈၅			၁	၁
		ဝါးအခြေခံသင်တန်း	၂၅	၁.၁၄၀			၁	၁
		သတ္တဝေသီးနံ့သင်တန်း	၂၅	၀.၉၁၀	၁			၁
	ပေါင်း		၁၀၀	၅.၅၆၀	၂		၂	၄
၃	ရေစကြို	အပ်ချုပ်စက်သင်တန်း	၂၅	၂.၆၂၅	၁			၁
		ဆိုင်ကယ်ပြင်သင်တန်း	၁၀	၀.၈၈၅			၁	၁
		ဝါးအခြေခံသင်တန်း	၃၀	၁.၁၄၀			၁	၁
		သတ္တဝေသီးနံ့သင်တန်း	၃၀	၀.၉၁၀			၁	၁
	ပေါင်း		၉၅	၅.၅၆၀	၁		၃	၄
၄	ချောက်	အပ်ချုပ်စက်သင်တန်း	၄၀	၂.၆၂၅		၁		၁
		ဆိုင်ကယ်ပြင်သင်တန်း	၂၅	၀.၈၈၅	၁			၁
		ဝါးအခြေခံသင်တန်း	၂၅	၁.၁၄၀			၁	၁
		သတ္တဝေသီးနံ့သင်တန်း	၂၅	၀.၉၁၀			၁	၁
	ပေါင်း		၁၁၅	၅.၅၆၀	၁	၁	၂	၄
၅	မြိုင်	အပ်ချုပ်စက်သင်တန်း	၂၅	၂.၆၂၅		၁		၁
		ဆိုင်ကယ်ပြင်သင်တန်း	၁၀	၀.၈၈၅			၁	၁
		ဝါးအခြေခံသင်တန်း	၃၀	၁.၁၄၀			၁	၁
		သတ္တဝေသီးနံ့သင်တန်း	၃၀	၀.၉၁၀	၁			၁
	ပေါင်း		၉၅	၅.၅၆၀	၁	၁	၂	၄
၆	ပွင့်ဖြူ	အပ်ချုပ်စက်သင်တန်း	၂၀	၂.၆၂၅		၁		၁
		ဆိုင်ကယ်ပြင်သင်တန်း	၃၀	၂.၆၅၅			၃	၃
		ဝါးအခြေခံသင်တန်း	၃၀	၁.၁၄၀			၁	၁
	ပေါင်း		၈၀	၆.၄၂၀		၁	၄	၅
၇	သရက်	အပ်ချုပ်စက်သင်တန်း	၃၀	၂.၆၂၅			၁	၁
		ဆိုင်ကယ်ပြင်သင်တန်း	၁၀	၀.၈၀၀	၁			၁
		ဝါးအခြေခံသင်တန်း	၃၀	၁.၀၀၀	၁			၁
		သတ္တဝေသီးနံ့သင်တန်း	၃၀	၁.၁၃၅			၁	၁
	ပေါင်း		၁၀၀	၅.၅၆၀	၂		၂	၄
၈	ရေနံချောင်း	အပ်ချုပ်စက်သင်တန်း	၂၅	၂.၆၂၅			၁	၁
		ဆိုင်ကယ်ပြင်သင်တန်း	၂၅	၀.၈၈၅			၁	၁
		ဝါးအခြေခံသင်တန်း	၂၅	၁.၁၄၀			၁	၁
		သတ္တဝေသီးနံ့သင်တန်း	၂၅	၀.၉၁၀			၁	၁
	ပေါင်း		၁၀၀	၅.၅၆၀	၀		၄	၄
၉	မြိုသစ်	အပ်ချုပ်စက်သင်တန်း	၂၅	၂.၆၂၅			၁	၁
		ဆိုင်ကယ်ပြင်သင်တန်း	၂၅	၀.၈၈၅			၁	၁
		ဝါးအခြေခံသင်တန်း	၂၅	၁.၁၄၀			၁	၁
		သတ္တဝေသီးနံ့သင်တန်း	၂၅	၀.၉၁၀	၁			၁
	ပေါင်း		၁၀၀	၅.၅၆၀	၁		၃	၄
၁၀	တောင်တွင်းကြီး	အပ်ချုပ်စက်သင်တန်း	၂၅	၀.၈၈၅			၁	၁
		ဆိုင်ကယ်ပြင်သင်တန်း	၂၂	၀.၈၈၅	၁			၁
		ဝါးအခြေခံသင်တန်း	၂၅	၁.၁၄၀	၁			၁
		သတ္တဝေသီးနံ့သင်တန်း	၂၅	၀.၉၁၀			၁	၁
	ပေါင်း		၉၇	၃.၀၂၀	၂		၂	၄
၁၁	ပခုက္ကူ	အပ်ချုပ်စက်သင်တန်း	၂၅	၂.၆၂၅			၁	၁
		ဆိုင်ကယ်ပြင်သင်တန်း	၁၀	၀.၈၈၅			၁	၁
		ဝါးအခြေခံသင်တန်း	၃၀	၁.၁၄၀	၁			၁
		သတ္တဝေသီးနံ့သင်တန်း	၃၀	၀.၉၁၀	၁			၁
	ပေါင်း		၉၅	၅.၅၆၀	၂		၂	၄
၁၂	မင်းတုန်း	အပ်ချုပ်စက်သင်တန်း	၃၀	၂.၇၈၁			၁	၁
		ဝါးအခြေခံသင်တန်း	၃၀	၁.၀၀၀	၁		၁	၂
		ဆိုင်ကယ်ပြင်သင်တန်း	၁၀	၀.၈၀၀	၁			၁
		သတ္တဝေသီးနံ့သင်တန်း	၃၀	၀.၉၇၈၃		၁		၁
	ပေါင်း		၁၀၀	၅.၅၆၀	၂	၁	၂	၅
၁၃	ဆင်ပေါင်ဝဲ	အပ်ချုပ်စက်သင်တန်း	၃၀	၂.၇၈၃			၁	၁
		ဆိုင်ကယ်ပြင်သင်တန်း	၁၀	၀.၈၀၀	၁			၁
		ဝါးအခြေခံသင်တန်း	၃၀	၀.၉၉၀	၁			၁
		သတ္တဝေသီးနံ့သင်တန်း	၃၀	၀.၉၉၀၇	၁			၁
	ပေါင်း		၁၀၀	၅.၅၆၄	၃		၁	၄
၁၄	ဆီပင်ဖြူ	အပ်ချုပ်စက်သင်တန်း	၂၅	၂.၆၂၅			၁	၁
		ဆိုင်ကယ်ပြင်သင်တန်း	၁၀	၀.၈၈၅	၁			၁
		ဝါးအခြေခံသင်တန်း	၃၀	၁.၁၄၀	၁			၁
		သတ္တဝေသီးနံ့သင်တန်း	၃၀	၀.၉၁၀		၁		၁
	ပေါင်း		၉၅	၅.၅၆၀	၂	၁	၁	၄
၁၆	အောင်လံ	အပ်ချုပ်စက်သင်တန်း	၃၀	၂.၉၀၃			၁	၁
		ဆိုင်ကယ်ပြင်သင်တန်း	၁၀	၀.၈၁၆			၁	၁
		ဝါးအခြေခံသင်တန်း	၃၀	၀.၉၉၀	၁			၁
		သတ္တဝေသီးနံ့သင်တန်း	၃၀	၀.၈၅၀		၁		၁
	ပေါင်း		၁၀၀	၅.၅၆၉	၂		၁	၄
၁၇	ငဖဲ	လက်သမားသင်တန်း	၄၀	၂.၈၅၅		၁		၁
		ပန်းရံသင်တန်း	၄၀	၂.၈၅၅		၁		၁
		ဆိုင်ကယ်ပြင်သင်တန်း	၂၀	၁.၇၇၀	၁		၁	၂
	ပေါင်း		၁၀၀	၇.၄၈၀	၁	၂	၁	၄
၁၈	ခေတုတ္တရာ	လက်သမားသင်တန်း	၄၀	၂.၈၅၅		၁		၁
		ပန်းရံသင်တန်း	၈၀	၅.၇၁၀		၁	၁	၂
		ဆိုင်ကယ်ပြင်သင်တန်း	၃၀	၂.၆၅၅	၁	၁	၁	၃
	ပေါင်း		၁၅၀	၁၁.၂၂၀	၁	၃	၂	၆
၁၉	ကမ	ပန်းရံသင်တန်း	၃၀	၁.၆၆၅			၁	၁
		ဆိုင်ကယ်ပြင်သင်တန်း	၁၀	၀.၈၁၆			၁	၁
		ဝါးအခြေခံသင်တန်း	၃၀	၀.၉၉၀			၁	၁
		သတ္တဝေသီးနံ့သင်တန်း	၃၀	၀.၉၇၈		၁		၁
		ကွန်ပျူတာသင်တန်း	၅၀	၁.၁၁၁	၁			၁
	ပေါင်း		၁၅၀	၅.၅၆၀	၁	၁	၃	၅
၂၀	မင်းလှ	ဆိုင်ကယ်ပြင်သင်တန်း	၁၀	၀.၈၀၀	၁			၁
		ဝါးအခြေခံသင်တန်း	၃၀	၀.၉၉၀		၁		၁
		သတ္တဝေသီးနံ့သင်တန်း	၃၀	၀.၉၇၈		၁		၁
	ပေါင်း		၇၀	၂.၇၆၈	၁	၂		၃
	စုစုပေါင်း		၂၀၆၂	၁၁၅.၁၁၁၃	၂၆	၁၄	၄၄	၈၄

(ဆက်လက်ဖော်ပြပါမည်)

ခမောက်ကြီးမြို့၌ ရေပြန်လည်ကျဆင်းပြီးဖြစ်၍ နေအိမ်များသို့ ပြန်လည်ထွက်ခွာ

ကော့သောင်း စက်တင်ဘာ ၁၉

ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်၌ စက်တင်ဘာ ၁၆ ရက် နံနက်ပိုင်းကစတင်၍ စက်တင်ဘာ ၁၇ ရက်အထိ မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းမှုကြောင့် တောင်ကျရေများစီးဆင်း၍ ချောင်းရေလျှံမှုများ ဖြစ်ပွားခဲ့ရာ ဌာနဆိုင်ရာတချို့နှင့် အမှတ်(၁) ရပ်ကွက်နေပြည်သူများကို ဘေးကင်းရာ ယာယီကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့သည်။ စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းကစ၍ မိုးရွာသွန်းမှုမရှိတော့သဖြင့် ရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်ရာ နေရာချထားပေးသည့် ယာယီကယ်ဆယ်ရေးစခန်းများမှ ပြည်သူများ မိမိတို့ နေအိမ်များသို့ ပြန်လည်ထွက်ခွာသွားကြပြီဖြစ်ကြောင်း သိရသည်။ **(ယာပုံ)**

ယာယီကယ်ဆယ်ရေးစခန်းများမှ ပြည်သူများ မိမိတို့ နေအိမ်များသို့ ပြန်လည်ထွက်ခွာနိုင်ရေးနှင့် ရေဘေးသင့် ဌာနဆိုင်ရာများမှ ပြောင်းရွှေ့ခဲ့သည့် စာရွက်စာတမ်း၊ ရုံးအသုံးအဆောင်ပစ္စည်းများကို ခမောက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ နယ်မြေခံတပ်ရင်းများမှ တပ်မတော်သားများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအဖွဲ့များ၊ NGO အဖွဲ့အစည်းများက ပြန်လည်ပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

❑ *ကျောဖုံးမှ*

အခုတော့ ဆန္ဒတွေပြည့်ဝသွားပါပြီ။ အရင်ကတော့ ရေလယ်ဘုရားနဲ့ နဂါးရုံဘုရားကိုပဲ သွားရတယ်။ အခု ကန်ဦးရွှေစည်းခုံစေတီကိုဖူးပြီး ပြန်လာတာပါ"ဟု လမ်းလျှောက်ရင်း ဘုရားဖူးလာသည့် နန်းတော်ကုန်းရပ်ကွက်နေ ဒေါ်ကြည်အေးက ပြောသည်။

"အခုလိုလုပ်ပေးတဲ့အတွက် အားလုံးနီးပါးပြည့်စုံပါတယ်။ ကန်ပေါင်တစ်လျှောက်မှာလည်း မြက်ခင်းတွေ၊ ပန်းပင်တွေနဲ့ သာယာလှပနေပါတယ်။ စေတီကလည်း ရွှေရောင်တဖိတ်ဖိတ်ထနေတော့ ကြည်ညိုသဒ္ဓါပွားများစိတ်တွေဖြစ်မိတယ်။ ကျွန်တော့်အနေနဲ့ တွေးမိတာကတော့ ညပိုင်းလမ်းလျှောက်သူတွေအတွက် အလင်းရောင်တွေရအောင် ဓာတ်မီးတိုင်တွေ ထွန်းပေးပြီးနေခင်းဘက်မှာလည်း အရိပ်တွေရအောင် အကြီးမြန်တဲ့သစ်ပင်တွေ စိုက်ပျိုးပေးရင်ပိုကောင်းမှာပါ"ဟု ဒေသခံတစ်ဦးက အကြံပြုပြောကြားသည်။

ထိုနေရာသည် မကြာသေးမီက မိတ္ထီလာကန် ပြန်လည်ပြုပြင်တူးဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် ထည့်သွင်းတည်ဆောက်ခဲ့သည့် မိတ္ထီလာမြောက်ကန်နှင့် တောင်ကန်နှစ်ခု၏အကြားခံ့ ဆည်ဖို့ထားသည့် ကန်ကြားကန်ပေါင်ဖြစ်သည်။

"ကျွန်မက ရမည်းသင်းကနေ မိတ္ထီလာမှာအဆောင်နေပြီး မိတ္ထီလာတက္ကသိုလ်မှာ ကျောင်းလာတက်တာပါ။ ဒီလိုကန်ပေါင်မှာ လမ်းလျှောက်ပြီး ညနေပိုင်းအပန်းဖြေရင်း လမ်းလျှောက်ထွက်ရတာ စိတ်ထဲမှာ ကြည်နူးမိတယ်။ အရင်တုန်းကလည်း ဒီနေရာကို လာဖူးပါတယ်။ ဒါပေမယ့် မှောင်တဲ့အတွက် သိပ်မလာဖြစ်ဘူး။ အခုတော့ ကျန်းမာရေးအတွက် လမ်းလျှောက်ထွက်ရင်း အပန်းဖြေလို့ရပါတယ်။ ကန်ရေပြင်ကိုကြည့်ပြီးတော့ အိမ်ကမိဘတွေကိုတော့ လွမ်းမိတယ်"ဟု တက္ကသိုလ်ကျောင်းသူ မခင်ပပသွင်က အိမ်လွမ်းစိတ်ဖြင့် ပြောသည်။

"တကယ်တမ်း ပြန်တွက်ကြည့်မယ်ဆိုရင် ရန်ကုန်မှာ ကန်တော်ကြီးနဲ့ အင်းလျားမှာအပန်းဖြေရင်း ကျန်းမာရေးအတွက် လေ့ကျင့်ခန်းလုပ်ကြတယ်။ မန္တလေးမှာဆို ကျုံးတစ်ဝိုက်မှာလာပြီးတော့ အပန်းဖြေလေ့ကျင့်ခန်းလုပ်သူတွေနဲ့ သာယာနေပါတယ်။ ကျွန်တော်တို့ မိတ္ထီလာကတော့ ဒီကန်ဟာ မြို့ရဲ့အထိမ်းအမှတ်တစ်ခုပါပဲ။ အခုလို သာယာလှပအောင် လုပ်လိုက်တဲ့အတွက် မြို့အတွက် ပိုကျက်သရေရှိသွားတယ်။ နောက်ပြီးတော့ မြို့နေပြည်သူတွေအနေနဲ့ ကျန်းမာရေးအတွက် အပန်းဖြေလမ်းလျှောက်ရင်း ကုသိုလ်တရားပွားများနိုင်သွားပါပြီဗျာ"ဟု မြို့နေဒေသခံတစ်ဦးက ရန်ကုန်၊ မန္တလေးမြို့ကြီးများနှင့် ခိုင်းနှိုင်းမှတ်ချက်ပြုသည်။

"ယခုကန်ပေါင်တစ်လျှောက်မှာ ဒီလိုမပြီးခင်ကတည်းက သာသာယာယာဖြစ်သွားတာကိုကြည့်ပြီး လေညင်းခံရင်း ညနေစောင်းမှာ လမ်းလျှောက်ထွက်တယ်၊ အခုလို သာယာသွားတဲ့အတွက် စိတ်ထဲမှာကြည်နူးမိတယ်။ အရင်က ဒီနေရာတွေမှာ ရှဉ့်တွေ၊ ဗွက်တွေရှိတယ်။ ဒီလိုလုပ်လိုက်တဲ့အတွက် အရှယ်သုံးပါးစလုံး အပန်းဖြေလို့ရသွားတယ်"ဟု ကန်ပေါင်တစ်လျှောက်တွင် အမြဲတမ်းလမ်းလျှောက်တတ်သည့် မိတ္ထီလာတက္ကသိုလ်မှ ဓာတ်ခွဲခန်းမှူးဦးကျော်ဝင်းက ဆိုသည်။

မခင်ပပသွင်

ဒေါ်ဝေဝေမောင်

ဒေါ်ကြည်အေး

ချစ်ဇွဲထူး

ထိုကန်ပေါင်အား ပြန်လည်ပြုပြင်စဉ် အများပြည်သူ အပန်းဖြေနိုင်အောင် ကန်ပေါင်လမ်းအား ကွန်ကရစ်များခင်းပေးခဲ့ပြီး ယင်းအပေါ်တွင် အားကစားပြုလုပ်နိုင်သည့် အားကစားအထောက်အကူပြုပစ္စည်းအမျိုးမျိုးနှင့် ကလေးအားကစားပစ္စည်းများပါ တပ်ဆင်ပေးခဲ့သည်။

ကန်ပေါင်သို့ လာရောက်အပန်းဖြေသည့် ရန်မျိုးအောင်ရပ်ကွက်နေ မသဇွာလှိုင်ကလည်း "ကန်ကြီးကို ပြန်လည်တူးဖော်ပေးတာနဲ့အတူ ဒီကန်ပေါင်လေးမှာ ကိုယ်လက်လှုပ်ရှားလို့ရအောင် အားကစားပစ္စည်းတွေ ထားထားတာ တကယ်ကိုကောင်းပါတယ်။ ကန်ပေါင်မှာ လမ်းလျှောက်ရင်းနဲ့ လေကောင်းလေသန့်ရှူလို့ရတယ်။ ဒီနေ့ဆိုရင် တစ်နေကုန်ပင်ပန်းသမျှ ကန်ပေါင်မှာ အေးအေးဆေးဆေး လှမ်းလာလျှောက်ရင်း အပန်းဖြေဖြစ်တယ်။ ကန်ထိပ်မှာ ကန်ဦးစေတီလည်း တည်လိုက်တော့ ဘုရားဖူးရင်း ကုသိုလ်ယူလို့ရပါတယ်။ ဒီကို ကလေးတွေ ကစားချင်လို့ လိုက်ပို့တာနဲ့ နောက်ဆို မကြာမကြာရောက်ဖြစ်လိမ့်မယ်ထင်ပါတယ်။ ဒီက ကစားတဲ့ပစ္စည်းတွေ မြန်မြန်ပျက်စီးသွားမှာတော့ စိုးရိမ်မိတယ်"ဟု ပြောပြသည်။

ယခုအခါ မိတ္ထီလာကန်သည် စိုက်ပျိုးရေ၊ သောက်သုံးရေ ဖြန့်ဝေပေးနိုင်သည့် နေရာတစ်ခုသာမက ဒေသခံများ၏ အပန်းဖြေစရာနေရာတစ်ခု ဖြစ်လာခဲ့ပြီဖြစ်သည်။

"အခုလို ကန်ကိုပြန်လည်တူးဖော်လိုက်တော့ သန့်သန့်ရှင်းရှင်း ဖြစ်သွားတာကိုတွေ့ရတယ်။ ကန်မတူးခင်က ဒီလောက်မသာယာဘူး၊ အခုတော့ ကန်ပေါင်ပေါ်မှာ လျှောက်လမ်းလုပ်ပေးထားတာလည်း တော်တော်ကောင်းတယ်။ အားကစားပစ္စည်းတွေလည်း လုပ်ပေးထားတော့ ဒီကန်ကိုရောက်ရင် ကိုယ်လက်လှုပ်ရှားမှုလုပ်ဖြစ်တယ်။ အားကစားလုပ်ရင်း လေကောင်းလေသန့်ရတော့ လူကြီးရော လူငယ်ပါ အတော်ကောင်းတယ်။ တစ်ခုပြောချင်တာကတော့ ဒီလိုပြုပြင်ထားတဲ့ဟာတွေကို ရေရှည်ခိုင်မြဲအောင် ထိန်းသိမ်းဖို့က အရေးကြီးပါတယ်"ဟု ရတနာမန်အောင်ရပ်ကွက်နေ ဦးထွန်းဆင့်က ပြောသည်။

နန်းတော်ကုန်းရပ်ကွက်နေ ဒေါ်ဝေဝေမောင်ကလည်း "ဒီကန်ကြားကန်ပေါင်လေးပြီးသွားတော့ မိတ္ထီလာကန်က တော်တော်လေးသာယာသွားတယ်။ အရင်ကဆို ဒီကန်ပေါင်လမ်းကို ညဘက်ဆို သိပ်မသွားရဲဘူး၊ လမ်းကဆိုးလည်းဆိုးတယ်၊ လူလည်းပြတ်တယ်။ လုယက်တာတွေလည်း ရှိခဲ့တယ်။ အဲဒါတွေကြောက်လို့ ဒီကန်ပေါင်လမ်းက ညဘက်ပြန်ရမယ်ဆို ကားဌားပြီးပဲ ပြန်ပါတယ်။ အခုဆို ကန်ပေါင်လမ်းက တော်တော်လည်း သာယာသွားတယ်။ လူစည်ကားသွားတော့ အိမ်ပြန်ရင် လမ်းလျှောက်ပဲပြန်ဖြစ်တော့မယ်။ ကျန်းမာရေးလည်း ကောင်းတာပေါ့"ဟု ပြောသည်။

"အခုလို ကန်ပေါင်ကို သာယာအောင်လုပ်သွားတော့ ဒီမှာဂစ်တာတီး၊ သီချင်းဆိုရတာ တော်တော်ကောင်းတယ်။ အရင်ကဆို ဟိုဘက်နားမှာရှိတဲ့ ကျွန်တော်တို့အခေါ် ဦးပိန်လို့ခေါ်တဲ့ တံတားနားလေးကို သွားပြီး ဂစ်တာတီးရပါတယ်။ အခုဒီမှာ ကန်ပေါင်လေးကလန်းသွားတော့ ဒီမှာပဲလာတီးဖြစ်တယ်။ လူတွေကလည်း အများကြီး၊ အားကစားပစ္စည်းတွေလည်း ရှိတယ်။ လေကောင်းလေသန့်ကလည်းရတယ်ဆိုတော့ ဒီကိုလာပြီး ဂစ်တာတီးဖြစ်တာ များပါတယ်"ဟု တက္ကသိုလ်ကျောင်းသား ချစ်ဇွဲထူးက ပြောသည်။

အနာဂတ်ကာလတွင် မိတ္ထီလာကန်ပေါင်တစ်လျှောက်၌ တက္ကသိုလ်ကျောင်းသားများ၏ သီချင်းသံ၊ ကလေးငယ်များ၏ ကစားသံတို့ဖြင့် စည်ကားနေမည်ဖြစ်သလို အရွယ်သုံးပါးတို့၏ အပန်းဖြေစရာနေရာ၊ ကုသိုလ်ပွားများရာနေရာဖြစ်လာတော့မည်မှာ မလွဲကေန်ဖြစ်တော့မည်ဟု ဆိုချင်ပါကြောင်း။

✻ *ကျောဖုံးမှ*

ကျိုင်းတုံ၊ တာချီလိတ်မြို့နယ်များ အကြား ကုန်းလမ်းခရီးဖြင့် သွားရောက်နိုင်ကြမည်ဖြစ်ကြောင်း ဝိပါဗန်ဗိုရာပူသီပေါင်က ပြောကြားသည်။

ထို့ပြင် အဆိုပါနယ်စပ်ဂိတ်ကို ဖွင့်ပြီးပါက တစ်နှစ်လျှင် ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်းမှ အမေရိကန် ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ ရရှိမည်ဟု မျှော်လင့်ရကြောင်း ဝိပါဗန်ဗိုရာပူသီပေါင်က ထပ်လောင်းပြောကြားသည်။

ဘန်လတ်တန် နယ်စပ်ဂိတ်သည် တောင်ကြီးမြို့နယ်နှင့် အနီးဆုံး ထိုင်းနယ်စပ် ဒေသတစ်ခုဖြစ်ရာ တောင်ကြီးမှ မြန်မာနိုင်ငံ၏ ဒုတိယမြို့တော်ဖြစ်သော မန္တလေးမြို့အထိ ရောက်ရှိနိုင်သော လမ်းသစ်တစ်ခု ထပ်မံပေါ်ပေါက်လာဖွယ်ရှိသည်ဟု အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ထို့ကြောင့် ဗန်ကောက်မှ မန္တလေးသို့ လေယာဉ်ဖြင့် သွားရောက်ကြသည့် ခရီးသည်များမှာလည်း နောင်တွင်ပေါ်ထွက်လာမည့် ချင်းမိုင်-မန္တလေး လမ်းမကို အသုံးပြုကာ သွားလာနိုင်ကြတော့မည်ဖြစ်သည်။

လောက်ကိုင်ဒေသလုံခြုံ၍ တည်ငြိမ်အေးချမ်းသောအခြေအနေကို ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၁၉

ဖုန်ကြားရှင် ဦးဆောင်သော MNDAA သောင်းကျန်းသူများသည် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်ပြည်ထောင်စုနေ့မတိုင်မီ လောက်ကိုင်မြို့အား သိမ်းပိုက်ပြီး အစိုးရအပေါ် နိုင်ငံရေးအရ အကျပ်ကိုင်၍ မတရားအခွင့်အရေးများ တောင်းဆိုနိုင်ရန် လောက်ကိုင်ဒေသအတွင်း စိမ့်ဝင်ခဲ့သည်။ ဖေဖော်ဝါရီ ၉ ရက်တွင် တောက်ရွှေကျေးရွာ၊ မော်ထိုက်ကျေးရွာနှင့် ၁၈ မိုင်လမ်းဆုံတို့တွင် လည်းကောင်း၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် လောက်ကိုင်မြို့၊ ကုန်းကြမ်းမြို့နှင့် လောက်ကိုင်ဒေသ နေရာအနှံ့အပြားတို့တွင်လည်းကောင်း ကြိုတင်စီမံထားသည့်အတိုင်း စတင်တိုက်ခိုက်၍ ဒေသတစ်ခုလုံး သိမ်းပိုက်ထိန်းချုပ်နိုင်ရေး ကြိုးစားခဲ့သည်။

သို့ဖြစ်၍ နိုင်ငံအချုပ်အခြာအာဏာ ကာကွယ်စောင့်ရှောက်နိုင်ရန်နှင့် လောက်ကိုင်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်သည် အုပ်ချုပ်ထောက်ပံ့မှုနှင့် အင်အားဖြည့်တင်းခြင်းကို လေယာဉ်၊ ရဟတ်ယာဉ်၊ မော်တော်ယာဉ်များဖြင့် အချိန်မီဆောင်ရွက်ခဲ့ပြီး လေကြောင်းနှင့် လက်နက်ကြီးပစ်ကူများ အသုံးပြုကာ MNDAA သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းခဲ့သည်။

MNDAA သောင်းကျန်းသူများသည် တပ်မတော်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် နယ်မြေကျဉ်းမြောင်းလာသဖြင့် အင်အားများစုစည်းကာ မြန်မာ-တရုတ် နယ်နိမိတ်မှတ်တိုင် (၁၁၉) အနီးရှိ တောင်ကုန်းများတွင် ခံစစ်ဆင်ရန် စီမံခဲ့ရာ တပ်မတော်မှ လေကြောင်းနှင့် လက်နက်ကြီးပစ်ကူဖြင့် တိုက်ခိုက်ချေမှုန်းခဲ့သည်။

လောက်ကိုင်ဒေသအတွင်း တိုက်ပွဲများစတင်ဖြစ်ပွားခဲ့သည့် ဖေဖော်ဝါရီ ၉ ရက်မှ ယနေ့အထိ စုစုပေါင်းထိတွေ့တိုက်ပွဲ ၄၈၃ ကြိမ်ဖြစ်ပွားခဲ့ပြီး MNDAA သောင်းကျန်းသူများထံမှ အလောင်း၂၂၆ လောင်း(အလောင်း၈)၊ လက်နက်မျိုးစုံ ၄၅၂ လက်၊ ကျည်မျိုးစုံ ၉၄၈၇၂ တောင့်၊ ကျည်အိမ်မျိုးစုံ ၇၅၂ ခု၊ လက်ပစ်ဗုံး ၁၀၁၉ လုံး၊ ဗုံးသီး/ဒုံးသီးမျိုးစုံ ၂၉၅ လုံး၊ မိုင်းမျိုးစုံ ၂၂၉ လုံး၊ ဆက်စပ်ပစ္စည်းများ ၊ ကျည်ကာအင်္ကျီများ၊ မော်တော်ယာဉ် ၅ စီး၊ မော်တော်ဆိုင်ကယ် ၇ စီးနှင့် ဘက်ဗိုး ၁ စီးတို့အား သိမ်းဆည်းရမိခဲ့ပြီး သောင်းကျန်းသူ ၄၈ ဦးအား ဖမ်းဆီးရမိခဲ့ကာ တပ်မတော်မှလည်း အရာရှိ၊ စစ်သည်များ နိုင်ငံတော်အတွက် အသက်ခန္ဓာစွန့်လွှတ်ပေးဆပ်ခဲ့ရသည်။

MNDAA သောင်းကျန်းသူများသည် လောက်ကိုင်ဒေသအတွင်း ဒေသခံတိုင်းရင်းသားများနှင့် ရောနှောပြီး စိုက်ပျိုးရေးနှင့် ကုန်ထုတ်လုပ်ငန်းများ အယောင်ပြလုပ်ဆောင်ကာ လူ/လက်နက်/ခဲယမ်း စုဆောင်း၍ အင်အားတည်ဆောက်ခြင်း၊ မူးယစ်ဆေးဝါးလုပ်ငန်းလုပ်ကိုင်ပြီး ငွေကြေးရှာဖွေခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ တိုက်ပွဲများ ပြင်းထန် ရှည်ကြာလာခဲ့ရာ ထိခိုက်ကျဆုံးမှုများလာသဖြင့် ဒေသခံတိုင်းရင်းသားများအား အဓမ္မစစ်သားစုဆောင်း၍ မူးယစ်ဆေးဝါးအသုံးပြုကာ အသေခံတိုက်ပွဲဝင်စေခဲ့ကြောင်း သိရသည်။

တိုက်ပွဲများအတွင်း တပ်မတော်စစ်ကြောင်းများက MNDAA သောင်းကျန်းသူများထံမှ ဘိန်းဖြူ ၇ ဒသမ ၆၆၃၉ ကီလို ၊ ဘိန်းစိမ်း ၀ ဒသမ ၂၆ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၁၂၀၂၇ ပြား၊ စိတ်ကြွဆေးပြားအမှုန့် ၁၃ ဒသမ ၉၄၃၅ ကီလို၊ အက်ဖီဒရင်းအဖြူရောင်အမှုန့် ၃၄ ဒသမ ၅ ကီလို၊ အိုင်စီအီး(အိုကစ်) ၁၃၅၉ ဒသမ ၈၀၆၉ ကီလို၊ ဒိုင်မီသိုင်းဆာလဖိတ် ၃၀၀၀ လီတာ၊ ဆူဒို အက်ဖီဒရင်း ဆေးပြား ၇၂၀၀ ၊ဘိန်းညိုမှုန့် ၀ ဒသမ ၆၀၅ ကီလို၊ ဘိန်းမည်း ၀ ဒသမ ၈၁၆၅ ကီလိုနှင့် ဆိုဒီယမ်အက်စိ တစ်အင်ဟိုက်ဒရိုက် ၃၀ ကီလို၊ မူးယစ်ဆေးဝါးစုစုပေါင်းကာလတန်ဖိုး ကျပ်သန်းပေါင်း ၈ ထောင်ခန့်အား သိမ်းဆည်းရရှိခဲ့သည်။

လောက်ကိုင်ဒေသ နယ်မြေအခြေအနေမှာ မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်နိမိတ်နှင့် ထိစပ်နေပြီး တောတောင်လျှိုမြောင်ထူထပ်သည့်အပြင် ကျောက်တောင်များမှာ မတ်စောက်၍ လျင်မြန်စွာချီတက်သွားလာရန် ကန့်သတ်ချက်များရှိခဲ့သည်။ သောင်းကျန်းသူများအနေဖြင့် နယ်မြေကျွမ်းကျင်မှုနှင့် မြေအခြေအနေ အရေးသာမှုများကို အသုံးချ၍ အပြင်းအထန် ခုခံတိုက်ခိုက်ခဲ့သော်လည်း တပ်မတော်က လေကြောင်းနှင့် လက်နက်ကြီးပစ်ကူများဖြင့် ထိရောက်သော ပစ်အားနှင့်အတူ တပ်မတော်သားများ၏ နိုင်ငံတော်အတွက် အသက်ခန္ဓာကိုမငဲ့ကွက်ဘဲ ရွှပ်ရွှပ်ခ္ခါခ္ခါ ရဲဝံ့စွာစွန့်စားတိုက်ခိုက်မှုများကြောင့် ယခုအခါ လောက်ကိုင်ဒေသသည် လုံခြုံ၍တည်ငြိမ်အေးချမ်းသောအခြေအနေကို ပြန်လည်ရောက်ရှိလာပြီဖြစ်သည်။

ဆက်လက်၍ လောက်ကိုင်ဒေသတွင် ပြည်သူများ လုံခြုံစိတ်ချစွာ သွားလာနေထိုင်လုပ်ကိုင်နိုင်ရေး တပ်မတော်မှ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(မြဝတီ)

စည်းကမ်းမဲ့ရန်ကုန်ဘတ်စ်ကားလောကနှင့် စည်းကမ်းထိန်းသည့်မော်တော်ယာဉ်ဥပဒေသစ်

သတင်းဆောင်းပါး - ခင်မောင်ထွေးနှင့် မင်းသစ်၊ ဓာတ်ပုံ - ဇော်မင်းလတ်

ရန်ကုန် စက်တင်ဘာ ၁၉

၂၀၁၅ ခုနှစ် စက်တင်ဘာ ၇ ရက်က ပြည်ထောင်စုလွှတ်တော်ကအတည်ပြု အသစ်ပြဋ္ဌာန်းလိုက်သည့် မော်တော်ယာဉ်ဥပဒေတွင် စည်းကမ်းမဲ့ယာဉ်များကိုမူလဒဏ်ကြေးငွေကျပ် ၁၅၀၀ အစား ငွေကျပ်သုံးသောင်းထက်မပိုသော ပြစ်ဒဏ်ပြဋ္ဌာန်းခဲ့သည်။

စည်းကမ်းမဲ့ယာဉ်များကို ဒဏ်ကြေးငွေအဆ ၂၀ တိုးမြှင့်သည်ဟုအကြောင်းပြ၍ ရန်ကုန်မြို့ရှိ ခရီးသည်တင်ယာဉ်လိုင်းအချို့သည် စက်တင်ဘာ ၁၅ ရက်မှစတင်ကာ ရပ်နားမှုများပြုလုပ်ခဲ့ကြသည်။

အဆိုပါယာဉ်လိုင်းအချို့၏ ရပ်နားမှုကြောင့် ရန်ကုန်မြို့ရှိခရီးသွားပြည်သူအများစုမှာ လတ်တလော အခက်အခဲများ ကြုံတွေ့ခဲ့ကြရသည်။ ထို့ပြင်တက္ကသိုလ်အဆင့် စာမေးပွဲများ ဖြေဆိုချိန်နှင့် တိုက်ဆိုင်နေ၍ တက္ကသိုလ်ကျောင်းသားကျောင်းသူများနှင့် ကျောင်းသားမိဘများမှာလည်း များစွာစိတ်သောကဖြစ်ကြရသည်။

“သမီးစာမေးပွဲဖြေမယ့် သန်လျင်ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်(တာဝ)ကို တက္ကစီခ သုံးသောင်းနဲ့ငှားပြီး သွားခိုင်းရတယ်”ဟု ကျောင်းသားမိဘတစ်ဦးက ဆိုသည်။

အမှတ်(၂၁၃) ယာဉ်လိုင်းမှ ဝါရင့်ယာဉ်မောင်းတစ်ဦးကမူ “အချို့ယာဉ်လိုင်းက ယာဉ်မောင်းနဲ့ ယာဉ်နောက်လိုက်တွေက ဘော်ဒါလို့ခေါ်တဲ့သူတွေဖြစ်တယ်။ အခု ဥပဒေသစ်က ဒဏ်ကြေးမြင့်လာတော့ မမောင်းရဲကြတော့ဘူး။ ဒါကြောင့် အုံနှာအချို့က လူစားမရလို့ ကားကို ခဏရပ်ထားလိုက်ရတာလည်းရှိတယ်။ ဆန္ဒပြတာတော့မဟုတ်ဘူး” ဟု ပြောသည်။

ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်အချို့က မူလထက်အဆ ၂၀ မြင့်တက်သွားသည့် ဒဏ်ကြေးဖြစ်သည်ဟု အကြောင်းပြကာ ပြေးဆွဲလက်စ ယာဉ်အချို့ကို ရပ်နားလိုက်သော်လည်း ယာဉ်ကြောပြောင်းပြန်မောင်းနှင်ကျော်တက်မှု၊ မီးပွိုင့်နှင့် မှတ်တိုင်တွင် ယာဉ်နှစ်ထပ်ရပ်ကာ ခရီးသည်များကို လမ်းလယ်၌ အတက်အဆင်းလုပ်စေမှု၊ မှတ်တိုင်၌ကျောက်ချ၍ အချိန်ကြာမြင့်စွာခရီးသည်စောင့်ဆိုင်းနေမှု၊ ယာဉ်စီးခ ပိုမိုတောင်းခံမှု၊ ခရီးသည်ကို ရိုင်းပျစွာ ဆက်ဆံမှု၊ ခရီးသည်ရရှိရေးအတွက် ယာဉ်အချင်းချင်းအန္တရာယ်ဖြစ်စေလောက်သည်အထိ အပြိုင်အဆိုင်မောင်းနှင်မှု အပါအဝင် ဆယ်စုနှစ်များစွာ စည်းကမ်းမဲ့ခဲ့ကြသည့် ရန်ကုန်ဘတ်စ်ကားများကို စိတ်ပျက်နေကြသော ရန်ကုန်မြို့ခံပြည်သူအများစုကမူ ယခုကဲ့သို့ယာဉ်အချို့ ရပ်နားမှုအပေါ် ကန့်ကွက်ပြောဆိုမှုများနှင့် လူမှုကွန်ရက်စာမျက်နှာထက်တွင် ကန့်ကွက်ရေးသားမှုများလည်းရှိခဲ့သည်။

သုဝဏ္ဏမြို့ မင်းဒင်လမ်းရှိ ဆံသပိုင်ရှင် ကိုအောင်မင်းက “ပြီးခဲ့တဲ့ရက်ကတာမွေ့ ကားမှတ်တိုင်ကနေ ဒဂုံမြောက်ပိုင်းကို ပြန်ဖို့ကားစောင့်နေတုန်းအခြား လိုင်းကားတစ်စီးက လူအုပ်ကြီးမြင်ပြီး မူလခရီးစဉ်လိုင်းကနေ ကြားဝင် လူခေါ်တယ်။ သူ့ကားပေါ်ကို ၁၅ ယောက်ပဲတက်တော့ ရှေ့မှတ်တိုင်လည်းရောက်ရော မှန်းချက်နဲ့နှမ်းထွက်မကိုက်လို့ ခရီးသည်တွေကို ပြန်ဆင်းခိုင်းတယ်။ ခရီးသည်တွေလည်း မကျေမနပ်ဖြစ်ပြီး တိုင်မယ်တောမယ်တွေဖြစ်ကုန်ရော”ဟု ပြောသည်။

ရပ်နားခဲ့သည့်ယာဉ်အချို့ကြောင့် စာမေးပွဲဖြေဆိုနေဆဲ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ အခက်အခဲမရှိစေရန် တာဝန်ရှိသူများက တက္ကသိုလ်ကြိုပို့ယာဉ်များကို စီစဉ်ဆောင်ရွက်ပေးမှုများလည်းရှိသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစန်းမြင့်ဦးက “ကုန်းလမ်းပို့ဆောင်ရေးပိုင် စီးတီးဘတ်စ်ကားအစီး ၂၀ နဲ့ ခရီးသည် ၄၅ ဦးစီး Express ကားနှစ်စီး စုစုပေါင်း ၂၂ စီးကို စက်တင်ဘာ ၂၁ ရက်မှာပြေးဆွဲနိုင်ဖို့ အဆင်သင့်ပြင်ပြီးပါပြီ။ လိုအပ်ရင် ကပရိုင်ကားတွေ ပြန်ဆွဲချပြီး ပြေးဆွဲပေးဖို့လည်း စီစဉ်ဆောင်ရွက်နေပါတယ်”ဟု ပြောသည်။

ထို့အပြင် ကပရလုပ်ငန်းနှင့် အကျိုးတူဆောင်ရွက်နေသည့် ကုမ္ပဏီနှစ်ခုမှ ယာဉ်အစီး ၅၀ ကလည်း မူလကတည်းက ဒဂုံတက္ကသိုလ်နှင့် ဆူးလေ၊ လင်းစဒေါင်းနှင့် အောင်မင်္ဂလာအဝေးပြေးဂိတ် ခရီးစဉ်များသို့ ပြေးဆွဲလျက်ရှိသည်ဟု ၎င်းကဆက်လက် ပြောကြားသည်။

ယာဉ်လိုင်းအချို့ ရပ်နားမှုကြောင့် အခက်ကြုံလျက်ရှိသည့် ရန်ကုန်မြို့ခံခရီးသွားများနှင့် ကျောင်းသားကျောင်းသူများ အဆင်ပြေချောမွေ့စေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်စီစဉ်မှုဖြင့် ကဏ္ဍအလိုက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ပါရမီမြို့တွင်းခရီးသည် ပို့ဆောင်ရေးလုပ်ငန်းအထွေထွေမန်နေဂျာ ဦးမြင့်ကြည်က “ဒီ အစားထိုးပြေးဆွဲဖို့ကိစ္စနဲ့ပတ်သက်ပြီး အထက်ကနေ ညွှန်ကြားလာရင် ဗန္ဓုလသယ်ယူပို့ဆောင်ရေးရဲ့ မန်နေဂျင်းဒါရိုက်တာကို တင်ပြပြီး ဆောင်ရွက်ဖို့ အစီအစဉ်ရှိပါတယ်။ ပါရမီမြို့တွင်း ခရီးသည်ပို့ဆောင်ရေးလုပ်ငန်းမှာ ယာဉ်လိုင်းခုနစ်လိုင်းနဲ့ ယာဉ်စီးရေ ၃၀၁ စီးရှိပါတယ်။ ဒီနေ့မှာဆိုရင် ၂၆၇ စီး ပြေးဆွဲပေးနေပြီး ၃၄ စီးကတော့ အသေးစိတ်ပြင်ဆင်ဖို့နဲ့ အကြီးစားပြင်ဆင်ဖို့တွေအတွက် ရပ်နားထားပါတယ်”ဟု ပြောသည်။

“တကယ်စည်းကမ်းလိုက်နာတဲ့ ယာဉ်မောင်းယာဉ်အကူတွေအတွက်ဒဏ်ကြေးတိုးတာ၊ နည်းတာက မပတ်သက်ပါဘူး။ စည်းကမ်းတကျ တာဝန်သိသိ အသိစိတ်ဓာတ်နဲ့ လုပ်မယ်ဆိုရင် ဒီဥပဒေက စည်းကမ်းထိန်းသိမ်းတဲ့ ဥပဒေလို့ပဲနားလည်ပြီး လိုအပ်ချက်အရထုတ်တဲ့ ဥပဒေလို့ထင်ပါတယ်”ဟု ၎င်းက တစ်ဆက်တည်း သုံးသပ်ပြောသည်။

“မော်တော်ယာဉ်ဥပဒေထွက်ပြီး ၁၇ ရက်နေ့မှာ ထွက်တဲ့ ယာဉ်လိုင်းတချို့ကို လာနှောင့်ယှက်တယ်။ ခြိမ်းခြောက်မှုတွေရှိတယ်ဆိုတဲ့ ကောလာဟလ အသံတွေထွက်တယ်။ အဲဒီနယ်မြေတွေမှာ ဖြေရှင်းဆောင်ရွက်ပေးနေပါတယ်”ဟု မထသ (ဗဟို) ဦးလှအောင်က ပြောသည်။

“တက္ကသိုလ်စာမေးပွဲတွေရှိနေတော့ အသွားတုန်းက ပြဿနာမရှိဘူး။ အပြန်မှာ ကားလုံလောက်မှုမရှိလို့ဆိုပြီး ၁၂ စီး ထပ်ဆောင်းပေးထားပါတယ်၊ မနက်ပိုင်းမှာလည်း ခြောက်စီးလောက် ထပ်ဆောင်းပေးထားတယ်။ တချို့ကျောင်းသား ကျောင်းသူတွေကြတော့လည်း သူတို့သွားရေးလာရေးအဆင်ပြေအောင် စုပေါင်းငှားပြီးသွားရတာတွေ ရှိတာပေါ့။ မော်တော်ယာဉ်ဥပဒေက မထသ အတွက် ထုတ်တာမဟုတ်ပါဘူး။ ကားအားလုံး အတွက်ထုတ်တာပါ။ ပြဋ္ဌာန်း လိုက်တဲ့ဥပဒေက အားလုံးနဲ့ဆိုင်တယ်။ မော်တော်ယာဉ် ထုတ်လုပ်သူနဲ့ လည်းဆိုင်တယ်”ဟုလည်း ၎င်းကဆိုသည်။

မထသ (ဗဟို)ကို ၁၉၆၂ ခုနှစ်မှစ၍စတင်ဖွဲ့စည်းခဲ့ပြီး လက်ရှိအချိန်တွင် မထသ(ဗဟို)၏အောက်တွင် အဖွဲ့အစည်း ၁၈ ခု၊ ယာဉ်လိုင်းပေါင်း ၃၅၀ ကျော်၊ ယာဉ်စီးရေ ခုနစ်ထောင်ကျော်ရှိကာ နေ့စဉ် ယာဉ်စီးရေ ၄၃၀၀ ခန့် ဖြင့်ရန်ကုန်မြို့တွင်း ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

“မော်တော်ယာဉ်ဥပဒေ ထုတ်ပြန်ပြီးနောက် ယာဉ်လိုင်းတချို့မှ ခရီးသည်တင်ယာဉ်များ ရပ်နားထားမှုသတင်းများ ထွက်ပေါ်နေမှုအပေါ် Elite နှင့် JJ အဝေးပြေးယာဉ်လိုင်းတို့မှ တက္ကသိုလ်စာမေးပွဲကာလအတွင်း ဝိုင်းဝန်းကူညီရန်အတွက် မထသ(ဗဟို)သို့ ဆက်သွယ်တင်ပြထားသော်လည်း လိုအပ်ချက်မရှိ၍ တောင်းခံခြင်းမရှိသေးကြောင်း ဦးလှအောင်က တစ်ဆက်တည်းဆိုသည်။

ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်ကမူ “မော်တော်ယာဉ်ဥပဒေထွက်လာတဲ့အခါကြတော့ မော်တော်ယာဉ်ဥပဒေမှာ ပြစ်မှု ပြစ်ဒဏ်က ပြစ်မှုကိုကျူးလွန်ရင် ဒဏ်ငွေ သုံးသောင်းထက်မပိုသော ပြစ်ဒဏ်ခံစားရမယ်လို့ပါထားတယ်၊ မော်တော်ယာဉ်မှာ ယာဉ်မောင်းတွေက သုံးသောင်းဒဏ်ငွေ ရိုက်ခံရမယ်ဆိုတော့ သူတို့မထွက်တော့ဘူးဆိုပြီး လုပ်ကြတာတွေရှိတယ်။ လုံးဝမထွက်တာတော့ မဟုတ်ဘူး၊ သူတို့ဆီမှာ တချို့ကြတော့ ပြေးဆွဲဖို့လိုင်စင် မရှိကြဘူး၊ မရှိကြတဲ့အခါ ငါတို့တော့ သုံးသောင်းဒဏ်ငွေရိုက်ခံရမယ်ဆိုပြီး စိုးရိမ်ကြောက်လန့်ပြီးတော့ မထွက်ကြတာ။ သဘောက ကားအစီးရေ ၅၀ ရှိရင်လေး၊ ငါးစီးလောက် မထွက်တာဘဲပါတယ်။ တရားသူကြီးက ဆင်ခြင်တုံတရားနဲ့ ဒဏ်ကြေးက သုံးသောင်းထက်မပိုသော၊ သုံးသောင်းအောက်လည်း ရိုက်ချင်ရိုက်မှာပေါ့၊ အဲဒီအပေါ်မှာ သုံးသောင်းပေးရမယ်ဆိုပြီး ကြောက်ပြီးတော့မထွက်ကြတာ”ဟု ဖြစ်စဉ်နှင့်ပတ်သက်၍ ကနဦးရှင်းလင်းပြောကြားသည်။

အထက်ပါဖြစ်စဉ်အပေါ် စီစဉ်ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ “တိုင်းဒေသကြီး အစိုးရအဖွဲ့က ဗုဒ္ဓဟူးနေ့ညနေမှာ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကော်မတီမှာ မော်တော်ယာဉ်ပိုင်ရှင်တွေရယ်၊ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးနဲ့ အရာရှိတွေရယ်၊ မထသယာဉ်လိုင်းတွေက တာဝန်ရှိကြတဲ့သူတွေရယ်၊ ယာဉ်လိုင်းတိုင်းမှာပါတဲ့ ဥက္ကဋ္ဌတွေရယ်ခေါ်ပြီး အစည်းအဝေးလုပ်တယ်။ မော်တော်ကားတွေတကယ်လို့ မထွက်လို့ရှိရင် ဘာကြောင့် မထွက်တာလဲ။ အားလုံးကြီးကြပ်ပြီး ခရိုင်လေးခရိုင်က မထသဥက္ကဋ္ဌတွေက စီစဉ်ဆောင်ရွက်နေတယ်။ အားလုံးက ညှိနှိုင်းတိုင်ပင်ပြီးလုပ်တဲ့အခါ အဆင်ပြေပါတယ်။ မော်တော်ယာဉ်တွေက မထွက်တဲ့ကားများလို့ရှိရင် တို့ဘက်ကနေ အကောင်းဆုံးဖြစ်အောင် ကုန်းလမ်းပို့ဆောင်ရေးနဲ့ညှိနှိုင်းထားတယ်။ အစိုးရပိုင်ယာဉ်တွေ၊ တပ်မတော်ယာဉ်တွေနဲ့ အစားထိုးပြေးဆွဲမယ်ဆိုတာ ကောလာဟလတွေပါ။ ကျောင်းသားတွေစာမေးပွဲဖြေတဲ့အခါမှာ အချိန်မီဖြေလို့ရတဲ့အတွက် ကားအစီးရေတွေကို မော်တော်ယာဉ်လိုင်းတွေက ဟိုဘက်လိုင်းကနေ ဒီဘက်လိုင်း၊ အဆင်ပြေတဲ့လိုင်းကနေ ဆွဲခေါ်ပြီး ပြေးဆွဲပေးတယ်။ အခုလက်ရှိပုံမှန်ပြေးဆွဲ ပေးနေတယ်။ ခရီးသွားပြည်သူတွေ၊ ကျောင်းသားတွေ အဆင်ပြေအောင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က မော်တော်ယာဉ်တွေကို သတ်မှတ်ထားတဲ့အချိန်အတိုင်းပြေးဆွဲပေးနေတယ်”ဟု တိုင်းဒေသကြီးဝန်ကြီး ဦးအောင်ခင်က ရှင်းလင်း ပြောကြားသည်။

သို့သော် ရာစုနှစ်ဝက်နီးနီးစည်းကမ်းမဲ့မှုများဖြင့် နာမည်ကျော်ကြားခဲ့သော ရန်ကုန်ဘတ်စ်ကားလိုင်းအများစုကိုမူ မြို့ခံခရီးသွား ပြည်သူများက စိတ်ပျက်လျက်ရှိသည်။

ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာမောင်အောင်ကမူ “ကျွန်တော်တို့က အများသယ်ယူပို့ဆောင်ရေးအတွက် ကားကမှာပြီးပြီ။ ကားက အသစ်တွေပဲ မှာတာပါ။ ၂၀၁၅ မော်ဒယ် အသစ်တွေ။ အဓိကက တရုတ်၊ ကိုရီးယား၊ ဆွီဒင် သုံးနိုင်ငံက ၆၅ စီးမှာထားတယ်။ အနည်းဆုံး သုံးလကြာမယ်။ အဲဒီကြားထဲမှာ မှတ်တိုင်ရွှေးတာတို့၊ မှတ်တိုင်ဆောက်တဲ့လုပ်ငန်းတို့ စပြီ။ ပြည်လမ်းတစ်လျှောက် ၁၁ ခု ရှိတယ်။ ကမ္ဘာအေးဘုရားလမ်းမှာ ၁၁ ခု၊ အခု စပြီ၊ မှန်းတာက ကားရောက်တာနဲ့ ပြေးလို့ရအောင်ပေါ့၊ အရန်သင့်ဖြစ်နေပါပြီ၊ ရုံးလည်းဆောက်ထားပြီးပြီ၊ ဟိုဘက်ကပါမစ်ကျပြီဆိုရင် ဆက်လုပ်လို့ရပြီ၊ မှန်းထားတာက နိုဝင်ဘာလကုန်လောက်ဖြစ်မယ်ထင်တယ်။ ကားမောင်းသမားတော့ မခန့်ရသေးဘူး။ နိုင်ငံတကာမှာ

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

“တိုင်ကြားမှုများမှာ ယာဉ်စီးခပိုတောင်းမှုအပေါ် ၉၅၇ ကြိမ်၊ မချေမငံ/ရိုင်းပျစွာ ဆက်ဆံမှုအပေါ် ၂၀၆ ကြိမ်၊ သတ်မှတ်လမ်းကြောင်း မမောင်းမှုအပေါ် ၅၇ ကြိမ်၊ သတ်မှတ် မှတ်တိုင်မရပ်မှုအပေါ် ၇၆ ကြိမ်၊ အရှိန်ပြင်းမောင်း/ ယှဉ်ပြိုင်မောင်းမှုအပေါ် ၁၀ ကြိမ်၊ ဟွန်းတီးမောင်းမှုအပေါ်သုံးကြိမ်၊ ကိုယ်ထိလက်ရောက်ကျူးလွန်မှု အပေါ် ၁၃ ကြိမ်၊ ဂိတ်စ/ဂိတ်ဆုံးမမောင်းမှုအပေါ် ၉၂ ကြိမ်၊ မဆင်မခြင်မောင်းမှုအပေါ် ၃၇ ကြိမ်၊ ယာဉ်ပေါ်မှ ကွမ်းတံတွေးထွေးမှုအပေါ်နှစ်ကြိမ်၊ ယာဉ်ပေါ်အရက်သောက်၊ ယာဉ်ပေါ်ဆေးလိပ်သောက်မှုအပေါ် တစ်ကြိမ်စီပါဝင်ကြောင်း အဆိုပါ မှတ်တမ်းများအရသိရ”

ပြည်ပနိုင်ငံများနှင့် ရေကြောင်းကုန်သွယ်မှုပြုလုပ်နိုင်မည့် ဂျပန်နိုင်ငံလုပ် ဥသာအမည်ရှိသင်္ဘောဖွင့်လှစ်

သတင်း - ဝေယံဦး
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် စက်တင်ဘာ ၁၉

ပြည်ပနိုင်ငံများနှင့်ရေကြောင်းကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးမြင့်ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်းက "ဥသာ" အမည်ရှိ သင်္ဘောတစ်စင်းဝယ်ယူခဲ့သည်။ ဂျပန်နိုင်ငံတွင်တည်ဆောက်ခဲ့သည့်ယင်းကုန်တင်သင်္ဘောဖွင့်ပွဲကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်း၌ စက်တင်ဘာ ၁၉ ရက်နံနက်က ကျင်းပရာတပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ဥသာအမည်ရှိ ကုန်တင်သင်္ဘောကို မြန်မာ့ကြယ်ငါးပွင့်လုပ်ငန်းက ဝယ်ယူခဲ့ပြီး ၂၀၁၅ ခုနှစ် ဇူလိုင် ၂၃ ရက်က လွှဲပြောင်းရယူခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံ SHI KO KU DOCKYARD TAKAMATSU ၌ ၁၉၉၅ ခုနှစ်က တည်ဆောက်ခဲ့သော ဝမ်းပုံလောင်းအထွေထွေ ကုန်တင်သင်္ဘောအမျိုးအစားဖြစ်ကြောင်းသိရသည်။

ဥသာသင်္ဘော၏အရွယ်အစားမှာ အလျား ၁၄၈ ဒသမ ၁၇မီတာ၊ အနံ ၂၂ ဒသမ ၈၀မီတာနှင့် အမြင့် ၁၂ ဒသမ ၂၀ မီတာဖြစ်ပြီး ကုန်တန်ချိန် တန် ၁၈၃၁၅ ဒသမ ၄၀ အထိ တင်ဆောင်နိုင်သည့်သင်္ဘောလည်းဖြစ်သည်။ သင်္ဘောမောင်းနှင်အားမှာတစ်နာရီ ရေမိုင် ၁၃ ဒသမ ၅၀ နှုန်းဖြစ်ပြီး တစ်ရက်ဆီစားနှုန်းမှာ ပင်လယ်အတွင်း၌ မီးထိုးဆီဖြင့် ၁၉ တန်နှင့် ဒီဇယ်ဆီ ၁ ဒသမ ၃ တန်ဖြစ်သည်။ ဆိပ်ကမ်းဆိုက်ကပ်၊ ရွှေ့ပြောင်းဆီစားနှုန်းမှာ တစ်ရက်လျှင် ဒီဇယ်ဆီ ၂ ဒသမ ၁ တန်ဖြစ်သည်။

ဥသာ ကုန်တင်သင်္ဘောသည် ပင်လယ်တွင်းခုတ်မောင်းစဉ် စက်သုံးဆီ ထပ်မံ့မဖြည့်ဘဲ ခရီးအကွာအဝေးရေမိုင် ၁၁၀၀၀ အထိမောင်းနှင်နိုင်ပြီး ကုန်ပေါက်လေးပေါက်ပါရှိသော သင်္ဘောဖြစ်သည်။ သင်္ဘောပေါ်တွင် ဝန်ထမ်းစုစုပေါင်း ၂၃ ဦးလိုက်ပါမည်ဖြစ်ပြီး အရာရှိကိုးဦးနှင့် အခြားအဆင့် ၁၄ ဦးတို့က တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလုပ်ငန်း ကုမ္ပဏီလီမိတက်သည် ၁၉၅၉ ခုနှစ် ကတည်းက စတင်တည်ထောင်လုပ်ကိုင်ခဲ့သော ကုန်သွယ်ရေကြောင်းပြေးဆွဲသည့် လုပ်ငန်းဖြစ်ရာ ယခုအခါသက်တမ်းနှစ် ၅၀ကျော်ခဲ့ပြီဖြစ်သည်။ မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းတွင် သက်တမ်းရင့် သင်္ဘောခုနစ်စင်းခန့်ရှိနေရာ ယင်းတို့ကိုရောင်းချခဲ့ပြီး သက်တမ်းနုသင်္ဘောများဖြင့် အစားထိုးပြေးဆွဲလျက်ရှိပြီး ယခုဥသာသင်္ဘောသည် တတိယမြောက်သင်္ဘောလည်းဖြစ်သည်။

ဥသာသင်္ဘောသည် မြန်မာ့ဆိပ်ကမ်းများသို့ အချိန်မရွေး ဝင်ထွက် သွားလာနိုင်သည့် အလျား၊ အနံနှင့် ရေစူးများရှိပြီး ကုန်တန်ချိန် ၁၈၀၀၀ ကျော် တင်ဆောင်နိုင်သည့် အတွက် ပို့ကုန်သွင်းကုန်များကို တိုးမြှင့် သယ်ယူပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံနှင့် အာရှနိုင်ငံများရေကြောင်းကုန်သွယ်မှုကို တိုးမြှင့်စေရန် အထောက်အကူပြုပေးနိုင်မည်ဖြစ်သည်။

စာမျက်နှာ ၁၁ မှ

လည်း ပို့ဆောင်ရေးလုပ်ငန်းဆိုတာ ကုမ္ပဏီကြီးတွေ တစ်ခု၊ နှစ်ခုပဲရှိတာဆိုတော့ ထိန်းသိမ်းဖို့လွယ်တာပေါ့။ ကျွန်တော်တို့ တစ်နှစ်လောက် လုပ်ပြီးတာနဲ့ ရန်ကုန်မြို့တစ်မြို့လုံးကို ဖြန့်ကြက်လို့ရတဲ့ ကွန်ရက်ပါ။ တောင်မြောက်ကို ဘီအာတီ ဘတ်စ်ကားလိုင်းတွေ၊ အမိုကက လှိုင်သာယာဘက်ကနေ ရှစ်မိုင်ကိုဖြတ်ပြီးတော့ တစ်လိုင်းရှိတယ်။ အရှေ့ဘက်ကနေ ဒဂုံဘက်လိုင်းက ပါရမီလိုင်းရှိတယ်။ တောင်ဘက်မှာဆိုရင် ဗိုလ်တထောင်ဘုရားကိုလာမယ့် ဟာ နဂိုလမ်းကြောင်းကို ပြန်တက်ပြီးသွားမယ်။ နိုင်ငံတကာမှာသွားတဲ့နည်းလမ်းက အမြန်ဘတ်စ်ကားစနစ်၊ အင်မတန်စနစ်ကျတယ်၊ ကျွန်တော်တို့က အခုအချိန်မှာ တံတားဆောက်တဲ့လုပ်ငန်းတွေရှိသေးတော့ ခဏစောင့်ရတာပါ"ဟုဆိုသည်။

ဆက်လက်၍ "အခုဖြစ်တဲ့ကိစ္စဆိုရင် ပုဂ္ဂလိကပိုင်ကုမ္ပဏီကြီးတွေပဲ လုပ်ရင် ပြဿနာမရှိဘူး။ သုံးသပ်ကြည့်တာက လက်ရှိဖြစ်နေတဲ့ ကားစနစ်က တစ်ဦးချင်းပိုင်တယ်။ ကိုယ်ရကိုယ်ယူပေါ့၊ မှားနေတာတစ်ခုက လက်ရှိ စနစ်မှာ ဒရိုင်ဘာကိုပဲ ပိုက်ဆံရှာခိုင်းတဲ့စနစ်ဖြစ်နေတယ်။ ပိုက်ဆံရှာခိုင်းတော့ စည်းမျဉ်းစည်းကမ်းလည်း မလိုက်နာတော့ဘူး။ ပိုက်ဆံရဖို့ပဲ အဓိကဖြစ်လာတဲ့အခါ စီးရတဲ့သူအတွက် လုံခြုံမှုမရှိဘူး၊ ဆက်ဆံရေးမကောင်း၊ ဝန်ဆောင်မှုက မကောင်းဘူးပေါ့၊ အခုဖြစ်တဲ့ ဟာမျိုးဆိုရင် ဒဏ်ငွေမြှင့်တာပါ။ မြှင့်တယ်ဆိုပေမယ့် စည်းကမ်းလိုက်နာတဲ့သူအတွက် ပြဿနာမရှိပါဘူး။ မျှားသောအားဖြင့် စည်းကမ်းက ဖောက်နေကြဖြစ်တော့ လျော်ရတဲ့အခါမှာ ဒဏ်ငွေဆောင်ရရင် မတတ်နိုင်ဘူး။ ဖြစ်တတ်ပါတယ်"ဟု ယခု ဖြစ်စဉ်နှင့် ဆက်စပ်နေသည့် ရန်ကုန်ဘတ်စ်ကားလိုင်းစနစ်အပေါ် ၎င်းက သုံးသပ်ပြောကြားသည်။

ဒဏ်ကြေးတိုးမြှင့်မှုများပါဝင်သည့် အဆိုပါမော်တော်ယာဉ်ဥပဒေသစ် ပြဋ္ဌာန်းပြီးနောက် စက်တင်ဘာ ၁၁ ရက်မှ ၁၇ ရက် ရက်သတ္တပတ်အတွင်း ချလန်ဖြတ်ဖမ်းဆီးမှု ပေါင်း ၅၀၇၃ မှရှိခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှ သိရသည်။

အလားတူ လိုင်စင်ပိတ်သိမ်းသည့်အမှု ၁၈ မျိုး၊ အရေးယူမှု ၅၃၆ မှု၊ စည်းကမ်းပျက်အနှေးယာဉ် ဖမ်းဆီးအရေးယူမှု ၃၀၊ ကြားကား ဖမ်းဆီးအရေးယူမှု လေးစီး၊ စည်ပင်(အတွင်း)မြို့နယ်များ၌ လိုင်စင်ရှိ/မဲ့ ဆိုင်ကယ် အရေးယူမှု ၁၁၆ စီး၊ စည်ပင် (ပြင်ပ) မြို့နယ်များ၌ ဆိုင်ကယ်ဖမ်းဆီး အရေးယူမှု ၃၉ စီး၊ လမ်းပြောင်းပြန် ဖမ်းဆီးအရေးယူမှု ၂၂ စီး၊ ဟွန်းတီး ယာဉ်ဖမ်းဆီးအရေးယူမှုတွင် ခရီးသည်တင်ယာဉ်တစ်စီး၊ မီးနီဝင်ဖမ်းဆီး အရေးယူမှု ၄၁ စီး၊ မီးပွိုင့် လူတင်/လူချ တစ်မှု၊ ဘေးတွယ်/ နောက်တွယ်/ အမိုးစီး အရေးယူမှု သုံးမှုဖြင့် အမှုအမျိုးအစားအလိုက် ဖမ်းဆီးမှုများလည်း ပါဝင်ကြောင်း သိရသည်။

ရာစုနှစ်ဝက်နီးနီး စည်းကမ်းမဲ့မှုများနှင့် နာမည်ကျော်ကြားခဲ့သည့် ရန်ကုန်ဘတ်စ်ကားလိုင်းများအပေါ် မြို့ခံခရီးသည်အချို့၏ တိုင်ကြားမှုများကလည်း နေ့စဉ်လိုလို ရှိခဲ့သည်။

မထသ(ဗဟို)ကော်မတီ စီမံမှုအောက်ရှိ ယာဉ်လိုင်းများကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ခရီးသည်များ၏ တိုင်ကြားမှု စုစုပေါင်းမှာ ၁၄၅၅ ကြိမ် အထိ ရှိခဲ့ကြောင်း မထသ(ဗဟို)၏ မှတ်တမ်းများအရ သိရသည်။

တိုင်ကြားမှုများမှာ ယာဉ်စီးခပိုတောင်းမှုအပေါ် ၉၅၇ ကြိမ်၊ မရေမင်/ရိုင်းပျစ္စာ ဆက်ဆံမှုအပေါ် ၂၀၆ ကြိမ်၊ သတ်မှတ်လမ်းကြောင်း မမောင်းမှုအပေါ် ၅၅ ကြိမ်၊ သတ်မှတ်မှတ်တိုင်မရပ်မှုအပေါ် ၇၆ ကြိမ်၊ အရှိန်ပြင်းမောင်း/ ယှဉ်ပြိုင်မောင်းမှုအပေါ် ၁၀ ကြိမ်၊ ဟွန်းတီး မောင်းမှုအပေါ် သုံး ကြိမ်၊ ကိုယ်ထိလက်ရောက်ကျူးလွန်မှု အပေါ် ၁၃ ကြိမ်၊ ဂိတ်စ/ ဂိတ်ဆုံး မမောင်းမှုအပေါ် ၉၂ ကြိမ်၊ မဆင်မခြင် မောင်းမှုအပေါ် ၃၇ ကြိမ်၊ ယာဉ်ပေါ်မှ ကွမ်းတံတွေးထွေးမှုအပေါ် နှစ်ကြိမ်၊ ယာဉ်ပေါ် အရက်သောက်၊ ယာဉ်ပေါ် ဆေးလိပ်သောက်မှုအပေါ် တစ်ကြိမ်စီပါဝင်ကြောင်း အဆိုပါမှတ်တမ်းများ အရသိရသည်။

၂၀၁၃ ခုနှစ်တွင် ခရီးသည်များ တိုင်ကြားမှုမှာ တစ်နှစ်တာ စုစုပေါင်း အကြိမ် ၃၃၀ သာရှိခဲ့ပြီး ၂၀၁၄ ခုနှစ် တစ်နှစ်တာတိုင်ကြားမှုမှာမူ အကြိမ် ပေါင်း ၁၄၈၅ ကြိမ် အထိရှိလာသည်။ ယခု ၂၀၁၅ ခုနှစ်တွင်မူ နှစ်ဝက်ကျော်ကာလအတွင်း ၁၄၅၅ ကြိမ် ဖြစ်လာသည်ကို အဆိုပါ မှတ်တမ်းများအရ သိရသည်။

အဆိုပါတိုင်ကြားမှုများနှင့်စပ်လျဉ်း၍ မထသ(ဗဟို)က အထူးစစ်ဆေးရေးအဖွဲ့ ၁၆ ဖွဲ့ဖြင့် ၂၀၁၅ ခုနှစ် ဇန်နဝါရီမှ စက်တင်ဘာ ၁၀ ရက်အထိ စုစုပေါင်း အကြိမ် ၇၀ ကွင်းဆင်းပြီး ယာဉ်စီးရေ ၂၈၈၃၁ စီးကို စစ်ဆေးခဲ့ရာ ၄၄၇၂ မှုကို ကျူးလွန်ကြောင်းစစ်ဆေးတွေ့ရှိခဲ့သည်။

သို့သော် မထသ(ဗဟို)သို့ ခရီးသည်များ၏ ယခု တိုင်ကြားမှု စာရင်းဇယားများမှာ လက်တွေ့မြေပြင် စည်းကမ်းမဲ့မှုအခြေအနေများနှင့် နှိုင်းယှဉ်လျှင်များစွာလျော့နည်းလျက်ရှိရာ ယခုကျင့်သုံးဆဲ ရန်ကုန်ဘတ်စ်ကားလိုင်းများ၏ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်း၊ တစ်တောဝ တစ်ကြက်ဖ စနစ်အပေါ်ကိုလည်း ဦးတွေ့ စိတ်ပျက်လျက်ရှိကြသည်။

အလားတူ အသစ်ပြဋ္ဌာန်းလိုက်သည့် မော်တော်ယာဉ် ဥပဒေသစ်တွင် စည်းကမ်းမဲ့ယာဉ်များအပေါ် ဒဏ်ကြေးငွေ အဆ ၂၀ တိုးမြှင့်လိုက်မှုကို အကြောင်းပြု၍ ခရီးသည် တင်ယာဉ်လိုင်းအချို့၏ ပြေးဆွဲမှု ရပ်နားခဲ့မှုကြောင့် အခက်အခဲတွေ့ခဲ့ရမှုအပေါ်လည်း စိတ်မသက်မသာဖြစ်ကြရသည်။

"ကိုယ့်ရဲ့ထမင်းရှင်အပေါ် စော်ကားတဲ့လုပ်ရပ်မျိုးကိုတော့ ကျွန်မတို့ လက်မခံချင်ဘူး၊ သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ တက္ကသိုလ်အဆင့် စာမေးပွဲကာလမှာ ဒီလိုရပ်နားပြီး ဆန္ဒပြသလိုလုပ်တဲ့ ယာဉ်လိုင်းအချို့ကို ရန်ကုန်လိုင်စင်ပိတ်သိမ်းပြီး နယ်ကိုပို့သင့်တယ်၊ ဒီထက် ဆိုးလာရင်တော့ လိုင်းကပြေးဆွဲမှုကို ရပ်ပစ်သင့်တယ်"ဟု လက်ရှိတက္ကသိုလ်စာမေးပွဲဖြေဆိုနေဆဲ ကျောင်းသူ တစ်ဦး၏မိခင်ဖြစ်သူ ရန်ကုန်မြို့ သုဝဏ္ဏ ၂၉ ရပ်ကွက်နေ ဒေါ်သီတာက ဆိုသည်။

မထသ(ဗဟို)တွင် ရန်ကုန်မြို့တွင်း နေ့စဉ်ပြေးဆွဲနေသည့် ယာဉ်စီးရေ ၄၃၀၀ အနက် စက်တင်ဘာ ၁၉ ရက် ညနေ ၄ နာရီစာရင်းများအရ ယာဉ်စီးရေ ၄၂၃၁ စီး ပြန်လည်ပြေးဆွဲလျက်ရှိသည်။

"ကိုယ့်ရဲ့ထမင်းရှင်အပေါ် စော်ကားတဲ့လုပ်ရပ်မျိုးကိုတော့ ကျွန်မတို့ လက်မခံချင်ဘူး၊ သက်ဆိုင်ရာတာဝန်ရှိသူတွေအနေနဲ့ တက္ကသိုလ်အဆင့် စာမေးပွဲကာလမှာ ဒီလိုရပ်နားပြီး ဆန္ဒပြသလိုလုပ်တဲ့ ယာဉ်လိုင်းအချို့ကို ရန်ကုန်လိုင်စင်ပိတ်သိမ်းပြီး နယ်ကိုပို့သင့်တယ်၊ ဒီထက် ဆိုးလာရင်တော့ လိုင်းကပြေးဆွဲမှုကို ရပ်ပစ်သင့်တယ်"ဟု လက်ရှိတက္ကသိုလ်စာမေးပွဲ ဖြေဆိုနေဆဲ ကျောင်းသူတစ်ဦး၏ မိခင်ဖြစ်သူ ရန်ကုန်မြို့ သုဝဏ္ဏ ၂၉ ရပ်ကွက်နေ ဒေါ်သီတာက ဆို။

မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကြိုဆိုသောအားဖြင့် စုပေါင်းသန့်ရှင်း

ရန်ကုန် စက်တင်ဘာ ၁၉

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ က၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့်(၅၁) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းများနှင့် သွေးလှူဒါန်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၁၉ ရက်နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူး ပြည့်စုံဦးဆောင်သည့် တပ်ဖွဲ့ဝင်များ၊ စာရေးဝန်ထမ်းများနှင့် ရဲအကူတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ ပါဝင်သည့်အင်အား ၂၀၀၊ အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ထွေးဦးဆောင်သည့် တပ်ဖွဲ့ဝင် ၂၀၀၊ အနောက်ပိုင်း ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ထွဋ်ဦး ဦးဆောင်သည့်တပ်ဖွဲ့ဝင် ၂၀၀၊ တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှဒုရဲမှူးကျော်သိန်း ဦးဆောင်သည့် တပ်ဖွဲ့ဝင် ၁၀၀၊ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးဒုတိယရဲမှူးကြီး မြင့်လွင် ဦးဆောင်သည့်တပ်ဖွဲ့ဝင် ၁၀၀ စုစုပေါင်း အင်အား ၈၀၀ တို့က ရန်ကုန်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ သူနာပြုဆောင်၊ လူနာဆောင် ပတ်ဝန်းကျင်နှင့် ဦးနှောက်နှင့် အာရုံကြောကုသဆောင်ဝင်းအတွင်းရှိ ချိန္ဓယ်ပိတ်ပေါင်းနှင့်မြက်ခင်းများကို ခုတ်ထွင်ရှင်းလင်းကာစုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာသို့တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်ဝင်းနိုင်က လိုက်လံကြည့်ရှုအားပေးခဲ့ပြီး လုပ်အားပေးတပ်ဖွဲ့ဝင်များအား လက်ဖက်ရည်၊ ကောက်ညှင်းပေါင်း၊ အကြော်စုံတို့ဖြင့် ကျွေးမွေးဧည့်ခံခဲ့သည်။

စက်တင်ဘာ ၂၀ ရက်တွင်လည်း ရန်ကုန်ပြည်သူ့ဆေးရုံကြီးဗဟို သွေးလှူဘဏ်၌ တိုင်းရဲတပ်ဖွဲ့မှူးရုံး၊ ခရိုင်ရဲတပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များနှင့်စာရေး ဝန်ထမ်းများက စုပေါင်း၍ သွေးလှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

စင်းလုံးဌားမန်းရွှေမြို့တော် မော်တော်ယာဉ်နှင့် ဘုရားဖူးမော်တော်ယာဉ်တို့ ယာဉ်မတော်တဆမှုဖြစ်ပွား

နေပြည်တော် စက်တင်ဘာ ၁၉

မြဝတီမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် စင်းလုံးဌားမန်းရွှေမြို့တော်ခရီးသည်တင်ယာဉ်နှင့် လယ်ဝေးမြို့နယ်မှ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ကျောက်စိမ်းစေတီတော်သို့ သွားရောက်ဖူးမြော်မည့် ဘုရားဖူးမော်တော်ယာဉ်တို့ အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၈၁ မိုင် ၄ ဖာလုံ၌ ယနေ့နံနက် ၅ နာရီ ၁၅ မိနစ်တွင် ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် ယာဉ်နှစ်စီးပေါ်၌လိုက်ပါလာသည့် ခရီးသည် ၂၆ ဦး ဒဏ်ရာရရှိခဲ့ပြီး မိတ္ထီလာပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ကုသပေးလျက်ရှိရာ မိတ္ထီလာဆေးရုံ၌ အတွင်းလူနာ ၁၄ ဦးနှင့် အပြင်လူနာ ၁၂ ဦးတို့ ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။ ယာဉ်တိုက်မှုကြောင့် အမျိုးသမီးတစ်ဦး သေဆုံးသွားကြောင်း သိရသည်။

အခင်းဖြစ်ပွားမှုမတိုင်မီ မန်းရွှေမြို့တော်မော်တော်ယာဉ်မှာ ခရီးသည် ၁၆ ဦးတင်ဆောင်လာပြီး အဆိုပါယာဉ်ကို ယာဉ်မောင်း ဦးစောနေအောင်က မောင်းနှင်လာသည်။

အလားတူ လယ်ဝေးမြို့မှ ဘုရားဖူးမော်တော်ယာဉ်အား ဘုရားဖူး ၂၂ ဦးတင်ဆောင်လာပြီး ယာဉ်မောင်း ကိုသိန်းလွင်က မောင်းနှင်လာပြီး မိုင် ၂၈၁ မိုင်အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ မန်းရွှေမြို့တော်ခရီးသည်တင်ယာဉ်က ဘုရားဖူးယာဉ်အား အနောက်ဘက်မှ အရှိန်ဖြင့် တိုက်မိခဲ့ကြောင်း ကနဦးစစ်ဆေးချက်များအရ သိရသည်။

"ကျွန်တော်က အရှိန်နည်းနည်းနဲ့ မောင်းလာတယ်။ အဲ့ဒါကို သူက နောက်ကနေ ဝင်တိုက်လိုက်တဲ့အခါကျတော့ ကျွန်တော့်ကားက ဘေးကို ဆွဲချသွားတယ်၊ အဲ့ဒါမမှောက်အောင် မနည်းထိန်းပြီး ရပ်လိုက်ရတယ်။ ရပ်လိုက်တဲ့အခါမှာ ကားနှစ်စီးက ကပ်လျက်ဖြစ်နေတယ်။ ခေါင်းခန်းမှာ ထိုင်တဲ့လူတွေကို မနည်းဆွဲထုတ်ရတယ်"ဟု ဘုရားဖူးယာဉ်မောင်းကိုသိန်းလွင်က ပြောသည်။

"ဖြစ်ဖြစ်ချင်း ကျွန်တော်တို့ မိနစ်အနည်းငယ်အတွင်း အခင်းဖြစ်ပွားရာနေရာကို ရောက်ပါတယ်။ ဘုရားဖူးယာဉ်က ရှေ့ကသွားနေတယ်။ မန်းရွှေမြို့တော်ယာဉ်နောက်ကနေ အရှိန်နဲ့ ဝင်တိုက်လိုက်တဲ့အခါကျတော့ လမ်းဘေးကို ရောက်သွားတာ တွေ့ရတယ်။ အခု စစ်ဆေးမှုတွေ လုပ်နေပါတယ်။ အပြင်းအထန် ဒဏ်ရာရသူ လေးဦး ငါးဦးခန့်ရှိမယ်" ဟု ကနဦးစစ်ဆေးချက်များအပေါ် သီးကုန်းစခန်းမျူး ဒုရဲမျူး မြင့်စိုးနိုင်က ပြောသည်။

"ကျွန်တော်တို့ ကယ်ဆယ်ရေးအဖွဲ့တွေက ၅ နာရီခွဲ လောက်ရောက်လာတယ်။ ကျွန်တော်တို့ ရောက်တဲ့အချိန်မှာ လူနာအချို့က လူနာတင်ယာဉ်ပေါ် ရောက်နေပြီ။ မန်းရွှေမြို့တော်ယာဉ်ပေါ်မှာ ညှပ်နေတဲ့ နှစ်ယောက်ကိုတော့ ဆွဲထုတ်ပေးခဲ့ပါတယ်။ ကျွန်တော်တို့ ရောက်တဲ့အချိန် လူနာ ၁၀ ယောက်လောက်ရှိတယ်။ အပြင်းအထန် ဒဏ်ရာရတဲ့သူတွေလည်းပါတယ်၊ အဲ့ဒီလူတွေကို ကျွန်တော်တို့ မီးသတ်တွေနဲ့ ရဲတွေ ပိုင်းကူညီပြီး ဆေးရုံပို့ပေးခဲ့တယ်" ဟု သီးကုန်းအမြန်လမ်းမီးသတ်စခန်းမှ တပ်သား ကိုနေမျိုးထက်က ပြောသည်။ ယင်းဖြစ်စဉ်ကြောင့် မန်းရွှေမြို့တော်ယာဉ်မောင်းအား သီးကုန်းအမြန်လမ်းမကြီးရဲစခန်း၌ ယာဉ် (ပ) ၂၄/၂၀၁၅ ဖြင့် ပြစ်မှုပုဒ်မ ၃၀၄-က ၃၃၈-၃၃၇ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ညီညီထွန်းနှင့် အဖွဲ့
ဓာတ်ပုံ-ရွှေကိုကိုလေး

ဖက်တောကျေးရွာ၌ ပေါက်ကွဲမှုဖြစ်ပွား၊ ကလေးငယ်နှစ်ဦးသေ

နတ်မောက် စက်တင်ဘာ ၁၉

နတ်မောက်မြို့နယ် ဆည်ကြီးကျေးရွာအုပ်စု ဖက်တောကျေးရွာ၌ စက်တင်ဘာ ၁၈ ရက်က ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့သောကြောင့် ကျေးရွာနေ ကလေးငယ်နှစ်ဦးသေဆုံးသွားခဲ့ကြောင်း ရွှေပန်းတောနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၈ ရက်ညနေ ၃ နာရီ ၁၅ မိနစ်က ဖက်တောကျေးရွာနေ ဦးဖိုးနီ (၄၅ နှစ်)၏နေအိမ်ဝင်း အနောက်ဘက်ရှိ မန်ကျည်းပင်ခြေရင်း၌ ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် ကလေးငယ်သုံးဦး ဒဏ်ရာများရရှိခဲ့ကြောင်း သတင်းအရ နတ်မောက်မြို့နယ် ရွှေပန်းတောနယ်မြေရဲစခန်းမှ ရဲအုပ်စိန်တိုးက အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့သည်။

ပေါက်ကွဲမှုကြောင့် မန်ကျည်းပင်အနီး၌ ဆော့ကစားနေသော မောင်ဟိန်းကို (လေးနှစ်)၊ မတင်မာဖြိုး (သုံးနှစ်)နှင့် မောင်အောင်မျိုးဇော်(လေးနှစ်တို့ ဒဏ်ရာများရရှိသဖြင့် မိတ္ထီလာဆေးရုံသို့ တင်ပို့ကုသခဲ့ရာမှ မတင်မာဖြိုးနှင့် မောင်အောင်မျိုးဇော်တို့နှစ်ဦးသည် ဆေးရုံ၌ သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ဦးဖိုးနီ၏ နေအိမ်ဝင်းအနောက်ဘက်ရှိ မန်ကျည်းပင်နှင့် သုံးပေခန့်အကွာ၌ အကျယ်လေးလက်မ၊ အနက်ကိုးလက်မခန့်ရှိ ကျင်းတစ်ကျင်း၊ ထိုကျင်းအတွင်းမှ အချင်းသုံးလက်မဆိုက် အရှည်လေးလက်မခန့် သတ္တုပိုက်အစတစ်ခု၊ အနီးတွင် အရှည်တစ်လက်မခန့် သတ္တုအပိုင်းအစနှစ်ခု၊ မန်ကျည်းပင်အနီးရှိ နေအိမ်တစ်လုံး၏ထရံ၌ အပေါက်ငယ် ၁၀ ခုတို့ကိုတွေ့ရှိခဲ့ပြီး ပေါက်ကွဲမှုဖြစ်ပွားရခြင်းအကြောင်းအရင်း သိရှိနိုင်ရန်အတွက် နတ်မောက်မြို့နယ် နယ်မြေခံတပ်စခန်းသို့ အကြောင်းကြား ဆောင်ရွက်ထားကြောင်း၊ ရွှေပန်းတောနယ်မြေရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ထိုဖြစ်စဉ်နှင့် ပတ်သက်၍ နတ်မောက်မြို့နယ် ရွှေပန်းတောနယ်မြေရဲစခန်းက အမှုဖွင့်ထားသည်။

ကျော်ဇေယျ

သာစည်မြို့နယ်၌ မိုးမရွာဘဲ မိုးကြိုးပစ်သေဆုံး

သာစည် စက်တင်ဘာ ၁၉ မိတ္ထီလာခရိုင် သာစည်မြို့ အနောက်မြောက်ဘက် ငါးမိုင်အကွာ ဆည်ရွာကျေးရွာတွင် အရှေ့ဘက်တစ်မိုင်ခန့်အကွာ ဦးတင်ကြိုင်၏လယ်ထဲ၌ စက်တင်ဘာ ၁၆ ရက် ညနေ ၆ နာရီခွဲက ဦးတင်ကြိုင်၏ သားသမီးများဖြစ်ကြသော ဇွဲမောင်မောင် (ခုနစ်နှစ်)၊ စိုးစံဝင်း (ရှစ်နှစ်)၊ နှင်းနှင်းမာ (၁၀ နှစ်)နှင့် သူငယ်ချင်း စိုးမင်းလတ် ခုနစ်နှစ်တို့သည် မီးဖိုတဲအနီးတွင် ကစားနေကြစဉ် မိုးမရွာဘဲ မိုးကြိုးပစ်ခံရပြီး ဦးတင်ကြိုင်၏သား စိုးစံဝင်း (ရှစ်နှစ်)မှာ နေရာ၌ပင် သေဆုံးသွားခဲ့သည်။ မနှင်းနှင်းမာမှာ နားအူပြီး စိုးမင်းလတ်မှာ နာကျင်ဒဏ်ရာနှင့် ဦးတင်ကြိုင်၏ သား ဇွဲမောင်မောင် စက်ကွင်းမိပြီး မီးလောင်ဒဏ်ရာပြင်းထန်သဖြင့် သာစည်ဆေးရုံသို့ အတွင်းလူနာအဖြစ် တင်ပို့ထားရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ဟံဇားရဲစခန်းက သေမှုသေခင်း ရေးဖွင့်ထားကြောင်း သိရသည်။

တင်လှိုင်(မိတ္ထီလာ)

အကျဉ်းသားတစ်ဦးထံမှ မူးယစ်ဆေးဝါး သိမ်းဆည်းရမိ

ကသာ စက်တင်ဘာ ၁၉

စက်တင်ဘာ ၁၈ ရက်က ကသာအကျဉ်းထောင်မှ အချုပ်သစ်အကျဉ်းသားတစ်ဦးထံမှ မူးယစ်ဆေးဝါးသိမ်းဆည်းရမိကြောင်းသတင်းပို့သဖြင့် ကသာမြို့မရဲစခန်းမှသွားရောက်စစ်ဆေးခဲ့ရာ ဗန်းမောက်မြို့မရဲစခန်းက ခရိုင်တရားရုံးတွင် တရားစွဲတင်သည့် ရာကြီး ၁၄၀/၂၀၁၅ မူးစိတ်ပုဒ်မ ၁၅/၁၉(က) /၂၁ အမှုမှ ပြစ်မှုကျူးလွန်သူ ဝင်းဖေအား ကသာအကျဉ်းထောင်၌လက်ခံစဉ် အကျဉ်းထောင် တာဝန်မှူးနှင့်အဖွဲ့မှစစ်ဆေးခဲ့ရာ ၄င်းတွင်ပါရှိသည့် ဘိန်းဖြူဟုယူဆရသည့် အမှုန့်ထုပ် ၀ ဒသမ ၀၀၁ ဂရမ် စစ်ဆေးတွေ့ရှိသည်။

ဝင်းဖေ၏အစစ်ခံချက်အရ မူးယစ်ဆေးဝါးများကို စက်တင်ဘာ ၁၈ ရက်က ခရိုင်တရားရုံးထုတ်စဉ် ၄င်း၏ဇနီးမအေးပိုက လာရောက်ပေးပို့ခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးနှင့်အတူ တွေ့ရှိသူ ဝင်းဖေ (၃၁ နှစ်)ကို ကသာမြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်းသိရသည်။

ဦးရဲ(ကသာ)

လမ်းပေါ်လဲကျနေသည့် သစ်ကိုင်းကို ဆိုင်ကယ်ဖြင့်တိုက်မိ၍ နှစ်ဦးသေဆုံး

မင်းဘူး စက်တင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် မင်းဘူး-မင်းလှ ကားလမ်း မိုင်တိုင်အမှတ် (၆/၅)နှင့် (၆/၆)အကြားခွဲ စက်တင်ဘာ ၁၇ ရက် ည ၁၀ နာရီ မိနစ် ၅၀ ခန့်က ဆိုင်ကယ်တိမ်းမှောက်မှု ဖြစ်ပွားကြောင်း သတင်းအရ မင်းဘူးမြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

မင်းဘူး-မင်းလှ ကားလမ်းတွင် မင်းလှမှ မင်းဘူးဘက်သို့ မင်းဘူးမြို့နယ် ဖလံရုံကျေးရွာနေ ဇဗျူကျော်(၁၉နှစ်) မောင်းနှင်ပြီး နောက်မှ တစ်ရွာတည်းနေ သံချောင်း (၁၇ နှစ်)နှင့် သန်းမင်းထွန်း (၂၂ နှစ်) တို့ လိုက်ပါစီးနင်းလာသော ဆိုင်ကယ်သည် မိုင်တိုင်အမှတ် (၆/၅)နှင့် (၆/၆) အကြားအရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းပေါ်၌ ကန့်လန့်ဖြတ်လဲကျနေသော သစ်ပင်ကို ဝင်ရောက်တိုက်မိ၍ တိမ်းမှောက်ရာ ဇဗျူကျော်နှင့် သံချောင်းတို့တွင် ထိခိုက်ဒဏ်ရာများရရှိပြီး နေရာ၌သေဆုံးခဲ့ကာ သန်းမင်းထွန်းတွင် ဒဏ်ရာများရရှိခဲ့သဖြင့် ဆိုင်ကယ်မောင်းနှင်သူ ဇဗျူကျော်ကို မင်းဘူးမြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ညီညာ(မြေလက်)

အင်းတော်မြို့နယ်၌ မူးယစ်ဆေးဝါးများဖမ်းမိ

ကသာ စက်တင်ဘာ ၁၉

ကသာခရိုင်အင်းတော်မြို့နယ် မဇာတံတား ရဲကင်းမျူး ဒုရဲအုပ် ဝဏ္ဏဆွေနှင့်တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီခွဲက မူးယစ်ဆေးဝါးသတင်းအရ သက်သေများနှင့်အတူ မဇာတံတား၌ စောင့်ဆိုင်းနေစဉ် ရွှေဘို-မြစ်ကြီးနားကားလမ်းအတိုင်း အင်းတော်ဘက်မှ ပင်လည်ဘူးမြို့သို့ကြည်ဝင်းမောင်းနှင်ပြီး ဒေါ်ပြိုးရီနောက်မှထိုင်၍ လိုက်ပါလာသောဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ဘိန်းဖြူ အလေးချိန် ၄၂ ဂရမ်ကို သိမ်းဆည်းရမိခဲ့သဖြင့် ဒုရဲအုပ် ဝဏ္ဏဆွေက တရားလိုပြုလုပ်တိုင်တန်းခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါးသယ်ဆောင်လာသူတို့ကို အင်းတော်မြို့မရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဦးရဲ(ကသာ)

ကျောက်ကုန်းမှာ ရှိတယ်
ပြည့်ကျော် စာသင်ဗဟိုဌာန်
ဆရာကြီး သရ်ာ ဦးအောင်သောင်းဦးစီးသည့်
ဒေါက်တာသန်းထိုက်၊ ဦးရည်ဆန်းမွန် M.A(English)၊ ဦးကျော်မိုးလတ်၊ဦးကျော်မိုးဟိန်း၊
ဦးဝိုင်းစိန်မြင့်အောင်၊ သရ်ာ ဦးကျော်ခင် (AIM)၊ဒေါ်သိန်းသိန်းထွန်း၊ ဦးခိုင်ထူး၊ ဒေါ်နွယ်နီ
၁၀တန်း ၁၀ဦး ၅လပြတ် အထူးသီးသန့်မွှင့်ပြီ၊ ကျောင်းသားလက်ခံပြီ
၂၀၁၆ – ၂၀၁၇ စာသင်နှစ်အတွက် ၉တန်း ၁၀တန်း ကျောင်းသားသစ်လက်ခံပြီ
ခြံအမှတ် ၃၄ ဘီ + ၂ ကျောက်ကုန်းလမ်း၊ ၁၄ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉ ၂၅၉ ၂၈၆၅၂၅၊ ၀၉ ၂၅၀၀၀၈၉၆၀

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 6J/9877 Honda Fit HATCH Back(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးတင်မျိုးဦး ၉/မနမ(နိုင်)၀၀၀၅၆၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 3E/7455 ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင် ၉/မခန(နိုင်)၀၁၆၉၅၀က ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊
ခရိုင်ရုံး(မြင်းခြံမြို့)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 6B/2311 Mitsubishi Fuso Bus(4x2) ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုကြီး ၉/ပမန(နိုင်)၀၄၆၀၆၉၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)
ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (တာကြီး)၊ ပန်းစံပယ်လမ်း၊ မြေကွက်အမှတ် ၂၁၄၊ အကျယ်အဝန်း အလျားပေ၄၀×အနံပေ၆၀ရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးသန်းညွှန့်၏ ၁၂/လမတ(နိုင်)၀၂၆၀၅၀ထံမှ ကျွန်ပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။
ယင်းမြေကွက်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက မှတ်ပုံတင်စာချုပ်မူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ဒေါ်မြလဲ့ဝင်း(စဉ်-၉၅၀၂)
LL.B, D.B.L
အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၇၀၅၄၄၅၊ ၀၁-၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 9H/6390 Suzuki carry DA 21T P/U (4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှကြည် ၁၂/ဗတထ(နိုင်)၀၂၅၇၆၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှောက်ပိုင်း)

ကန့်ကွက်နိုင်ပါသည်
ယာဉ်အမှတ် ၅ယ/၄၄၁၀၈၊ ဂျာလင်း 90 ယာဉ်အမည်ပေါက်သူ ဒေါ်နှင်းအိဖြူ ၉/တတ၃(နိုင်)၀၀၂၀၂၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး (ကျောက်ဆည်)

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 3F/7836၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊
ခရိုင်ရုံး(ရန်ကုန်အရှောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 6G/6938၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန(ရွာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် ၁ဂ/၅၅၀၂၏၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန(ရွာသာကြီး)

ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 2H-8546၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
ကညန၊ ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)

ဇေယျာရွှေမြေကို မနောမြေအနိုင်ယူ

ရန်ကုန် စက်တင်ဘာ ၁၉

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၈) ဒုတိယနေ့ပွဲစဉ်များကို ယနေ့ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

တန်းဆင်းဇုန်ထဲမှ ရုန်းထွက်နိုင်ရေးကြိုးပမ်းနေသည့် မနောမြေအသင်းသည် ယခုပွဲတွင် ဇေယျာရွှေမြေကို အနိုင်ယူကာ အမှတ်ယူနိုင်ခဲ့သည်။ ယခုပွဲတွင် အမှတ်လိုနေသည့် မနောမြေအသင်း၏ ရုန်းကန်မှုက ပွဲအဖြေဖြစ်ခဲ့ပြီး ဇေယျာရွှေမြေအသင်း ခြေစွမ်းပြနိုင်ခြင်းမရှိသလို နှုန်းပွဲပါ ကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ တန်းဆင်းဇုန်ထဲမှ အသင်းအများစု အနိုင်ရခဲ့သောကြောင့် တန်းဆင်းပြိုင်ဆိုင်မှုမှာ ပိုမိုပြင်းထန်လာဖွယ်ရှိနေသည်။

မနောမြေအသင်းသည် ကမ်ဘူး၊ အီဗရာဟင်၊ ချစ်ကိုကို၊ မွန်ထွယ် အောင်တို့အပါအဝင် လူစုံအသုံးပြုခဲ့သလို ဇေယျာရွှေမြေအသင်းကလည်း နိုင်ငံခြားသား ကစားသမားလေးဦး အပါအဝင် ရန်နိုင်ဦး၊ အောင်ဟိန်းကျော် စသည့် အမာခံကစားသမားများကို ပွဲထုတ်ခဲ့သည်။ ဇယားအောက်ဆုံးရောက်နေ၍ အမှတ်လိုနေသည့် မနောမြေအသင်းသည် ပွဲစကတည်းက အားထည့်ခဲ့ပြီး ဇေယျာရွှေမြေဘက်သို့ ဖိအားပေးနိုင်ခဲ့သည်။ ပထမပိုင်းတွင် မနောမြေအသင်း ထောင့်ကန်ဘော အများအပြား ကန်ခွင့်ရခဲ့ပြီး အသုံးမချနိုင်ခဲ့၍သာ ဂိုးမရခဲ့ခြင်းဖြစ်သည်။ ဇေယျာရွှေမြေအသင်းမှာ တိုက်စစ်မှူးများဖြစ်သည့် ဗစ်တာနှင့် စိုးပိုင်သွေးတို့ ကွင်းလယ်နှင့် ချိတ်ဆက်ရာတွင် ထိရောက်မှုမရှိဘဲ အချည်းနှီးဖြစ်ခဲ့ရသည်။

ဒုတိယပိုင်းတွင်လည်း မနောမြေအသင်းကသာ ပွဲကို ဆက်လက်ထိန်းချုပ်နိုင်ခဲ့ပြီး ၄၈ မိနစ်တွင် တစ်လုံးတည်းသော အနိုင်ဂိုးရခဲ့သည်။ ယင်းဂိုးကို ထောင့်ကန်ဘောမှ တစ်ဆင့် အီဗရာဟင်က ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် ဇေယျာရွှေမြေအသင်း ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း မနောမြေနောက်တန်း အမှားအယွင်း မရှိ ဖျက်ထုတ်နိုင်ခဲ့သည်။

သတင်း-ရဲရင့်ရှိုင်း
ဓာတ်ပုံ-ဖိုးသော်ဇင်

အောင်ဆန်းကွင်း၌ ချင်းယူနိုက်တက်အသင်းက ဇွဲကပင်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ပွဲစဉ် (၁၈)အပြီးတွင် ရန်ကုန်အသင်းက ၁၇ ပွဲကစား ၄၆ မှတ်၊ လက်ရှိချန်ပီယံ ရတနာပုံအသင်းက ၁၆ ပွဲကစား ၃၃ မှတ်၊ ကမ္ဘောဇအသင်းက ၁၇ ပွဲကစား ၃၁ မှတ်၊ မကွေးအသင်းနှင့် ရောဝတီအသင်းတို့က ၁၆ ပွဲကစား ၃၀ မှတ်စီ၊ ချင်းယူနိုက်တက်က ၁၇ ပွဲကစား ၁၉ မှတ်၊ ဇေယျာရွှေမြေအသင်းက ၁၆ ပွဲကစား ၁၇ မှတ်၊ နေပြည်တော်အသင်းက ၁၇ ပွဲကစား ၁၆ မှတ်၊ ဟံသာဝတီအသင်းက ၁၇ ပွဲကစား ၁၅ မှတ်၊ ဇွဲကပင်၊ မနောမြေနှင့် ရခိုင်အသင်းတို့က ၁၇ ပွဲကစား ၁၄ မှတ်တို့ရရှိထားသည်။

ဇေယျာရွှေမြေနှင့် မနောမြေတို့ ယှဉ်ပြိုင်နေစဉ်။

၁၉-၉-၂၀၁၅ စနေနေ့ည ဘောလုံးပွဲရလဒ်များ

အင်္ဂလန်ပရီမီယာလီဂ်ပွဲစဉ် (၆) ရလဒ်

ချယ်ဆီး	၂	-	၀	အာဆင်နယ်
အက်တွန်ဗီလာ	၀	-	၁	ဝက်ဘရွန်း
ဘုန်းမောက်	၂	-	၀	ဆန်းဒါးလန်း
နယူးကာဆယ်	၁	-	၂	ဝက်ဖို့
စတုတ်စီးတီး	၂	-	၂	လက်စတာ
ဆွမ်ဆီး	၀	-	၀	အဲဗာတန်

ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ် (၅) ရလဒ်

ဝုဘတ်	၂	-	၀	ဟာသာဘာလင်
ဟမ်းဘတ်	၀	-	၀	ဖရန်ဖတ်
ဝါဒါဘရီမင်	၀	-	၁	အင်ဂိုစတက်
ကိုလုံး	၁	-	၀	ဂလာဘတ်
ဒမ်းစတက်	၀	-	၃	ဘိုင်ယန်မြူးနစ်

စပိန်လာလီဂါပွဲစဉ် (၄) ရလဒ်

ရီးရဲမက်ဒရစ်	၁	-	၀	ဂရန်နာဒါ

(မြန်မာ့အလင်း)

မြန်မာယူ-၁၉ အသင်းနှင့် ထိုင်းယူ-၁၉ အသင်း ယနေ့ခြေစမ်းမည်

ရန်ကုန် စက်တင်ဘာ ၁၉

အာရှယူ-၁၉ ခြေစစ်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာယူ-၁၉ အသင်းနှင့် ထိုင်းယူ-၁၉ အသင်းတို့သည် စက်တင်ဘာ ၂၀ ရက် (ယနေ့) ညနေ ၅ နာရီတွင် သုဝဏ္ဏကွင်း၌ ခြေစမ်းကစားမည်ဖြစ်သည်။ အဆိုပါခြေစမ်းပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့ညနေပိုင်းက MFF ရုံး၌ ပြုလုပ်ခဲ့သည်။

မြန်မာယူ-၁၉ အသင်း နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က "ထိုင်းနှင့် ခြေစမ်းပွဲမှာ အလွန်အကျိုးရှိသည့် ခြေစမ်းပွဲဖြစ်ပါကြောင်း၊ ခြေစစ်ပွဲ မတိုင်မီ နိုင်ငံတကာခြေစမ်းပွဲတစ်ပွဲသာ ကစားခွင့်ရသော်လည်း ထိုင်းလိုတောင့်တင်းသည့် အသင်းနှင့် ကစားရသောကြောင့် လုံလောက်မှုရှိပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံအတွက်၊ အသင်းအတွက် အမှန်တကယ်ပေးဆပ်လိုပြီး ကွင်းတွင်း၊ ကွင်းပြင် စည်းကမ်းပိုင်း ကောင်းမွန်သူများကိုသာ အသင်းတွင် ထားရှိခြင်းဖြစ်ကြောင်း၊ အသင်းမှာလည်း လေ့ကျင့်ပြင်ဆင်ချိန် နှစ်ပတ်ကျော်လာပြီဖြစ်သောကြောင့် တိုးတက်မှုရှိလာကြောင်း၊ ခြေစမ်းပွဲဖြစ်သော်လည်း နှစ်သင်းစလုံးက အနိုင်ရရှိရန် ကြိုးပမ်းမည်ဖြစ်ကြောင်း၊ မိမိတို့အသင်းလည်း နိုင်လိုစိတ်အပြည့်ဖြင့် ကြိုးစားပါက အနိုင်ရရှိနိုင်ကြောင်း" ဟု ပြောကြားခဲ့သည်။

ထိုင်း ယူ -၁၉ အသင်းနည်းပြချုပ် အာဒူရတ်ဆာရာခတ်က " မိမိတို့အသင်းမှာ အာဆီယံယူ-၁၉ ပြိုင်ပွဲ၌ ဗိုလ်စွဲထားသည့်အသင်းကို အခြေခံဖွဲ့စည်းထားသော်လည်း အမာခံ ၁၀ ဦးမပါလာကြောင်း၊ လူသစ်ကစားသမားခြောက်ဦး ခေါ်ဆောင်လာပြီး ယခုပွဲတွင် စမ်းသပ်မည်ဖြစ်ကြောင်း၊ မြန်မာအသင်းသည် အရည်အချင်းရှိသည့် နည်းပြကိုင်တွယ်နေ၍တိုးတက်မှုရှိလာမှာ သေချာကြောင်း၊ ထိုင်းပရိသတ်များမှာ မြန်မာအသင်းနှင့် ကန်လျှင် အနိုင်ရလိုကြောင်း၊ ပရိသတ်များအတွက် အပြင်ကစားသမားများ စိတ်ဓာတ်တက်စေရန် မြန်မာအသင်းကို အနိုင်ကစားမည်ဖြစ်ကြောင်း" ဟု ပြောကြားခဲ့သည်။

သတင်း-ညီမြတ်သော်တာ

ကွင်းဝင်ကြေးအဖြစ် အထူးတန်းဒွေကျပ်နှစ်ထောင်၊ ရိုးရိုးတန်းဒွေကျပ်တစ်ထောင် သတ်မှတ်ထားပြီး အာရှခြေစစ်ပွဲအကြို မြန်မာနှင့်ထိုင်းအသင်းတို့၏ ပြိုင်ဆိုင်မှုမှာ အကြိတ်အနယ်ဖြစ်ဖွယ်ရှိနေသည်။

မိုးပိုနေမည်

နေပြည်တော် စက်တင်ဘာ ၁၉

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုနေမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဘင်္ဂလားပင်လယ်အော် အလယ်ပိုင်းတွင် ဆက်လက်တည်ရှိနေသည်။ ကပွလီပင်လယ်ပြင်တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။ (မိုး/ဇလ)

အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ
လျှောက်ထားကြောင်းအကြောင်းကြားစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၅ ခုနှစ် တရားမအထွေထွေမူအမှတ်-၁၅၀
ကွယ်လွန်သူ ဦးမောင်မောင်ကြီး၌ ကျန်ရှိရစ်သောပစ္စည်းများအကြောင်း
ဒေါ်နီနီအောင် လျှောက်ထားသူ
အမှတ် ၅၂/၅၆၊ ၄/ဘီ၊ လမ်း ၃၀၊
၆ ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
အထက်ဖော်ပြပါ နေရပ်လိပ်စာနေ ဒေါ်နီနီအောင်က ကွယ်လွန်သူ ဦးမောင်မောင်ကြီး၏ ဇနီးဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ကွယ်လွန်သူ ဦးမောင်မောင်ကြီး၏ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက် ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံးသို့ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ကြားသိစေခြင်းငှာ ကြော်ငြာသည်မှာ ၄င်းကွယ်လွန်သူ ဦးမောင်မောင်ကြီး၏ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၉ ရက် (၁၃၇၇ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၁ရက်) နံနက် ၁၀း၀၀နာရီတွင် လာရောက်ကြရမည်။ ၄င်းရက်တွင် လျှောက်ထားသူ ဒေါ်နီနီအောင်၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။
၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။
(ဇင်ဇင်မာ)
ဒုတိယခရိုင်တရားသူကြီး(၁၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

CLAIMS DAY NOTICE
M.V CITY OF MUMBAI VOY:NO(23)
Consignees of cargo carried by M.V CITY OF MUMBAI VOY: NO. (23) are here by notified that the vessel will arrive on about 21-9-15 and cargo will be discharged into the premises of Yangon port.
Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.
No claims against this vessel will be admitted after the Claims Day.
မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။
သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-
ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈
ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 5B/8773, Nissan Diesel Dump Truck ယာဉ်လက်ဝယ်ရှိသူ ဒေါ်လီရွှင်ရှမ်း ၁၃/ကခန(နိုင်)၀၁၉၅၄ (ကမ-၃) ဟောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက နိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွှေသာကြီး)၊ ရန်ကုန်မြို့

မွေးနေ့မင်္ဂလာဆုတောင်းလွှာ
၂၀-၉-၂၀၁၅ ရက်တွင် ကျရောက်သော ချစ်ဇနီးလှိုင်းအေးမာမြင့်၏ (၅၆)နှစ်ပြည့် မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်ခင်ပွန်း၊ သားသမီး၊ မြေး၊ မြစ်များနှင့်အတူ ပျော်ရွှင်ကျန်းမာစွာ နေထိုင်လျက် လိုရာဆန္ဒများ ပြည့်စုံပါစေကြောင်း ဆုမွန်းကောင်းတောင်းလျက်-
ချစ်ခင်ပွန်း၊ သားသမီးများနှင့်
Petro Seven **မိသားစု**

ဖခင်အမည်မှန်
အထက(၂) ဒလ ကျောင်းဝင်အမှတ် ၇၄၃/၁၄၊ မကျိန်ရှင်းမွောင် တက္ကသိုလ်ဝင်တန်း(ဂ)၏ ဖခင်အမည်မှန်မှာ ဦးကျင်ဆွတ်မာန် ၁၀/ရမန(နိုင်)၀၁၄၄၄၁ ဖြစ်ပါသည်။

အပြာရောင်ကမ္ဘည်းများ၊ ရဲ့ ရာဇဝင်

စက်တင်ဘာ တတိယပတ်အရောက် ရွာသွန်းသောမိုးသည် ယနေ့တပ်ဆင်မည့် အပြာရောင်ကမ္ဘည်းပြားပေါ်သို့ တစ်စက်ချင်းကျဆင်းလာနေသည်။ ဖွင့်ပွဲအပြီး အားလုံးသောပရိသတ်များ ထွက်ခွာသွားချိန်တွင် မိုးစက်များက ကမ္ဘည်းပြားတပ်ဆင်ထားသည့်အဆောက်အအုံတစ်ခုလုံးကို အုပ်မိုး လိုက်သယောင် သည်းထန်စွာရွာသွန်း လျက်ရှိသည်။ ထိုနေ့သည် လွန်ခဲ့ သော နှစ်ရက်ခန့် ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့ဖြစ်ပြီး ပန်းဆိုးတန်းလမ်းနှင့် ကုန်သည် လမ်းထောင့်ရှိ ခံ့ညားလှစွာသော သမိုင်းဝင်အဆောက်အအုံတစ်ခုတွင် အထင်ကရ ရှေးဟောင်းအမွေအနှစ်ဖြစ်ကြောင်း ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ အပြာရောင်ကမ္ဘည်းပြား တပ်ဆင်သည့် နေ့လည်းဖြစ်သည်။

ဒေတ်ပြိုင်ပန်းချီကားများနည်းတူ အရောင်စုံအသွေးစုံတို့အား ဖြန့်ကြက်ထားသည့် လောကနတ်အဆောက်အအုံ

သတင်းဆောင်းပါး-ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး

ထူးထဲလှစွာသော ရှေးဟောင်းသစ်သားလေ့ကားများသည် ခိုင်ခံ့ခြင်း၊ လှပခြင်းတို့ကို အပြည့်အဝ ပေးစွမ်းသော်လည်း အနည်းငယ်တော့ နုံချာလှသယောင်။ သို့သော်လည်း လွန်ခဲ့သည့် ၁၀၉ နှစ်ခန့် ရှိပြီဖြစ်သည်ကို သင်သိရှိပါက ယနေ့တိုင် မပျက်မယွင်းရှိနေသည်ကိုပင် သင်ဂုဏ်ယူသင့်ပါသည်။

အဆိုပါ အဆောက်အအုံကို ရန်ကုန်မြို့သူ မြို့သားများအားလုံး အခေါ်အရ လောကနတ်အဆောက်အအုံဟုသိရှိရပြီး လွန်ခဲ့သည့် ရာစုတစ်ခုတွင်တော့ ယင်းအဆောက်အအုံကို ဆိုဖဲရ်ဟု ခေါ်ဝေါ်ကြကြောင်း ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့မှ သိရသည်။

ဖော်ရိန်းမိတ်ဟု အလွယ်တကူ ခေါ်ဝေါ်ခဲ့ကြသည့် အချိန်ကာလသည် ကိုလိုနီခေတ်မတိုင်မီကာလတွင် အလွန်ရေပန်းစားခဲ့ပြီး ကိုလိုနီခေတ် လူတန်းစားခွဲခြားမှုများသည် ပိုမိုခေတ်စားလာခဲ့ရာတွင် ထိုခေတ်ထိုကာလ၏ ပြယုဂ်တစ်ခုအဖြစ် ယင်းအဆောက်အအုံကြီးတွင် သံဝေဂရစရာများစွာကို တွေ့ရှိရသည်။

နှစ်ပေါင်း ၁၀၀ ကျော်က မန်ချက်စတာမြို့မှ တင်သွင်းမှာယူကာ ခင်းကျင်းထားသည့် ကြမ်းခင်းကျောက်ပြားများသည် ယနေ့မြင်တွေ့ရသည့် ခေတ်မီ အဆောက်အအုံကြီးများမှ ကြမ်းခင်းများကဲ့သို့ တောက်ပြောင်မှုမရှိတော့သော်လည်း သမိုင်း၏ ယဉ်ကျေးမှုတစ်ရပ်ကို ဖော်ညွှန်းနိုင်ခဲ့ပြီဖြစ်သည်။

ယင်းအဆောက်အအုံကို ၁၉၀၆ ခုနှစ်တွင် ဘဂ္ဂဒက်မြို့မှ ပြောင်းရွှေ့လာခဲ့သည့် ဂျူးလူမျိုးကုန်သည် ကိုလိုနီခေတ် တစ်လျှောက် လူမျိုးစုံ၊ ယဉ်ကျေးမှုမျိုးစုံ၊ ဘာသာတရားမျိုးစုံ အတူယှဉ်တွဲနေထိုင်သည့် အားလျော်စွာ လောကနတ် အဆောက်အအုံသည် ရန်ကုန် မြို့၏ အရေးပါဆုံးသော စီးပွားရေး အချက်အချာနေရာများအနက် တစ်ခုလည်းဖြစ်ခဲ့သည်။

ယခင်က အီဂျစ်ဆေးပြင်းလိပ်များ၊ မြူးနစ်ဘီယာနှင့်အင်္ဂလန်မှ ချိုချဉ်စသည့် ဇိမ်ခံပစ္စည်းများ လာရောက်ဝယ်ယူရာ နေရာတစ်ခုလည်းဖြစ်ပြီး Bank of Burma နှင့် The China Mutual Life Insurance Companyအပါအဝင် ငွေကြေးနှင့် အာမခံ

ငွေကြေးနှင့် အာမခံလုပ်ငန်းကြီးများရုံးစိုက်ရာ တစ်ခုလည်းဖြစ်သည့်အပြင် ရိုက်တာကြေးနန်း ကုမ္ပဏီ၊ ဂျာမန်လူမျိုး ဓာတ်ပုံပညာရှင်တစ်ဦး၏ ဓာတ်ပုံတိုက်၊ ဂရိသားရေကုန်သည်နှင့် ဖိလစ်ပိုင်လူမျိုး ဆံပင်ညှပ်ဆရာတို့ပါ အခြေစိုက်ခဲ့သည့်အတွက် .....

လုပ်ငန်းကြီးများရုံးစိုက်ရာ တစ်ခုလည်းဖြစ်သည့်အပြင် ရိုက်တာကြေးနန်းကုမ္ပဏီ၊ ဂျာမန်လူမျိုး ဓာတ်ပုံပညာရှင်တစ်ဦး၏ ဓာတ်ပုံတိုက်၊ ဂရိသားရေကုန်သည်နှင့် ဖိလစ်ပိုင်လူမျိုး ဆံပင်ညှပ်ဆရာတို့ပါ အခြေစိုက်ခဲ့သည့်အတွက် ယခုခေတ် အခေါ်အဝေါ်အရ စူပါစင်တာတစ်ခု အဆင့်ပင်ဖြစ်နိုင်ကြောင်း ခန့်မှန်းရသည်။

ပန်းချီပညာရှင်တစ်ဦးဖြစ်သူ လှရှိန်၊ ခင်မောင်(ဘဏ်)နှင့် နာမည်ကျော်ပန်းချီဆရာ ပေါ်ဦးသက်တို့ပင် ဖြစ်သည်။

အီတလီပုံစံ အပြောက်အမွမ်းများနှင့် ခမ်းနားစွာတန်ဆာဆင်အပ်သည့် ယင်းအဆောက်အအုံသည် ယခုအခါ အနည်းငယ်ဟောင်းနွမ်းနေသည့်အပြင် ဘေးပတ်လည်ရှိ ဆိုင်ခန်းများနှင့် မော့၍ပင် မကြည့်နိုင်လောက်အောင် စွဲဆောင်မှုအားနည်းနေပြီဖြစ်ရာ ယခုကဲ့သို့ အပြာရောင်ကမ္ဘည်းပြား တပ်ဆင်ပေးခြင်းသည် တစ်ခေတ် တစ်ခါမှသည် ယနေ့တိုင် တာဝန်ကျေပွန်ခဲ့ပြီးသည့် သူ့ကို အားတက်စေရုံမျှမက ထောင်သောင်းမက နေ့စဉ်ဖြတ်သန်းသွားလာနေသူများအဖို့လည်း ရှေးဟောင်းအမွေအနှစ်တစ်ခုကို တန်ဖိုးထားတတ်သည့် အလေ့အထကောင်း တစ်ခုရရှိနိုင်မည်ဟု ခန့်မှန်းရသည်။

ယခုအခါ လောကနတ်ပန်းချီပြခန်းအပြင် ပြည်တွင်း အခွန်ဦးစီးဌာနနှင့် ပုဂ္ဂလိကလုပ်ငန်းများမှ အသုံးပြုလျက်ရှိပြီး ရင့်ကျက်သော အဝါရောင် အဆောက်အအုံသည် အရောင်လွင့်ကာ ရေညှိများပင် ဖုံးလွှမ်းနေပြီဖြစ်သည့်တိုင် လှပခံ့ညားမှုကတော့ ရှိဆဲပင်။

မည်သို့ပင်ဖြစ်စေ ရှေးဟောင်းယဉ်ကျေးမှု အဆောက်အအုံများသည် တစ်ခေတ်တစ်ခါ၏ ယဉ်ကျေးမှုသာမက လူတန်းစားများ၏ ဖြစ်တည်မှုသမိုင်းစဉ်ကိုပါ ထင်ဟပ်ဖော်ပြနိုင်သည်ဖြစ်ရာ သမိုင်းဝင် အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်တတ်ကြရန် ဖော်ပြလိုက်ရပါသည်။

ရှေးဟောင်းဂူများရှိရာ ဝနုတို့ဌာနေရွာငံပြေသို့

ခရီးသွားဆောင်းပါး

ရွာငံမြို့ကိုရောက်တော့ နံနက် ၈ နာရီ တစ်ကြိမ်မျှမရောက်ဖူးသော ရွာငံမြို့က ကျွန်တော်နှင့်စိမ်းနေသည်။ ဝနုတိုင်းရင်းသားအများစုနေထိုင်သည့်မြို့ဖြစ်ပြီး နေအိမ်နှင့် လမ်းများကြောင့် နေချင်စဖွယ်အဖြစ် မြင်တွေ့ရသည်။ ရှမ်းပြည်နယ် (တောင်ပိုင်း)မြို့သစ်မြို့ဖြစ်သော်လည်း ရာသီဥတုပြောင်းလဲမှုကြောင့်လားမသိ။ နံနက်ပိုင်းမှာပင် အိုက်စပ်စပ်ဖြစ်နေသည်။ ရွာငံမြို့တွင် အနားမယူတော့ဘဲ ပြဒါးလင်းဂူသို့ ဆက်လက်ထွက်ခွာခဲ့သည်။ မိုးမရွာ၊ လေမတိုက်သဖြင့် နံနက်ခင်းနေရောင်ခြည်ဖျော့ဖျော့ကို ထိတွေ့ခံစားရင်းခရီးသွားရသည်မှာ စိတ်လက်ပေါ့ပါးနေသည်က အမှန်ပင်။

ရွာငံမြို့အနောက်ဘက်ထွက်လိုက်သည်နှင့် လယ်ကွင်းများ၊ ရှမ်းတောင်တန်း၊ တောင်စွယ်များကို လှမ်းမြင်ရသည်။ မြူခိုးများဝေနေသော တောင်တန်းများ၊ တောင်များက စိမ်းညိုနေသောအရောင်ဖြင့် တည်ငြိမ်စွာသဘာဝအလှတရားကို ဖြည့်ဆည်းပေးလျက်ရှိသည်။ တောင်တန်းတောင်စွယ်များပေါ်တွင် စေတီငယ်ဖြူ ဖြူ အချို့ကို မြင်တွေ့ဖူးမြော်ရသည်။ မြန်မာလူမျိုးတို့က တောင်များ၊ တောင်တန်းနှင့် တောင်စွယ်များပေါ်တွင် စေတီများတည်ထားကိုးကွယ်လေ့ရှိကြသည်မှာ နှစ်ပေါင်း ရာနှင့်ချီကာရှိခဲ့ပြီ။

လမ်းခရီးတစ်လျှောက် လယ်ယာလုပ်ငန်းလုပ်ကိုင်နေသော ဒေသခံဓနုတိုင်းရင်းသားအချို့ကို မြင်တွေ့ရသည်။ အချို့လယ်ကွက်များက ရိတ်သိမ်းပြီးဖြစ်သလို အချို့က တောင်ယာလုပ်ငန်းခွင်ဝင်နေသူများကို လှမ်းမြင်နေရသည်။ နယ်မြေအေးချမ်းမှုရှိသည်ဖြစ်ရာ ဒေသခံတို့၏ သွားလာလှုပ်ရှားမှုများနှင့် လုပ်ငန်းခွင်ဝင်ရောက်မှုများမှာ အေးအေးချမ်းချမ်းရှိလှသည်ကို တွေ့ရသည်။

ရွာငံမြို့နှင့် ရွာငံမြို့နယ်သည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း တည်ရှိသဖြင့် ဒေသခံတိုင်းရင်းသားများက မိရိုးဖလာလုပ်ငန်းများလုပ်ကိုင်ရင်း အေးချမ်းစွာနေ့စဉ်ဘဝကို ဖြတ်သန်းနေကြသူများဖြစ်သည်။ ရွာငံမြို့မှ အနောက်ဘက် ၁၄ မိုင်ခန့်အကွာအထိ ဆိုင်ကယ်ဖြင့်လာခဲ့ရာ မိနစ် ၃၀ခန့်တွင် ပြဒါးလင်းတောင်သို့ ရောက်ရှိလေသည်။ ပြဒါးလင်းတောင်ကို အစွဲပြုပြီးပြဒါးလင်းဂူဟုခေါ်တွင်ခြင်းဖြစ်ကြောင်း ဒေသခံအချို့က ပြောဆိုကြသည်ဟု အတူလိုက်ပါလာသူ ဓနုတိုင်းရင်းသား ကိုဝင်းဇော်က ပြောပြသည်။

ပြဒါးလင်းဂူရှိရာ ပြဒါးလင်းတောင် အလယ်ခန့်အထိ တက်ရောက်ခဲ့သည်။ ပြဒါးလင်းဂူသည်ပင်လယ်ရေမျက်နှာပြင်အထက် ၃၅၅ ပေအမြင့်တွင် တည်ရှိနေခြင်းဖြစ်သည်။ ပြဒါးလင်းဂူပေါက်သို့ သွားနေရင်းပတ်ဝန်းကျင်ကို လေ့လာကြည့်ရာ တောင်ကုန်း၊ တောင်တန်းများ၊ ကျေးရွာအချို့နှင့်လယ်ကွင်းများကို လှမ်းမြင်ရသည်။ တောင်ယာစိုက်ပျိုးရေးလုပ်ငန်းများ ရှိနေသော်လည်း သစ်ပင်များဖြင့် စိမ်းနေသော တောင်တန်းများကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှု အနည်းငယ်သာရှိနေသည်ကို မြင်တွေ့ရသဖြင့် စိတ်သက်သာရာရမိသည်။

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-မောင်ချစ်ကြည်

အချိန်တိုအတွင်း ပြဒါးလင်းဂူသို့ရောက်ရှိခဲ့သည်။ ပြဒါးလင်းဂူသည် မြန်မာနိုင်ငံတွင် ရှေးအကျဆုံးဂူတစ်ဂူဖြစ်ပြီး သမိုင်းမစတင်မီ ကျောက်ခေတ်ကာလကပင် တည်ရှိနေခဲ့သည့်ဂူဖြစ်ကြောင်း ရှေးဟောင်းသုတေသန ပညာရှင်အချို့က ဆိုထားသည်။ အချို့ ရှေးဟောင်းသုတေသနပညာရှင်များက လွန်ခဲ့သောနှစ်ပေါင်း ၈၀၀၀မှ ၁၃၀၀၀ အကြားတည်ရှိခဲ့သောဂူဖြစ်ကြောင်း ယူဆထားသလို အချို့ပညာရှင်များက လွန်ခဲ့သောနှစ်ပေါင်း ၁၀၀၀၀မှ ၁၅၀၀၀ ခန့်အတွင်း တည်ရှိခဲ့သည့် ရှေးအလွန်ကျသော ဂူဖြစ်ကြောင်း မှတ်ချက်ပြုထားသည်ဟု သိရသည်။

ပြဒါးလင်းဂူအတွင်း ဝင်ရောက်လေ့လာသည့်အခါ ဂူအမိုးနံရံထက်မှ တွဲလျားကျသော ကျောက်ပန်းခက်များ၊ ဂူကြမ်းခင်းမှထိုးထွက်နေသော ကျောက်သားအွန်အတက်များနှင့် ညီညာမှုမရှိသော ဂူနံရံများကို မြင်တွေ့ရသည်။ ဂူနံရံအချို့နေရာများတွင် ပြေပြစ်မှုရှိရာ ယင်းနေရာများ၌ ရှေးခေတ်လက်ရာနံရံပန်းချီရေးဆွဲထားမှုများကို မြင်တွေ့ရသည်။ ဂူနံရံရှိ ပန်းချီလက်ရာများကြောင့် ရှေးခေတ် လူသားတို့ ပန်းချီအနုပညာနယ်ပယ်အရပ်ရပ်တွင် ဖွံ့ဖြိုးနေပြီဟု ယူဆရဖွယ်ရှိသည်။

ပြဒါးလင်းဂူအတွင်း ကျောက်ခေတ်လက်နက်များ၊ ကျောက်ခေတ်လူအသုံးအဆောင် ကျောက်ပစ္စည်းများနှင့် တိရစ္ဆာန်အရိုးများကို မြင်တွေ့ရသည်။ ကျောက်လက်နက်များမှာ မျိုးစုံဖြစ်ပြီး ကျောက်ခေတ်လူသားတို့၏ အသုံးအဆောင်နှင့် ကျောက်လက်နက်များမှာ အရေအတွက် ၁၆၀၀ ခန့် တွေ့ရှိကြောင်း သိရသည်။ ပြဒါးလင်းဂူအတွင်းရှိ နံရံပန်းချီများမှာလည်း စိတ်ဝင်စားစရာကောင်းသလို ပန်းချီလက်ရာ၏ အဓိပ္ပာယ်ကိုလည်း ပေါ်လွင်အောင် ရေးဆွဲနိုင်သည်ကို မြင်တွေ့ရသည်။

ကျွန်တော်တို့ ပြဒါးလင်းဂူအတွင်း ကြည့်ရှုနေချိန်တွင် ကမ္ဘာလှည့်ခရီးသွားသုံးဦး ရောက်ရှိလေ့လာနေကြသည်ကို တွေ့ရသည်။ လူလတ်ပိုင်းအမျိုးသားများဖြစ်ရာ ရှေးဟောင်းဂူနံရံပန်းချီများကို အနီးကပ်လေ့လာမှတ်တမ်းတင်နေကြသည်မှာ ပတ်ဝန်းကျင်ကိုပင် သတိထားမိပုံမပေါ်ချေ။ မျက်မှန်တပ်ထားသည့် အမျိုးသားတစ်ဦးက ပန်းချီလက်ရာများကို စူးနစ်စွာ အာရုံစိုက်ကြည့်ရှုနေသဖြင့် ၄င်းအနီးတွင် ရပ်နေစဉ်မှာပင် လှည့်ကြည့်ပြီး ပြုံးပြသဖြင့် မိတ်ဆက်မေးမြန်းကြည့်ရာ ဂျာမနီနိုင်ငံမှဖြစ်ကြောင်း ၁၅ ရက်ခရီးစဉ်အတွင်း ပုဂံ၊ ပုပ္ပားနှင့် ပင်းတယဂူ၊ ပြဒါးလင်းဂူတို့ကိုလေ့လာရေးခရီးလာခဲ့ခြင်းဖြစ်ကြောင်း၊ နှစ်ပေါင်းသောင်းချီကာ ဖြစ်တည်ခဲ့သော ရှေးဟောင်းဂူများကို စိတ်ဝင်စားကြောင်း၊ ပြဒါးလင်းဂူမှာ မိမိတို့အတွက် စိတ်ဝင်စားစရာအကောင်းဆုံးဖြစ်ပြီး စနစ်တကျထိန်းသိမ်းစောင့်ရှောက်သင့်ကြောင်း ပြောပြသည်။

တကယ်တော့ ပြဒါးလင်းဂူမှာ သက်တမ်းရင့်ပြီး အလွန်ရှေးကျသော ဂူနံရံပန်းချီများနှင့် ကျောက်လက်နက်များက သမိုင်းတန်ဖိုးကြီးမားလျက်ရှိသည်။ ပြဒါးလင်းဂူကို ၁၉၆၀ ပြည့်နှစ်က ဘူမိဗေဒပညာရှင်တစ်ဦးဖြစ်သည့် ဦးခင်မောင်ကျော်က စတင်တွေ့ရှိခဲ့ခြင်းဖြစ်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနက ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိသဖြင့် ပျက်စီးမှုနည်းပါးနေခြင်းဖြစ်သည်။

ပြဒါးလင်းဂူအတွင်း ကျေနပ်လောက်အောင် လေ့လာကြည့်ရှုပြီးနောက် အပြင်ဘက်သို့ ပြန်ထွက်လာခဲ့သည်။ ပြဒါးလင်းဂူ ပတ်ဝန်းကျင်က တိတ်ဆိတ်ငြိမ်သက်ကာ အေးချမ်းမှုရှိနေသည်။ ရှေးဟောင်းသုတေသနပညာရှင်များ၊ သမိုင်းသုတေသီများအတွက် အေးချမ်းစွာအချိန်ယူ လေ့လာနိုင်သည့်နေရာတစ်ခုလည်းဖြစ်သည်။ ပြဒါးလင်းဂူမှာနှစ်ဂူရှိပြီး တစ်ဂူနှင့်တစ်ဂူမှာ မဝေးလှချေ။ ကျွန်တော်တို့ ဝင်ရောက်လေ့လာခဲ့သည့် ဂူမှာ အလျားပေ ၈၀၀ ခန့်ရှည်သော ဂူဖြစ်ပြီး နောက်ဂူတစ်လုံးမှာ ဂူငယ်ဖြစ်သည်။ ယင်းဂူအတွင်းဝင်ရောက်လေ့လာကြည့်ရှုခဲ့ရာ ရှေးဟောင်းဂူနံရံပန်းချီလက်ရာအချို့နှင့် ကျောက်ခေတ်သုံး ပစ္စည်းများကို တွေ့ရသည်။

ပြဒါးလင်းဂူနှစ်လုံးကို လေ့လာပြီး ပြန်ထွက်လာချိန်တွင် နေမွန်းတည့်နေပြီဖြစ်သည်။ ပြဒါးလင်းဂူရှိရာ ရွာငံမြို့နယ်အတွင်း သမိုင်းပုံရိပ်များစွာရှိနေသည်။ ရှေးနှစ်ပေါင်းများစွာက ရှေးခေတ်လူသားတို့ နေထိုင်ခဲ့ရာ ဂူအချို့နှင့် ဥမင်သဖွယ်တည်ရှိနေသော ထူးခြားသည့်နေရာများစွာလည်း တည်ရှိနေသည့် မြို့နယ်တစ်ခုလည်းဖြစ်သည်။

ရွာငံမြို့အနီး မြေပြန့်နှင့် တောင်ကြောနေရာအစပ်တွင် သစ်ပင်ချုံနွယ်များ အုပ်ဆိုင်းနေသော နေရာတွင် ကံပြင်ဂူ အမည်ရှိ ဂူတစ်လုံးလည်းရှိသည်။ ဂူပေါက်မှ ဂူအတွင်းဆင်းရန် အနေတော်သစ်ပင်နှစ်ပင်ကိုထောင်ပြီးချထားသဖြင့် အလွယ်တကူ မဟုတ်သော်လည်း ဖြည်းဖြည်းထိန်းကာ ဆင်းရသည်။ ပေ ၁၀၀ ခန့်အနက် ဆင်းပြီးသည်နှင့် ဂူကြမ်းခင်းသို့ ရောက်နိုင်ပြီး ရေစီးဆင်းနေသော မြောင်းငယ်တစ်ခုကိုလည်း မြင်တွေ့ရသည်။ ရေစီးမြောင်းအတွင်း ထူးခြားသော အဖြူရောင်ငါးလေးများ ကူးခတ်သွားလာနေကြသည်ဟု ကိုဝင်းဇော်က ပြောပြသည်။ ကျွန်တော်တို့ ဂူအပေါ်ဘက်အပေါက်ဝမှ အောက်သို့ အတန်ကြာငုံကြည့်ပြီး ပြန်ထွက်လာခဲ့သည်။ ဤဂူကို ဒေသခံတိုင်းရင်းသားတို့ပင် သိပ်မသိကြဟုဆိုသဖြင့် အံ့ဩြမိသည်။

ရှေးဟောင်းသမိုင်းဝင်ဂူနေရာများသည် သွားလာရေးအဆင်ပြေပြီး အခြားအပန်းဖြေစရာ ရေတံခွန်ကဲ့သို့ အရာများနှင့် သဘာဝပတ်ဝန်းကျင်အလှအပများ ရှိမှသာ အသွားအလာနှင့် ဧည့်သည်လာရောက်မှုများပြားတတ်လေ့ရှိသည်။ အစားအစာနှင့် တည်းခိုနေထိုင်စရာလည်းရှိပြီး လမ်းပန်းဆက်သွယ်ရေးကောင်းပါက ပြည်တွင်းပြည်ပခရီးသွားများမပြတ်တမ်း စည်ကားစွာ လာရောက်ကြမည်မှာ အမှန်ပင် ဖြစ်သည်။ ရွာငံမြို့၌ ညအိပ်တည်းခိုရန်နေရာက ပြည့်စုံမှုမရှိသေး။

ယခုအခါ ရွာငံမြို့အနီးတွင် ဟိုတယ်ဇုန်စီမံကိန်းရှိနေသဖြင့် မကြာမီကာလအတွင်း ခရီးသွားဧည့်သည်များအတွက် ညအိပ်တည်းခိုစရာ အခန်းများ ထွက်ပေါ်လာတော့ မည်ဖြစ်သည်။ ရွာငံမြို့နယ်သည် ရှမ်းပြည်နယ် (တောင်ပိုင်း)တောင်ကြီးခရိုင်အတွင်း ပါဝင်နေသော်လည်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း တည်ရှိနေသည်။

စာမျက်နှာ (၁၇) သို့

ရွာင်မြို့နယ်တွင် ပြဒါးလင်းဂူ၊ ကမ်းပါးနီဂူ၊ ကံပြင်ဂူနှင့် ရေပြာ အိုင်တို့ တည်ရှိနေရာ ရှေးဟောင်းသမိုင်းမှတ်တမ်းကောင်းများကို စိတ်ဝင်စားသည့် ခရီးသွားများအတွက် အကောင်းဆုံး ခရီးစဉ် တစ်ခုပင်ဖြစ်သည်။ ။ ။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးနိုင်သည့် သမိုင်းလက်ဆောင်ကောင်းများလည်းရှိနေသဖြင့် အနာဂတ်တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည့်နေရာဒေသဖြစ်လာမည်ဟု တွေးနေမိသည်။

ပြဒါးလင်းဂူမှ ပြန်ထွက်လာသော ကျွန်တော်တို့ ကံပြင်ဂူသို့ သွားရောက်ခဲ့ပြီးနောက် ကမ်းပါးနီဂူသို့ ဆက်လက်ထွက်ခွာလာခဲ့သည်။ ပြင်းပြင်းပူသော မွန်းတည့်နေကို တိုက်ရိုက်ထိတွေ့ရသဖြင့် တစ်ကိုယ်လုံး ချွေးများ စိုရွှဲနေသည်။ ဆိုင်ကယ်မောင်းနှင်နေသော အရှိန်ကြောင့် လေတိုးလျက်ရှိရာ အပူဒဏ်မှ အနည်းငယ်သက်သာခွင့်ရနေသည်။ လမ်းခရီးတစ်လျှောက်ဒေသခံ ဓနုတိုင်းရင်းသားတစ်ဦးစ နှစ်ဦးစကိုတစ်ခါတစ်ရံ မြင်တွေ့ရသည်။

ပန်းချီအနုပညာ အဆင့်အတန်းကို သတိပြုမိသည်။ ကမ်းပါးနီဂူကို ၂၀၁၅ခုနှစ် မေလက ဒေသခံတစ်ဦး ဖြစ်သည့် ဦးဝင်းဘိုကတွေ့ရှိခဲ့ခြင်းဖြစ်သည်ဟု သိရသည်။

ကမ်းပါးနီဂူတွင် လေ့လာစရာများကို အချိန်ယူ လေ့လာလျှင် ရှေးဟောင်း သမိုင်းမှတ်တမ်းအချက်အလက်များစွာရရှိကာ စိတ်ဝင်စားဖွယ်လည်း ကောင်းမည်ဖြစ်သည်။ သို့သော်အချိန်နည်းပါးသည့် ကျွန်တော်တို့အတွက် ကမ်းပါးနီဂူမှ ပြန်ထွက်လာခဲ့သည်။ အပြန်တွင်မည်သည့်နေရာမှ မဝင်တော့ဘဲ ရွာင်မြို့သို့တိုက် ရိုက်ပြန်လာခဲ့သည်။

ရွာင်မြို့နယ်တွင် ပြဒါးလင်းဂူ၊ ကမ်းပါးနီဂူ၊ ကံပြင်ဂူနှင့် ရေပြာအိုင်တို့ တည်ရှိနေရာ ရှေးဟောင်းသမိုင်းမှတ်တမ်းကောင်းများကို စိတ်ဝင်စားသည့် ခရီးသွားများအတွက် အကောင်းဆုံး ခရီးစဉ်တစ်ခုပင်ဖြစ်သည်။

ကမ်းပါးနီဂူသည် ရွာင်မြို့နယ်အတွင်းတည်ရှိပြီး ပြဒါးလင်းဂူ၏ အနောက်တောင်ဘက် ခုနစ်မိုင်ခန့်အကွာတည်ရှိသဖြင့် ခရီးကမဝေးကွာလှ။ ကမ်းပါးနီဂူသည် ပဲခွေးတောင်သစ်တောကြီးပိုင်းအတွင်း တည်ရှိနေခြင်းဖြစ်ရာ ဂူနေရာ အနီးဝန်းကျင်ကို ရှေးဟောင်းဇုန်နယ်မြေသတ်မှတ်ရန် တာဝန်ရှိသူများက ညှိနှိုင်းနေကြောင်း သိရသည်။ မိနစ်ပိုင်းအတွင်းကမ်းပါးနီဂူသို့ ရောက်ရှိခဲ့သည်။

ကမ်းပါးနီဂူအတွင်း ဝင်ရောက်လေ့လာရာ ဂူနံရံများတွင် ရှေးခေတ်လက်ရာ နံရံပန်းချီများကို မြင်တွေ့ရသည်။ တိရစ္ဆာန်ပုံများ၊ လူလက်ပါးပုံနှင့်ဆင်ပုံများကို တွေ့ရသည်မှာ ရှေးခေတ်လူသားတို့အနုပညာအပေါ် စိတ်ဝင်စားမှုနှင့် ကောင်းများကို စိတ်ဝင်စားသည့် ခရီးသွားများအတွက် အကောင်းဆုံး ခရီးစဉ်တစ်ခုပင်ဖြစ်သည်။ မန္တလေးမြို့မှ ပြဒါးလင်း ဂူသို့အချိန် သုံးနာရီကျော်ခန့်ဖြင့် ရောက်ရှိနိုင်သည်ဖြစ်ရာ နေ့ချင်းပြန်ခရီးသွားများအတွက်လည်း အဆင်ပြေသည့် လေ့လာစရာနေရာကောင်းတစ်ခုပင်ဖြစ်သည်။

ရွာင်မြို့မှအပြန်ခရီးတွင် ရှေးနှစ်ပေါင်း ၁၀၀၀၀ ကျော်ကတည်းက တည်ရှိနေခဲ့ပြီး ကျောက်ခေတ်လူသားများနေထိုင်ခဲ့သော ပြဒါးလင်းဂူနှင့်ရွာင်ဒေသဝန်းကျင်ပုံရိပ်များက အတွေးထဲမပြတ်တမ်းရစ်ဝဲနေမိသည်က အမှန်ပင်။ ။

စကားထာ

အရှင်အဂ္ဂသမာဓိရေးသော သူဌေးခန်းပျို့တွင် "စကားထာ" ဟူသော အသုံးကို တွေ့ရသည်။ မြန်မာနှစ် ၈၈၉ ခုတွင်ဖြစ်သည်။ အင်းဝခေတ်ဖြစ်ပါသည်။ တောင်ငူခေတ်နဝဒေးကြီး၏ ရတုပေါင်းချုပ်တွင်လည်း "စကားထာ" ဟူသောအသုံးကို တွေ့ရသည်။

ဆရာကြီးမင်းသုဝဏ်က ၁၉၆၃ ခုနှစ်တွင် ကလေးဂျာနယ်မှ စကားထာများကို ဖိတ်ခေါ်ခဲ့ရာ အရေအတွက် ၃၀၀ ကျော်ရရှိခဲ့သည်။ အနယ်နယ် အရပ်ရပ်မှ ပေးပို့ကြခြင်းဖြစ်သည်။ ကလေးအချင်းချင်းစကားထာဝှက်၍ ပျော်မြူးကစားကြပေမည်ဟု တွေး၍ ဆရာကြီးဝမ်းသာခဲ့ဖူးလေသည်။ စကားထာများသည် မြန်မာဘိုးဘေးများ၏ မြန်မာစာ၊ မြန်မာမှု၊ မြန်မာဓလေ့ အမွေအနှစ်များဖြစ်၍ ၎င်းတို့ကို ကလေးများချစ်ကြပေတကားဟု ဆရာကြီးမှတ်ယူခဲ့ပါသည်။ အမှန်မှာစကားထာများကို စုစည်း၍စနစ်တကျသိမ်းဆည်းကာ မပျောက်မပျက်ထားသင့်ပါသည်။ နောင်အခါတွင် ဆရာကြီး စုဆောင်းခဲ့သော စကားထာအချို့ပဉ္စမတန်းမြန်မာဖတ်စာတွင် ကျောင်းသင်ခန်းစာအဖြစ် တွေ့မြင်ရပါသည်။ ထိုအခါ ကလေးတို့၏ ဖခင်မိခင်များနှင့် မြန်မာစာ မြန်မာမှုချစ်ပရိသတ်များ လွန်စွာဝမ်းသာကြည်နူးခဲ့ကြရပါသည်။

၄င်းတို့မှာ-

(၁) မဖွပ်ဘဲဖြူသည့်နတ်ပုဆိုး
မလောင်းဘဲပြည့်သည့်နတ်ရေအိုး။
အဖြေ။ ။ အုန်းဆန်၊ အုန်းရေ၊ အုန်းသီး

(၂) နတ်သမီးသောက်ရေကန်
တံတိုင်းသုံးထပ်ရံ။
အဖြေ။ ။ အုန်းခွံ၊ အုန်းခွံမာ၊ အုန်းရေ

(၃) ဒိုက်ခုတ်တော့အုတ်ပေါ်
အုတ်ခုတ်တော့ကြွေပေါ်
ဘာသီးလဲနော်။
အဖြေ။ ။ အုန်းသီး

(၄) အသီးပေါ်အပင်ပေါက်
ခြေထောက်တစ်ချောင်းထောက်။
အဖြေ။ ။ နာနတ်သီး

(၅) တစ်နှစ်တစ်ခါပေါ်လို့လာ
ငါ့သားမင်းလောင်းထီးဖြူဆောင်း။
အဖြေ။ ။ မို့ပွင့်

(၆) ခေါင်းမြီးခြေ လုံပါပေ့
ဆံမြီတ်ချ လုပါပေ့
ကျောက်တန်းစီ ညီပါပေ့။
အဖြေ။ ။ ပြောင်းဖူး

(၇) ဆုပ်လျှင်စူး၊ နမ်းလျှင်မူး၊ စားလျှင်ရူး။
အဖြေ။ ။ ပဒိုင်းသီး

(၈) ခေါင်းကြီးလို့လည်သိမ်
ဖင်ပိန်တဲ့ယောက်ျား
မိုးပေါ်ကိုပျံကာသွား
သိကြားလား နတ်လား။
အဖြေ။ ။ ပုစဉ်းကောင်

(၉) တက်လေးစင်းနဲ့အပြင်းလှော်
မယ်တော်ရှင်မ ပေါင်းထဲက
အဖြေ။ ။ လိပ်ရေကူးနေပုံ

(၁၀) ကျူပင်ကြိုကျူပင်ကြား
လောင်းကလေးနှင့်သွား။
အဖြေ။ ။ ရက်ကန်းစင်နှင့်လွန်း

(၁၁) နတ်သမီးအိမ်တိုင် ပိုးမဖောက်နိုင်
ဖောက်ပြန်တော့လည်းတစ်ပေါက်တည်း။
အဖြေ။ ။ အဝတ်ချုပ်အပ်

(၁၂) နွားနို့တစ်ပန်းကန်
တစ်ပြည်လုံးလျှံ။
အဖြေ။ ။လပြည့်ဝန်း

(၁၃) နတ်သမီးတံတွေးပေါက်
ကြက်မကောက်နိုင်။
အဖြေ။ ။ အိမ်မိုးပေါက်မှ
ယိုကျသောနေရောင်ပြောက်

စကားထာများသည်တိုသည်။ ရှင်းသည်။ ကာရန်ပါသည်။ အသံသာသည်။ စိတ်ဝင်စားစရာဖြစ်ပြီး သိမ်မွေ့၏။ လူမှုဝန်းကျင်လောကကို ဂရုပြုကြည့်ရှုစေသည်။ ဗဟုသုတ ပညာပွားစေသည်။ ကြားတတ်၊ မြင်တတ်၊ ဂရုပြုတတ်သော စိတ်ကို မွေးမြူလာစေနိုင်သည်။ စာ၊ ကဗျာကို လေ့လာလိုစိတ် လူကြီးမိဘ ဆရာသမားများ၏ စကားကို နားထောင်မှတ်သားလိုစိတ်များ ဖြစ်ပွားစေနိုင်ပါသည်။ ပျော်ရွှင်စရာဖြစ်စေပြီး စဉ်းစားတွေးခေါ်လိုစိတ် အကျင့်ကောင်းရရှိနိုင်ပါသည်။ စကားထာတို့၏ ပင်ကိုယ်သဘာဝမှာ အဖြေရရန် လမ်းစတစ်ခု ခင်းပေးထားလေ့ရှိသဖြင့် ကလေးများ လမ်းစရကာ ပျော်ရွှင်စေခြင်းဖြစ်နိုင်ပါသည်။ စိတ်ကူးသစ်၊ အတွေးခေါ်သစ်များ ရှာဖွေလိုစိတ်ရှိလာမည်ကို မျှော်လင့်ရပေသည်။ စကားထာများသည် အရိုးခံများဖြစ်၍ အဖိုးတန်ပါသည်။

စကားထာများကို ကလေးများအား သင်ပြပေးရန် စိတ်မလောသင့်ပါ။ ကလေးများကို ကူညီပေးရန် ဖေးမပေးရန်သာ စဉ်းစားသင့်ပါသည်။ စကားထာတို့တွင် မြန်မာစာ၊ မြန်မာစကား၊ မြန်မာမှုများ ပါဝင်တတ်သည်။ စကားထာများကို ကလေးသူငယ်များ ချစ်ခင်တတ်၊ သံယောဇဉ်ကြီးတတ်လာစေရန် ကူညီဖို့လိုအပ်လှပါသည်။

ဒေါက်တာမြင့်မြင့်မိုး
တွဲဖက်ပါမောက္ခ(မကွေးတက္ကသိုလ်)

ကျွဲ၊ နွား လျှုကီးမီးယားပိုင်းရပ်စ်ကြောင့် ရင်သားကင်ဆာဖြစ်နှုန်း တိုးပွားလာနိုင်

ကျွဲ၊ နွားများ၌ လျှုကီးမီးယားပိုင်းရပ်စ်ရှိနေလျှင် အမျိုးသမီး ရင်သားကင်ဆာဖြစ်ပွားမှုနှုန်းလည်း သိသိသာသာ မြင့်တက်လာနိုင်ကြောင်း တွေ့ရှိချက်အသစ်များက ဖော်ပြသည်။ ရင်သားကင်ဆာဖြစ်ပွားစေသည့် အခြားသော အကြောင်းအရာများဖြစ်သည့် လျှုကီးမီးယားပိုင်းရပ်စ်ကြောင့် ရင်သားကင်ဆာဖြစ်ပွားနိုင်သည့် အလားအလာပိုများကြောင်း သုတေသနပြုသူများက ဆိုသည်။

ကယ်လီဖိုးနီးယား ဘာကလေတက္ကသိုလ်မှ ပညာရှင်များက ရင်သားကင်ဆာဖြစ်ပွားနေသူနှင့် မဖြစ်ပွားသူ အမျိုးသမီး ၂၃၉ ဦးကို စစ်တမ်းကောက်ယူခဲ့ရာ ရင်သားကင်ဆာဝေဒနာရှင်များ၏ ၅၉ ရာခိုင်နှုန်းတွင် ကျွဲ၊ နွားများ၌ ဖြစ်သည့် လျှုကီးမီးယားပိုင်းရပ်စ် (BLV) ကို ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။

BLV ပိုင်းရပ်စ်သည် နို့စားနှင့် အသားစားကျွဲ၊ နွားများကို ကူးစက်ပြီး ရောဂါကူးစက်ခံရသည့် ကျွဲ၊ နွားများ၏ ငါး ရာခိုင်နှုန်းတွင် အန္တရာယ်ရှိသော သားနံရည်ကျိတ်များ ဖြစ်ပွားခြင်းနှင့် သားနံရည်တစ်ရှူးများတွင် အသားပိုများ ဖြစ်ပွားစေသည်။

ဘာသာပြန်-ကလျာမိုးမြင့်

ရေနီမြောင်း၊ တမာတန်းတွေနဲ့ အညာမြေက မန်းတက္ကသိုလ်

နိုင်ငံအတွက် အဖိုးတန်လူသားအရင်းအမြစ် ပညာတတ်များစွာကို မွေးထုတ်ပေးခဲ့တဲ့ အထက်မြန်မာ အညာဒေသရဲ့ ပထမဦးဆုံးတက္ကသိုလ်၊ မြန်မာပြည်မှာ ဒုတိယမြောက်ဖွင့်လှစ်ခဲ့တဲ့ တက္ကသိုလ် မန္တလေးတက္ကသိုလ် . . .

သိမ့်သိမ့်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-တင်မောင်(မန်းကိုယ်ဟား)

"အကျိုအိတ်ကပ်ထဲမှာ ငွေတစ်ဆယ့်ငါးကျပ်၊ အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ သူငယ်ချင်းတစ်ယောက်က လိုက်ခဲ့ဦးဆိုပြီး ခေါ်လို့သာလိုက်လာခဲ့တာ။ သူ့မှာ ကျောင်းတက်ဖို့ ရည်ရွယ်ချက်မရှိခဲ့။ မိဘများက ဝန်ထမ်းများဖြစ်ကြပြီး စီးပွားရေးမချောင်လည်တော့ နောင်နှစ်မှ ကျောင်းတက်ဖို့ သူဆုံးဖြတ်ထားတာ။ ဒါပေမယ့် မန္တလေးတက္ကသိုလ်အရိပ်ကို ခြေချမိချိန်မှာတော့ အိမ်မပြန်ချင်တော့ဘူး။ ကျောင်းတက်ချင်တဲ့စိတ်တွေ ဖြစ်လာခဲ့တယ်။"

မန္တလေးတက္ကသိုလ်မှာ စတင်ပညာသင်ကြားဖြစ်ခဲ့တဲ့အကြောင်းကို ၁၉၈၉-၉၀ ခုနှစ် ပညာသင်နှစ်ရဲ့ ကျောင်းသားဟောင်းတစ်ဦးက ပြောပြပါတယ်။

"အဲဒီတုန်းကအကြောင်းတွေ တွေးကြည့်ရင် သူငယ်ချင်းတွေကို ကျေးဇူးတင်ရမှာပါပဲ။ ကျွန်တော်က မိတ္ထီလာသားပါ။ သူငယ်ချင်းတစ်ယောက်က မန္တလေးကို ကျောင်းသွားတက်မှာ။ ကျွန်တော့်ကိုတွေ့တော့ သူနဲ့ မန္တလေးလိုက်ခဲ့ပါလားဆိုပြီးခေါ်တော့ ကျွန်တော့်မှာ ပိုက်ဆံလေး ၁၅ ကျပ်ပဲ အိတ်ကပ်ထဲပါတယ်။ ဒါပေမယ့် ကျွန်တော်လိုက်သွားဖြစ်ခဲ့တယ်။ ကျောင်းတက်ဖြစ်မယ်လို့ ထင်မထားဘူး။ ဟိုရောက်တော့ ကျွန်တော်ကလည်း မပြန်ချင်တော့ဘူး။ သူငယ်ချင်းတွေက ဟိုလူက အဆောင်ကြေးသွင်းပေး၊ ဒီလူက ကျောင်းလခသွင်းပေးနဲ့ ကျောင်းနေဖြစ်သွားခဲ့တာ။ ကျောင်းပိတ်ရက်တောင် မပြန်ချင်အောင်ဖြစ်ခဲ့တာ။ သင်္ကြန်ကျောင်းပိတ်ရက်တွေဆို မိတ္ထီလာကနေ ကားပေါ်စက်ဘီးတင်လာပြီး မန္တလေးမှာ စက်ဘီးနဲ့လျှောက်လည်ပြီး ပျော်ခဲ့ကြတာ။ ကျွန်တော်တို့ ကျောင်းသားဘဝက မမေ့နိုင်စရာတွေအများကြီးရှိခဲ့ပါတယ်။ မန္တလေးတက္ကသိုလ်နဲ့ ရေနီမြောင်းဟာခွဲခြားလို့ မရသလိုဘဲ ကျောင်းထဲကတမာတန်းတွေကလည်း မန္တလေးတက္ကသိုလ်ရဲ့ ပြယုဂ်တွေပါပဲ"လို့ မန္တလေးတက္ကသိုလ် ကျောင်းသားဘဝပုံရိပ်ဟောင်းကို တမ်းတမ်းတတ သူကဆက်ပြောပြပါတယ်။

မန္တလေးတက္ကသိုလ်ဟာ ထူးချွန်ပညာရှင်ပေါင်းများစွာကို အစဉ်အဆက်မွေးထုတ်ပေးခဲ့သလိုပဲ မန္တလေးတက္ကသိုလ်ကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ ဘွဲ့ကြိုတန်းတွေ ပြန်လည်ဖွင့်လှစ်သင်ကြားခဲ့ပြီး တက္ကသိုလ်ရဲ့ ပုံရိပ်ကို အသစ်တစ်ဖန် ထူးချွန်ကျောင်းသားများနဲ့ အသက်သွင်းခဲ့ပါတယ်။

"၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှာ Center of Excellence (COE) Program ကို ရန်ကုန်တက္ကသိုလ်နဲ့ မန္တလေးတက္ကသိုလ်မှာ စတင်ဖွင့်လှစ်ခဲ့တာပါ။ မြန်မာတစ်နိုင်ငံလုံးမှာ ရန်ကုန်နဲ့မန္တလေးမှာပဲ ဖွင့်လှစ်သင်ကြားနေတာဖြစ်ပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲမှာ ထူးချွန်စွာအောင်မြင်ခဲ့တဲ့ ကျောင်းသားကျောင်းသူတွေထဲက မေဂျာတစ်ခုကို အယောက် ၅၀ ရွေးချယ်ပြီး သင်ကြားပေးတာဖြစ်ပါတယ်။ သို့သော်လည်း ကျောင်းသူကျောင်းသားတွေရဲ့ လျှောက်တဲ့ပေါ်မူတည်တဲ့အတွက် ဘာသာရပ်တစ်ခုနဲ့တစ်ခု ရွေးချယ်တဲ့အမှတ်တွေက မတူပါဘူး။ မတူတဲ့အတွက် ပညာရေးပိုင်းကနေ ဖြတ်ပေးလိုက်ပြီး ပညာသင်ထောက်ပံ့ကြေးတွေပေးတာ ဖစ်ပါတယ်။ ဒဲ့အပြင် ထူးချွန်ကျောင်းသားကျောင်းသူတွေအတွက် လက်တော့ပ် တစ်ယောက်တစ်လုံးနီးပါး အသုံးပြုနိုင်အောင် နိုင်ငံတော်က ပံ့ပိုးပေးထားပါတယ်" လို့ မန္တလေးတက္ကသိုလ်တာဝန်ခံ ပါမောက္ခချုပ်ဆရာမကြီး ဒေါက်တာသီတာဝင်းက ပြောပြပါတယ်။

ဆက်လက်ပြီး ဆရာမကြီးက "စာသင်ခန်းတွေနဲ့ ပတ်သက်ပြီးတော့လည်း နိုင်ငံတော်ရဲ့ ပံ့ပိုးမှုကျောင်းရဲ့ စီစဉ်မှုတွေနဲ့ နိုင်ငံခြားစတိုင် ကျကျနနပြုလုပ်ပေးထားပါတယ်။ ကျောင်းသားကျောင်းသူတွေကိုလည်း ကျောင်းမှာ စာသင်ရုံတင်မကဘဲ ကျောင်းသား ကျောင်းသူတွေရဲ့ Activity အများကြီးထဲမှာ အဆင်ပြေအောင် Fitness Center၊ Recreation Center ရှိပါတယ်။ တက္ကသိုလ်ရဲ့ အသက်သွေးကြောဖြစ်တဲ့ Library ရှိမယ်။ Library ထဲမှာလည်း e-Library ရှိမယ်။ e-Library ထဲမှာလည်း ကျောင်းသားကျောင်းသူလေးတွေ အချိန်မရွေးသွားရောက်ပြီး လိုချင်တဲ့စာမှန်သမျှကို Free download ရှာနိုင်တယ်။ ရှာဖွေပြီး Prepare လုပ်နိုင်ကြတယ်။ မနှစ်က ထူးထူးခြားခြားအငယ်တန်းလေးတွေ ပထမနှစ်တက်ရောက်တဲ့အချိန်မှာ ဂီတပဒေသာကပွဲလည်း အောင်အောင်မြင်မြင်ကျင်းပနိုင်ခဲ့ပါတယ်။ သူတို့လေးတွေရောက်မှ RC လည်း ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ အရင်တုန်းက Recreation Center ဆိုတာက နားရုံပဲရှိတာ။ အခု RC ကြီးက ကျောင်းသားတွေလိုချင်တဲ့ပစ္စည်းမှန်သမျှကို ရရှိနိုင်ပါတယ်။ ဒဲ့အပြင် မန္တလေးတက္ကသိုလ်နဲ့ MoU ထိုးတာနဲ့ နိုင်ငံ ၁၈ နိုင်ငံရှိပါတယ်။ ကမ္ဘာတစ်ဝန်းနိုင်ငံအနှံ့ကလာပြီး Knowledge Sharing တို့ Exchange Program တို့စသဖြင့် အစီအစဉ်တွေ ပြုလုပ်ပေးနေပါတယ်။ ဒါကြောင့်မို့ ကျောင်းသား ကျောင်းသူလေးတွေ အတွေ့အကြုံများလေ ကျောင်းအတွက် ရှေ့အလားအလာပိုပြီး ကောင်းလာတာတွေရှိပါတယ်"လို့ မန္တလေးတက္ကသိုလ်နဲ့ပတ်သက်လို့ တိုးတက်ပြောင်းလဲလာတဲ့အရာတွေကို ပြောပြပါတယ်။

မန္တလေးတက္ကသိုလ်ဟာ မြန်မာပြည်အထက်ပိုင်းရဲ့ Research Center ကြီးဖြစ်သလို ထူးချွန်တဲ့ပညာရှင်များကို မွေးထုတ်ပေးခဲ့တဲ့ နေရာလည်းဖြစ်ပါတယ်။

"မန္တလေးတက္ကသိုလ်ကို မြန်မာပြည်အထက်ပိုင်းအနေနဲ့ Research Center လို့ ယူဆထားတာဖြစ်ပါတယ်။ Research Center ဖြစ်တဲ့အတွက် သုတေသနတော်တော်များများကို မန္တလေးတက္ကသိုလ်ကနေ ဦးဆောင်ပြီး လုပ်ကြရပါတယ်။ မဟာသုတေသနတို့ Ph.D တို့ မြန်မာပြည်အထက်ပိုင်းမှာ သုတေသနလုပ်တဲ့ ကျောင်းသားကျောင်းသူမှန်သမျှ မန္တလေးတက္ကသိုလ်ကို တစ်နှစ်တစ်ခေါက် စာတမ်းလာဖတ်ကြရတယ်။ မန္တလေးတက္ကသိုလ်မှာဖတ်ပြီးမှ မိမိတို့ဆိုင်ရာ တက္ကသိုလ်တွေမှာ External ခေါ်ပြီးမှ စာတမ်းပြီးတော့ ဒီမှာ အကဲပြန်ဖြတ်ရတာ။ အကဲဖြတ်တဲ့စနစ်က အထက်မြန်မာပြည်မှာ မန္တလေးတက္ကသိုလ်ပဲတာဝန်ယူပြီး ပြုလုပ်ရတာဖြစ်ပါတယ်။ တက္ကသိုလ်ရဲ့အသက်သွေးကြောဟာ ဘာလဲလို့မေးရင် သုတေသနပါ။ သုတေသနလုပ်မှသာ လျှင် တက္ကသိုလ်တစ်ခုဟာ အမြဲတမ်းရှင်သန်နေကြတာ ဖြစ်ပါတယ်။ သုတေသနကိုဌာနတိုင်း ဦးဆောင်ပြီး လုပ်ကိုင်နေကြပါတယ်။ Level ကတော့ မျိုးစုံပါပဲ။ မန္တလေးမြို့ Level လောက်ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် မန္တလေးတိုင်းဒေသကြီး Level ဖြစ်ချင်ဖြစ်မယ်။ ဒါမှမဟုတ် နိုင်ငံတော်ရဲ့ Level ဖြစ်ချင်ဖြစ်မယ်။ အဲဒီလောက် အဆင့်ထိရောက်နိုင်တဲ့ သုတေသနတွေကို မန္တလေးတက္ကသိုလ်မှာရှိတဲ့ ဌာနတိုင်းကဦးဆောင်ပြီး ပြုလုပ်နေပါတယ်"လို့ သုတေသနလုပ်ငန်းတွေနဲ့ ပတ်သက်လို့ ဓာတုဗေဒဌာနမှ ပါမောက္ခဒေါက်တာဒေါ်ရီရီမြင့်က ပြောပြပါတယ်။

၂၀၁၃-၂၀၁၄ ခုနှစ်မှာ ဘွဲ့ကြိုတန်းတွေပြန်လည်ဖွင့်လှစ်ချိန်စတင်တက်ရောက်ခွင့်ရတဲ့ ကျောင်းသားကျောင်းသူတချို့ကို မန္တလေးတက္ကသိုလ်မှာ တက်ရောက်ခွင့်ရတဲ့ ခံစားချက်ကိုမေးမြန်းရာ "ကျွန်မ မန္တလေးတက္ကသိုလ်တက်ရောက်ရတာကို အလွန်ပဲဂုဏ်ယူပါတယ်။ ထူးချွန်ဆိုတာကို ကျွန်မတို့နှစ်မှစပြီး ဖွင့်လှစ်ခဲ့တာဆိုတော့ ကံကောင်းတယ်လို့ ပြောရမှာပါပဲ။ အစိုးရကလည်း တစ်လကို ငွေကျပ်တစ်သိန်းပညာသင်ဆု အဖြစ် ထောက်ပံ့ပေးတယ်။ ကျောင်းသားကျောင်းသူတွေအတွက် ဘာသာရပ်နဲ့သက်ဆိုင်တဲ့ လုပ်ငန်းတွေမှာ အသုံးပြုနိုင်အောင်လို့လည်း လက်တော့ပ်တစ်လုံးစီ ပံ့ပိုးပေးပါတယ်။ အပိုင်တော့မဟုတ်ပေမယ့် ကိုယ်လိုအပ်ရင် အဆောင်မှာလည်း ယူသုံးခွင့်ပြုပါတယ်။ ဝန်ဆောင်မှုက အပြည့်ပေးထားပါတယ်။ ကျွန်မရဲ့ရည်မှန်းချက်ကတော့ ဒီတက္ကသိုလ်ကနေ ဘွဲ့တစ်ခုရပြီးရင် နိုင်ငံခြားမှာ IC နဲ့ပတ်သက်တဲ့ဘာသာရပ်တစ်ခုကို သွားတက်ပြီး အဲဒီမှာ လေ့လာသင်ယူပြီး ကိုယ့်နိုင်ငံအတွက် ပြန်ပြီးအကျိုးပြုချင်ပါတယ်" လို့ ထူးချွန်ဒုတိယနှစ် ကုန်ထုတ်ဓာတုဗေဒ (IC)တက်ရောက်နေတဲ့ မကေသာယုက ပြောပြပါတယ်။

သူ့လိုပဲ ကုန်ထုတ်ဓာတုဗေဒ (IC) ထူးချွန်ဒုတိယနှစ်တက်နေတဲ့ မောင်ဇော်မျိုးထက်က "ကျွန်တော်က နိုင်ငံခြားမှာ ပညာသင်ယူချင်တဲ့သူဆိုတော့ မန္တလေးတက္ကသိုလ်က MoU ထိုးထားတဲ့ နိုင်ငံတွေရှိတော့ ပိုပြီး အဆင်ပြေသွားတယ်။ အဲဒါကြောင့်မို့ ကျွန်တော် ဒီတက္ကသိုလ်မှာ ထူးချွန်ကျောင်းသားအဖြစ်လျှောက်ခဲ့တာဖြစ်ပါတယ်။ နိုင်ငံခြားမှာ ပညာသင်ခွင့်ရရင်လည်း ဘွဲ့လွန်တွေထပ်တက်ပြီး နိုင်ငံခြားက ပြန်လာရင် ပညာရပ်တွေကို အသုံးချပြီး စားသောက်ကုန်လုပ်ငန်းတွေ၊ လူသုံးကုန်လုပ်ငန်းတွေနဲ့ တိုင်းပြည်ကို အကျိုးပြုသွားမှာပါ"လို့ သူ့ရဲ့ရည်မှန်းချက်ကို ပြောပြပါတယ်။

မြန်မာနိုင်ငံရဲ့ ထုတ်ကုန်အရည်အသွေးတွေ တိုးတက်စေချင်တဲ့ ထူးချွန်ဒုတိယနှစ် ကုန်ထုတ်ဓာတုဗေဒ IC တက်ရောက်နေတဲ့ မမေကိုကိုက "ကျွန်မက စက်မှုကုန်ထုတ်လုပ်ငန်းတွေကို စိတ်ဝင်စားလို့ IC



တာဝန်ခံပါမောက္ခချုပ် ဒေါက်တာသီတာဝင်း

ကိုပထမဦးစားပေးအနေနဲ့ လျှောက်ခဲ့တာ။ ကိုယ်တကယ်တတ်ချင်သင်ချင်တဲ့ဘာသာရပ်ကို ထူးချွန်ကျောင်းသားအနေနဲ့ တက်ရောက်ခွင့်ရလို့လည်း ဂုဏ်ယူပါတယ်။ ထူးချွန်ကျောင်းသားတွေကိုရွေးထုတ်ပြီး လူနည်းစုကို သင်ကြားပေးတဲ့အတွက် ဆရာဆရာမတွေနဲ့လည်း ထိတွေ့မှုပိုရှိလာတယ်။ ဒီဘာသာရပ်ကိုယူကတည်းက ရည်ရွယ်ချက်တွေရှိပါတယ်။ ကျွန်မတို့ ဆရာကြီးဦးသန်းထွန်းက ပြောပါတယ်။ ပြည်တွင်းထွက်ကုန်ကို အားပြုတဲ့ခေတ်မဟုတ်တော့ဘူး။ quality ကို ဦးစားပေးတဲ့ခေတ်ဖြစ်သွားပြီဆိုတော့ မြန်မာနိုင်ငံက ထုတ်ကုန်တွေကို နိုင်ငံတကာနဲ့ရင်ပေါင်တန်းနိုင်အောင် ကြိုးစားရမယ်။ ညီမတို့ မေဂျာကလည်း ထုတ်ကုန်ပိုင်းနဲ့ဆိုင်တဲ့အတွက် တော်တော်ကြိုးစားရပါမယ်။ ကိုယ့်နိုင်ငံမှာလည်းပညာကို ကြိုးစားသင်မယ်။ နောက်ပြီး နိုင်ငံခြားမှာလည်း ဒီပညာတွေ ဆက်လက်သင်ကြားပြီး သူတို့ဆီက နည်းပညာတွေ လေ့လာမယ်။ ကိုယ့်နိုင်ငံနဲ့ ချိန်ဆပြီးတော့ ကိုယ့်နိုင်ငံရဲ့ ထုတ်ကုန်အရည်အသွေးတိုးတက်အောင် ဆောင်ရွက်သွားမယ်"လို့ သူ့ရဲ့စိတ်ကူးလေးကို ပြောပြပါတယ်။

မန္တလေးတက္ကသိုလ်ကို ၁၉၂၅ ခုနှစ်မှာ မန္တလေးဥပစာကောလိပ်အဖြစ်စတင်ဖွင့်လှစ်ခဲ့ပြီး ၁၉၄၇ ခုနှစ်မှာ နှစ်နှစ်သင် ဥပစာကောလိပ်အဆင့်ကနေ လေးနှစ်သင် (ဒီဂရီကောလိပ်)အဆင့် တိုးမြှင့်ဖွင့်လှစ်ခဲ့ကြောင်း၊ ၁၉၅၈ ခုနှစ်မှာတော့ ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်(မန္တလေး) ဖြစ်လာခဲ့ပြီး ၁၉၈၀ ပြည့်နှစ်မှာ မန္တလေးတက္ကသိုလ်လို့ ပြန်လည်အမည်ပေးခဲ့ကြောင်း သိရပါတယ်။

မန္တလေးတက္ကသိုလ်မှာ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပညာဆည်းပူးလေ့လာနေတဲ့ ကျောင်းသားအရေအတွက်မှာ (Ph.D) ပါရဂူဘွဲ့တန်း ၇၇၄ ဦး၊ မဟာသုတေသန ၇၈ ဦး၊ မဟာသိပ္ပံဘွဲ့ ၆၅၈ ဦး၊ ဂုဏ်ထူးတန်း ၈၃ ဦး၊ ဒီပလိုမာ ၁၂၇ ဦး၊ MBA တက်ရောက်သူ ၁၉၂ ဦး၊ ပထမနှစ်ထူးချွန်ကျောင်းသား ၄၃၆ ဦး၊ ဒုတိယနှစ်ထူးချွန်ကျောင်းသား ၅၃၈ ဦးရှိပြီး စုစုပေါင်းကျောင်းသား ၂၈၈၆ ဦးရှိကြောင်း၊ ထူးချွန်ကျောင်းသား အရေအတွက်ကို ယခင်က ဘာသာရပ်တစ်ခုကို ကျောင်းသား ဦးရေ ၅၀ သာ ကန့်သတ်ထားသော်လည်း ၂၀၁၅-၂၀၁၆ ပညာ သင်နှစ်မှာ မန္တလေးတက္ကသိုလ်တစ်ခုတည်းသာ ကျောင်းသားဦးရေ ၇၀ လက်ခံသွားမှာဖြစ်ကြောင်း သိရပါတယ်။

မြန်မာ့ရိုးရာအားကစား

မြန်မာနိုင်ငံ၌ ပထမဦးဆုံး ရိုးရာခြင်းလုံးနှင့် ပိုက်ကျော်ခြင်းသင်တန်း ကျောင်းကြီး ပေါ်ထွက်လာတော့မည်

သတင်းဆောင်းပါး-မောင်စိန်လွင်(မြန်မာ့အလင်း)၊ ဓာတ်ပုံ- မင်းထက်

မြန်မာခြင်းလုံးဖွံ့ဖြိုးတိုးတက်စေရန်နှင့် မျိုးဆက်သစ်များပေါ်ထွန်းစေရန် ပထမဦးဆုံး ရိုးရာခြင်းလုံးနှင့် ပိုက်ကျော်ခြင်းသင်တန်းကျောင်းကြီးကို မကြာမီ စတင်အကောင်အထည်ဖော် တည်ဆောက်တော့မည်ဖြစ်သည်။ အဆိုပါသင်တန်းကျောင်းကြီးကို မြန်မာ့ရိုးရာခြင်းလုံးအဖွဲ့ချုပ်က အကုန်အကျခံကာ မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် လေယာဉ်ကွင်းအနီးနှင့် အဝေးပြေးလမ်းကြီးဘေး၌ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်အနေနဲ့ ဒီသင်တန်းကျောင်းကို တည်ဆောက်ရတဲ့ ရည်ရွယ်ချက်ကတော့ မြန်မာ့အားကစားဟာ နှစ်ပေါင်း ၅၀ လောက်မှာ အာရှထိပ်တန်းအဆင့်ထိရှိခဲ့တယ်။ အခုနောက်ပိုင်း ထိပ်တန်းအဆင့်နဲ့ ဝေးကွာသွားတဲ့ အကြောင်းရင်းကို သုံးသပ်ကြည့်လိုက်တော့ ကျွန်တော်တို့ဆီမှာ မျိုးဆက်သစ် မွေးထုတ်ပေးမှုအားနည်းတယ်။ ထွက်လာတဲ့ မျိုးဆက်သစ်ကိုလည်း အာမခံ ချက်ပေးနိုင်ဖို့လိုတယ်။ အခြားနိုင်ငံတွေကိုကြည့်ရင် သိနိုင်တယ်။ အခုဆိုရင် ရိုးရာခြင်းလုံးကို အာရှအဆင့်အထိ အောင်မြင်စွာထိုးဖောက်နိုင်ခဲ့ပြီ။ အဲဒီ အောင်မြင်မှုကို ဆက်လက်သယ်ဆောင်နိုင်ဖို့အတွက်က မျိုးဆက်သစ်လိုအပ်တယ်။ နိုင်ငံတစ်နိုင်ငံမှာ မျိုးဆက်သစ်က အားကစားမှမဟုတ်ဘူး။ ဘက်ပေါင်းစုံက လိုအပ်တာဖြစ်တယ်။ ကျွန်တော့်အနေနဲ့ကတော့ ကိုယ်ကိုင်တွယ်တဲ့ ဒီခြင်းလုံးဘက်က မျိုးဆက်သစ်ကို တိုင်းပြည်အတွက် အတတ်နိုင်ဆုံး မွေးထုတ်ပေးသွားမှာဖြစ်တယ်" ဟု မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝိုးနိုင်ကခြင်းလုံးနှင့် ပိုက်ကျော်ခြင်းသင်တန်းကျောင်းကို ပထမဦးတည်ဆောက်အကောင်အထည်ဖော်မှုနှင့်ပတ်သက်၍ ပြောပြသည်။

ယခုအခါ မြန်မာနိုင်ငံ၌ ပထမဦးဆုံးပေါ်ပေါက်လာမည့် ခြင်းလုံးနှင့် ပိုက်ကျော်ခြင်းသင်တန်းကျောင်း တည်ဆောက်အကောင်အထည်ဖော်ရန်အတွက် သက်ဆိုင်ရာသို့ တင်ပြထားပြီး ခွင့်ပြုချက်ကျလာပါက လာမည့် ဒီဇင်ဘာလတွင် လုပ်ငန်းများ စတင်ဆောင်ရွက်မည်ဖြစ်သည်။ အဆိုပါသင်တန်းကျောင်းကို တံတားဦးမြို့နယ် လေယာဉ်ကွင်းအနီးရှိ မြေလေးဧကပေါ်၌ တည်ဆောက်သွားမည်ဖြစ်သည်။ ထို့အတူ ယင်းရေယာဝင်းအတွင်း သင်တန်းကျောင်းကို အထောက်အကူပြုနိုင်မည့် ဟိုတယ်နှင့် စားသောက်ဆိုင်များကိုလည်း ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီသင်တန်းကျောင်းကို ကျွန်တော့် တစ်သက်သာမက နောင်လာနောက်သားတွေ လက်ဆင့်ကမ်းလွှဲပြောင်းနိုင်ဖို့အထိ ရည်ရွယ်လုပ်ဆောင်သွားမှာပါ။ အဲဒီအတွက် စိတ်ကူးထားတာကတော့ ဒီဝင်းထဲမှာ သင်တန်းကျောင်းတွေဆောက်မယ်။ ပြီးတော့ သင်တန်းသားတွေအတွက် အကူအညီ အထောက်အပံ့ဖြစ်စေမယ့် ဟိုတယ်နဲ့ စားသောက်ဆိုင်တွေလည်း တည်ဆောက်သွားမယ်။ အဲဒီကရတဲ့ ဝင်ငွေတွေကို သင်တန်းသားတွေအတွက် ဘက်စုံသုံးအဖြစ် အသုံးပြုသွားမှာဖြစ်ပါတယ်။ ဒါမှ ဒီသင်တန်းကျောင်းက ရေရှည်ရပ်တည်နိုင်ပြီး နောင်လာနောက်သားတွေအထိ လက်ဆင့်ကမ်းသယ်ဆောင်နိုင်မှာဖြစ်ပါတယ်" ဟု အဖွဲ့ချုပ်ဥက္ကဋ္ဌက ဆိုသည်။

အဆိုပါသင်တန်းကျောင်းမှ နိုင်ငံတစ်ဝန်း ရိုးရာခြင်းလုံးနှင့် ပိုက်ကျော်ခြင်း မျိုးဆက်သစ်များ ပေါ်ထွန်းစေရေးအတွက် အကောင်အထည်ဖော်တည်ဆောက်ပြီး ကနဦးနှစ်တွင် သင်တန်းသား ၅၀ ကို စတင်လက်ခံမည်ဖြစ်ကာ နောက်နှစ်၊ နောက်နှစ်များတွင် နှစ်စဉ် မျိုးဆက်သစ် ၁၀၀ ကို မွေးထုတ်ပေးသွားမည်ဖြစ်သည်။ မျိုးဆက်သစ်မွေးမြူရာတွင်လည်း ရိုးရာခြင်းလုံးအတွက် ပြည်တွင်းမှ ခြင်းလုံးဆရာကြီးများကို နည်းပြများအဖြစ် ခန့်အပ်သွားမည်ဖြစ်သည့်အပြင် ပိုက်ကျော်ခြင်းအတွက်လည်း အရှေ့တောင်အာရှ၌ ထိပ်တန်းအဆင့်ရှိသည့် ထိုင်းနိုင်ငံမှ နည်းပြများကို ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ ရိုးရာခြင်းလုံးအဖွဲ့ချုပ်အနေဖြင့် အဆိုပါသင်တန်းကျောင်းကြီးကို ခွင့်ပြုမိန့်ကျပြီး တစ်နှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကာ ကုန်ကျစရိတ်ငွေကျပ် သိန်းပေါင်း ၅၀၀၀ ကျော်သုံးစွဲရန် လျာထားပြီးဖြစ်သည်။

မြန်မာနိုင်ငံအနေနဲ့ ရှေးယခင်ကတည်းကမရှိခဲ့တဲ့ အခုလို ခြင်းလုံးသင်တန်းကျောင်းကြီးကို ဥက္ကဋ္ဌအနေနဲ့ တည်ဆောက်အကောင်အထည်ဖော်ပေးမယ်ဆိုတော့ ကျွန်တော် အတိုင်းမသိ ဝမ်းသာပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ အသက်မှာ ခြင်းလုံးသမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့တာလို့ ပြောရမှာပါ။ အခုလည်း ရိုးရာခြင်းလုံးကို ဆီးဂိမ်းပြိုင်ပွဲတွေ ပါဝင်ခွင့်ရရုံမက၊ အာရှနိုင်ငံတွေအထိပါ ပျံ့နှံ့အောင်ထိုးဖောက်နိုင်ခဲ့တာ၊ ပထမဆုံး သမိုင်းသစ်တစ်ရပ်ကို အောင်မြင်စွာစိုက်ထူနိုင်ခဲ့တာပါ။ ကျွန်တော်တို့ ခြင်းလုံးဝါသနာရှင်တွေအနေနဲ့ကတော့ ပြောမပြတတ်အောင်ကိုပဲ ဒီသင်တန်းကျောင်းကြီး အောင်အောင်မြင်မြင် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်နိုင်ပါစေလို့ ဆုတောင်းပါတယ်" ဟု ရိုးရာခြင်းပညာရှင် ဦးမြင့်သိန်းက သင်တန်းကျောင်းနှင့်ပတ်သက်၍ ၎င်း၏အမြင်ကို ဖွင့်ဆိုခဲ့သည်။

ရှေးဘုရင်မင်းများလက်ထက်ကတည်းက အစပြုတည်ရှိခဲ့သည့် မြန်မာ့ရိုးရာခြင်းလုံးအားကစားသည် ယနေ့အခါတွင် အရှေ့တောင်အာရှနိုင်ငံများသာမက အာရှနိုင်ငံများအထိပါ ထိုးဖောက်အောင်နိုင်ခဲ့ပြီဖြစ်သည်။ များမကြာမီ ဒီဇင်ဘာလတွင်လည်း နိုင်ငံတစ်ဝန်း ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲကြီးနှင့် ကမ္ဘာ့နိုင်ငံတချို့ကပါ စိတ်ဝင်တစားဝင်ရောက်ယှဉ်ပြိုင်မည့် အာရှနိုင်ငံများ ရိုးရာ ခြင်းလုံးခတ်ပြိုင်ပွဲကြီးကို နေပြည်တော်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ ယခုအခါ နှစ်ပေါင်းရှည်ကြာစွာ ၄ပ်လျှိုးခဲ့သည့် ရိုးရာခြင်းလုံး အားကစားပြိုင်ပွဲများသည် ကာလတိုအတွင်း အရှိန်အဟုန်မြင့်ကာ အနောက် ဥရောပနိုင်ငံအချို့ထိပါ စိမ့်ဝင်စပြုနေပြီဖြစ်သည်။

ပေါ်ထွက်လာတော့မည့် သင်တန်းကျောင်းနှင့်ပတ်သက်၍ ခြင်းလုံးမျိုးဆက်သစ် ဝါသနာရှင်တစ်ဦးဖြစ်သည့် တာမွေမြို့နယ်မှ မောင်ကောင်းပြည့်စုံကလည်း "ခြင်းလုံးသင်တန်းကျောင်းကြီး ပေါ်ထွက်လာမယ်ဆိုရင် မြန်မာ့ရိုးရာခြင်းလုံးနဲ့ ပိုက်ကျော်ခြင်းဟာ အရှေ့တောင်အာရှမှာ ထိပ်တန်းအဆင့်ကို အချိန်တိုအတွင်း ပြန်လည်ရောက်လာနိုင်တယ်။ နောက်ပြီး ကျွန်တော်တို့နိုင်ငံမှာ အဲဒီလို သင်တန်းကျောင်းရှိဖို့လိုသလို သတ်သတ်မှတ်မှတ် ကစားကွင်းလေးတွေလည်း ရှိဖို့လိုမယ်ထင်တယ်။ ခုတော့ဘောလုံးဆိုလည်း လမ်းပေါ်ကန်၊ ခြင်းဆိုလည်း လမ်းဘေးခတ်နဲ့ ဖြစ်သလိုကစားနေကြရတာ။ အဲဒီလိုသင်တန်ကျောင်း များများပေါ်လာဖို့ ကျွန်တော်မျှော်လင့်တယ်"ဟု ဆိုသည်။

မြန်မာ့ရိုးရာ အားကစားနည်းများတွင် တစ်ခုဖြစ်သော ခြင်းခတ်အားကစားနည်းသည် ပြီးခဲ့သည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းတွင် ပါဝင်နိုင်ခဲ့ခြင်းကြောင့် မျိုးဆက်သစ်လူငယ်များကြား တစ်ဟုန်ထိုးပျံ့နှံ့လျက်ရှိသည်။ သို့သော် အသင်းအဖွဲ့အနေဖြင့် ခွန်အားတစ်ရပ်ကို မပြနိုင်သေးပေ။ အကြောင်းရင်းမှာ ဦးဆောင်လမ်းပြနိုင်မည့် သင်တန်းကျောင်းကဲ့သို့ လမ်းပြကြယ် မရှိသေးပေ။ ယခုကဲ့သို့ လမ်းပြကြယ်ဖြစ်သည့် သင်တန်ကျောင်းကြီး ပေါ်ထွက်လာတော့မည်ဖြစ်သဖြင့် ရိုးရာခြင်းလုံး မျိုးဆက်သစ်များ၏ အနာဂတ်မှာ အောင်နိုင်မှု ဆုတံဆိပ်များနှင့် ဝေဆာနေတော့မည်ဖြစ်ပေသည်။

မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲ အောင်မြေမန္တလာအားကစားရုံ၌ ပြောင်းလဲကျင်းပမည်

မန္တလေး စက်တင်ဘာ ၁၉၊ မန္တလေးတိုင်းဒေသကြီး မြန်မာ့ရိုးရာလက်ဝှေ့ဆပ်ကော်မတီကကြီးမှူး၍ မြန်မာ့ရိုးရာလက်ဝှေ့စိန်ခေါ်ပွဲများကို စက်တင်ဘာ ၂၅ ရက်တွင် မူလကကန်တော်ကြီး Green မြက်ခင်းပြင်၌ ကျင်းပမည်ဟု စီစဉ်ထားသည်။

သို့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် မူလသတ်မှတ်ထားသောနေရာတွင် မကျင်းပဖြစ်တော့ဘဲ မန္တလေးအောင်မြေသာစံမြို့နယ် (၂၂) လမ်းရှိ အောင်မြေမန္တလာ မိုးလုံလေလုံအားကစားရုံ၌ ပြောင်းလဲကျင်းပမည်ဖြစ်သည်ဟု ပြိုင်ပွဲစီစဉ်သူ စွမ်းကေကေကလပ်ပိုင်ရှင် ဦးသောင်းရွှေ၏ပြောပြချက်အရ သိရသည်။ သို့ဖြစ်၍ မြန်မာ့ရိုးရာလက်ဝှေ့ဝါသနာရှင်များအနေဖြင့် စက်တင်ဘာ ၂၅ ရက် ညနေ ၆ နာရီတွင် အောင်မြေမန္တလာအားကစားရုံ၌ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ကြောင်း၊ သုံးချိတ်ဆိုင်း လေးဆိုင်း၊ လေးချိတ်ဆိုင်း နှစ်ဆိုင်း၊ ငါးချိတ်ဆိုင်း ခုနစ်ဆိုင်းပါရှိပြီး မြန်မာပြည်တစ်ဝန်းကျော်ကြားသည့် လက်ဝှေ့ကျော်များ ပါဝင်ထိုးသတ်မည်ဖြစ်သည်။

ရုံဝင်လက်မှတ်များကို ဖုန်း ၀၉-၂၀၀၅၁၁၀၊ ၀၉-၂၅၈၉၉၉၉၈၈ နှင့် ၀၉-၇၉၅၀၆၆၅၅၅ တို့ထံသို့ ဆက်သွယ်ဝယ်ယူနိုင်ပြီး ရုံဝင်ကြေးမှာ ငွေကျပ် ၇၀၀၀ နှင့် ၁၀၀၀၀ ဟု သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

အင်းတိန်သို့

မောင်သာ(ရှေးဟောင်းသုတေသန)

ကယားပြည်နယ် လောပိတမှ နံနက်ငါးနာရီခွဲတွင် ကျွန်တော်တို့ထွက်လာခဲ့ကြရာ မိုးကတဖွဲဖွဲရွာသွန်းနေခဲ့သည်။ ၂၅ မိုင်ခန့်ရှည်လျားသော လောပိတမှ လွိုင်ကော်လမ်းတစ်လျှောက်တွင် ပြောင်းခင်းများကို နေရာအနှံ့တွေ့ရသည်။ လွိုင်ကော်သို့ရောက်ချိန်တွင် မိုးတိတ်သွားပြီး နေထွက်နေပြီဖြစ်သည်။

လွိုင်ကော်မြို့နယ်ရှိ လောပိတဘီလူးချောင်း အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းမှ အောင်ပန်းမြို့နယ်ရှိ အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းသို့ သွားရောက်ရန် လွိုင်ကော်မှ ဖယ်ခုံ၊ ပင်လောင်း၊ တီကျစ်၊ ကလောလမ်းအတိုင်း အောင်ပန်းသို့ကားဖြင့် ကျွန်တော်တို့လာခဲ့ကြသည်။ လွိုင်ကော်မှလာသောကားလမ်းသည် အောင်ပန်းနှင့် ကလောအကြားတွင် ပျော်ဘွယ်-ကလော-အောင်ပန်း-တောင်ကြီးလမ်းနှင့် ချိတ်ဆက်မိသည်။ လွိုင်ကော်မှ ၁၄၅ မိုင်ဝေးသော အောင်ပန်းသို့ ကျွန်တော်တို့ မွန်းမလွဲမီရောက်ရှိခဲ့ကြသည်။ အောင်ပန်းတွင် နေ့လယ်စာစားကြပြီး ကလော-အောင်ပန်း-တောင်ကြီးလမ်းအတိုင်းလာခဲ့ကြရာ အောင်ပန်းမြို့အထွက်တွင် လက်ယာဘက်သို့ချိုးကွေ့၍ စီမံကိန်းလမ်းအတိုင်း ခရီးဆက်ခဲ့ကြသည်။

အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းသည် အောင်ပန်းမှ အင်းလေးခေါင်တိုင်သို့သွားသည့် ကားလမ်းဘေး ဘီလူးချောင်းအနီးတွင်ရှိသည်။ ထိုကားလမ်းသည် ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းသို့သွားရန် မူလလမ်းဟောင်းကို တိုးချဲ့ဖောက်လုပ်ထားသော လမ်းဖြစ်သောကြောင့် စီမံကိန်းလမ်းဟု အမည်တွင်လျက်ရှိသည်။ စီမံကိန်းလမ်းမသည် ကားနှစ်စီး အလွယ်တကူရှောင်တိမ်းနိုင်အောင် ကျယ်ဝန်းလျက် လမ်းသားလည်း ကောင်းမွန်သည်။

ကျွန်တော်တို့သည် အထက်ဘီလူးချောင်း ရေအားလျှပ်စစ်စီမံကိန်းသို့မဝင်သေးဘဲ အင်းတိန်သို့ဦးစွာသွားခဲ့ကြသည်။ စီမံကိန်းလမ်းအတိုင်း တောင်ပေါ် တက်လိုက်တောင်အောက်ဆင်းလိုက်ဖြင့် ကီလိုမီတာ ၃၀ ခန့် ကားမောင်းလာပြီးနောက် အင်းတိန်သို့ ရောက်ရှိခဲ့သည်။ အင်းတိန်ရွာအနီးတွင် ကျွန်တော်တို့ငယ်စဉ်က လူရည်ချွန် အပန်းဖြေစခန်းဖွင့်လှစ်ခဲ့သည့် ခေါင်တိုင်ရွာရှိသည်။ ခေါင်တိုင်ရွာလမ်းခွဲသို့ရောက်လျှင် ခေါင်တိုင်ဘက်သို့ မဝင်ဘဲ တည့်တည့်ဆက်သွားလိုက်လျှင် အင်းတိန်ရွာသို့ ရောက်ရှိသည်။

အင်းတိန်လေ့ဆိပ်အနီးတွင် ငါးရက်စျေး ဖွင့်လှစ်ရောင်းချသည့် စျေးဆိုင်ခန်းများကိုမြင်ရသည်။ အင်းလေးဒေသတွင် တစ်ရွာမှတစ်ရွာသို့ ငါးရက်တစ်ကြိမ် ပြောင်းရွှေ့ကာ ရောင်းချကြသည့် စျေးများရှိသည်။ ငါးရက်တစ်ကြိမ်ပြောင်းရွှေ့ ဖွင့်လှစ်ရောင်းချသောကြောင့် ထိုစျေးများကို ငါးရက်စျေးဟု ခေါ်ကြသည်။ ယင်းတို့အနက် ရွှေညောင်ဝန်းကျင်တွင် ငါးရက်စျေးနေရာ ကိုးခုရှိရာ ခေါင်တိုင်၊ ကလော၊ ပင်ဖြစ်၊ ကောင်းဘို၊ ကျောက်တန်း၊ နောင်မွန်၊ မော်ဘီဝါးတော၊ ဇလဲနှင့်အင်းတိန် ငါးရက်စျေးများဖြစ်ကြသည်။ ယင်းရွာများတွင် ငါးရက်စျေးများကို အလှည့်ကျ ဖွင့်လှစ်ရောင်းချကြသည်။ စျေးနေ့များတွင် အင်းလေးဒေသရှိရွာများမှ ဒေသထွက်ကုန်မျိုးစုံနှင့် အခြားလူသုံးကုန်ပစ္စည်းမျိုးစုံကို ရောင်းချကြသဖြင့် ရောင်းသူ၊ ဝယ်သူများ စည်ကားလေ့ရှိကာ အင်းသားများ ဆုံစည်းသောနေ့ဟုလည်း ဆိုလေ့ရှိကြသည်။

ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိ အင်းလေးကန်သို့ လာရောက်ကြသူများသည် ရှေးဟောင်းနယ်မြေတစ်ခုဖြစ်သည့် အင်းတိန်သို့လည်း သွားရောက်လည်ပတ်လေ့ရှိသည်။ သို့သော်လည်း သွားရောက်လည်ပတ်ကြသူနည်းသဖြင့် စည်ကားမှု နည်းပါးသေးသည်ကို တွေ့ရပေသည်။

မြန်မာလူမျိုးများသည် မြန်မာနိုင်ငံအတွင်းရှိများပြားလှသော တန်ခိုးကြီးဘုရားစေတီပုထိုးများကို သွားရောက်ဖူးမြော်ကြည်ညိုလေ့ရှိကြသကဲ့သို့ ရှမ်းပြည်နယ် တောင်ပိုင်းရှိ အင်းလေးဒေသသို့ ဘုရားလည်းဖူး၊ အပန်းလည်းဖြေရင်း သွားရောက်ကြသူများမှာ နှစ်စဉ်မရေတွက်နိုင်အောင်ပင် များပြားလှသော်လည်း အင်းလေးကန်အစွန်းရှိရှေးဟောင်းသမိုင်းဝင်အင်းတိန်ဒေသသို့ ဘုရားဖူးအချို့သာရောက်ဖြစ်ကြသည်။ အင်းတိန်သို့ရောက်ရှိရန်အင်းလေးကန်ကိုဖြတ်ကာ အင်းလေးကန်အဆုံးအနီးရှိ အင်းတိန်ချောင်းမှတစ်ဆင့် တကူးတကန့်သွားကြရသဖြင့် ဘုရားဖူးအများစုသည် အင်းတိန်အထိ မသွားဖြစ်ကြပါချေ။

အင်းတိန်ဒေသသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်တွင်တည်ရှိသည်။ အင်းတိန်သို့ရောက်ရှိရန် ရွှေညောင်မှ လာကြသူများသည် အင်းလေးကန်အတွင်းရှိ ဖောင်တော်ဦး၊ အလိုတော်ပေါက်အစရှိသော ဘုရားများကိုဖူးပြီးနောက် အင်းတိန်ချောင်းအတွင်းသို့ဝင်ကာ မိနစ် ၃၀ နီးပါး စက်လှေဖြင့်သွားကြရသည်။ သို့မဟုတ်လျှင်လည်း ညောင်ရွှေမှမိုင်းသောက်သို့သွားကာ မိုင်းသောက်မှတစ်ဆင့် အင်းလေးကန်ကိုဖြတ်၍ စက်လှေဖြင့်သွားနိုင်သည်။

အင်းတိန်ချောင်းသည် တောင်ချောင်းနှင့်မြောက်ချောင်းဟူ၍ ချောင်းနှစ်ချောင်းရှိသည်။ ချောင်းအတွင်းတွင် အင်းလေးကန်ရေပြည့်ချိန်၌ ရေတားတမံငယ်များကို မြင့်ရာမှနိမ့်ရာသို့ တစ်ဆင့်စီ ဆည်ထားလေ့ရှိသည်။ ချောင်းအတွင်းရှိနေသည့် ရေအမြင့်လျော့ကျမသွားစေရန် ရေကိုတားထားခြင်းဖြစ်သည်။ ထိုတမံငယ်များတွင် လှေတစ်စင်း ဝင်နိုင်ရုံမျှသာ အပေါက်ဖွင့်ထားသည်။စက်လှေများသည် ရေပြင်အမြင့်မှအနိမ့်သို့ ထိုအပေါက်များကို ဖြတ်ကျော်၍ ဆင်းကြရသဖြင့် အမြင့်မှအနိမ့်သို့ ပြုတ်ကျသကဲ့သို့ဖြစ်သွားပြီး မောင်းနှင်သူ မကျွမ်းကျင်ပါက လှေမှောက်သွားနိုင်ပေသည်။ ထို့ကြောင့် အင်းတိန်ချောင်းငယ်များအတွင်းတွင် အင်းတိန်မှစက်လှေမောင်းများသာ ကျွမ်းကျင်စွာမောင်းနှင်နိုင်ကြသည်ဟု သိရှိရသည်။ ထို့ကြောင့်လည်း မြန်မာ့ဘုရားဖူးများသည် အင်းတိန်အထိ သွားရောက်မှုနည်းပါးခြင်း ဖြစ်နိုင်ပေသည်။

နိုင်ငံခြားသားများမှာမူ အချို့က ရွှေညောင်စက်လှေဆိပ်မှ အင်းတိန်အထိ စက်လှေဖြင့်လာကြပြီး အချို့က အောင်ပန်းမြို့မှ ကီလိုမီတာ ၃၀ (၂၄ မိုင်) ခရီးကို လမ်းလျှောက်လာကြသည်ကို တွေ့ခဲ့ရဖူးပါသည်။ အောင်ပန်းမြို့အထွက်မှ အထက်ဘီလူးချောင်းရေအားလျှပ်စစ်လုပ်ငန်းသို့သွားသော စီမံကိန်းလမ်းမှသွားလျှင် အင်းတိန်သို့ လွယ်ကူစွာရောက်ရှိနိုင်ကြပြီး လမ်းလည်းအထူးကောင်းမွန်သည့်အတွက် ကျွန်တော်တို့ ထိုလမ်းမှ လာခဲ့ကြခြင်းဖြစ်သည်။

အင်းတိန်သည် အင်းလေးကန်၏ အနောက်ဘက်ကမ်းတွင်တည်ရှိသော ရွာငယ်တစ်ရွာဖြစ်သည်။ အင်းတိန်ရွာ၏ တောင်ကုန်းထိပ်ဝယ် သမိုင်းဝင်ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူရှိသည်။ တောင်ကုန်း၏ အောက်ခြေတွင် ရာနှင့်ချီသော စေတီများကို ချုံနွယ်ပိတ်ပေါင်းများနှင့် ရောထွေးနေသည်ကို တွေ့ကြရသည်။ ဘုရားရှိရာ တောင်ကုန်းက ဆိတ်ငြိမ်အေးချမ်းနေသည်။ စေတီများပေါ်မှ ဆည်းလည်းသံများကို ချိုလွင်သာယာစွာအဆက်မပြတ်ကြားနေရသည်မှာ ကြည်နူးဖွယ်ကောင်းလှပေသည်။

အင်းတိန်ဒေသတွင် ပါဠိလိပုဋ္ဌပြည့်ရှင် သီရိခမ္မာသောကမင်းကြီး သာသနာတော်နှစ် ၂၀၀ ဝန်းကျင်ကတည်ထားတော်မူခဲ့သော ရှေးဟောင်းစေတီအများအပြားရှိသည်။ ယခုအခါတွင် စေတီအများစုမှာ ပျက်စီးယိုယွင်းနေကြသည်။ ရွှေအင်းတိန် မြတ်စွာဘုရားကြီးသည် သရီယ(မွေတော်)ဓာတ်တော်များ ဌာပနာပြုကာ တည်ထားသော ရှေးဟောင်းစေတီတော်ကြီးတစ်ဆူဖြစ်သည်။

တိုင်လုံးပေါင်း ၄၀၃ လုံးရှိသောစေတီတော်စောင်းတန်းအတိုင်းလမ်းလျှောက်လာကြရာ ရှေးဟောင်းဗိသုကာ လက်ရာတန်ဆောင်းနှင့်ပြာသာဒ်များကို တွေ့မြင်ရပေသည်။ စောင်းတန်းအဆုံးတွင် စေတီပေါင်း ၁၀၅၄ဆူကိုလည်း ဖူးတွေ့ရသည်။ စေတီတော်အများစုသည် မွေတော်ကတ္တူ။ဒေသမှ စေတီတော်များနှင့် ပုံသဏ္ဌာန်ဆင်တူကြပြီး လုံးပတ်တော်သွယ်လျှကာ ထိပ်သို့ ချွန်မတ်နေသော စေတီတော်များဖြစ်ကြသည်။စေတီတော်များအား သီရိခမ္မာသောကမင်းကြီး တည်ပြီးသည့်နောက်ပိုင်းတွင် အနော်ရထာမင်းကြီးက ထပ်မံပြုပြင်ခဲ့သည်။ ထို့နောက် နရပတိစည်သူမင်း၊ မိုးညှင်းမင်းတရားကြီး၊ မင်းရဲကျော်စွာ၊ မင်းခေါင်နှင့် ဆင်ဖြူရှင်မင်းတို့က အဆက်ဆက် ထပ်မံပြုပြင်ခဲ့ကြသည်။

စောင်းတန်းအဆုံးတွင် စေတီတော်ရင်ပြင်သို့ ရောက်ရှိသွားရာ ရွှေရောင်များဝင်းနေသည့် စေတီတော်များကိုတွေ့ရသည်။ စေတီတော်ပရိဝုဏ်အတွင်း အာသောကမင်းကြီးတည်ထားတော်မူခဲ့သော ဥဏ်တော် ၁၈ လက်မရှိသည့် စေတီတော်ငယ်တစ်ဆူကို မူလနေရာမှာပင် အမိုးအကာအောက်တွင် ထိန်းသိမ်းထားသည်ကိုလည်း ဖူးတွေ့ကြရသည်။ သို့သော်လည်း မူလစေတီကို ရွှေများချထားကာ အောက်ခံအုတ်ခုံကိုလည်း ပြန်လည်ပြုပြင်ထားသည်။

ဘုရားကြီး၏ မြေနိမိတ်သည်-အရှေ့ကား ကျောက်ပွန်ရေထွက်၊ နောင်ကန်အင်းဆင်သေကုန်း၊ အရှေ့တောင်ခြားကား သရက်မောင်နှမတည်း၊ တောင်ခြားကား ကန်ထောင့်ရွာဟောင်းချောင်းကွေ့တည်း၊ အနောက်တောင်ခြားကား ချောင်းချောက်ကြီး ပျားစွဲတော်တည်း၊ အနောက်ခြားကား ဆင်ရုပ်ညောင်စည် ရေဟုန်ဟုန်ကျတည်း၊ အနောက်မြောက်ခြားကား စစ်တောင်းတောင် ခမောက်တောင် ရသေ့တောင်ကုန်းတည်း၊ မြောက်ခြားကား နတ်သမီးတောင် ရသေ့တောင် ဝေလုကမ္ဘတောင်တည်း၊ အရှေ့မြောက်ခြားကား အင်းရေပြင်ကျောက်ခြံတည်း”ဟု ရွှေအင်းတိန် ဘုရားဂေါပက အဖွဲ့ကပေးသော စာရွက်ငယ်တွင် ဖော်ပြထားသည်။

ရှေးဟောင်းသမိုင်းဝင်၊ ရှေးဟောင်းဗိသုကာလက်ရာများ များစွာတည်ရှိနေသော အင်းတိန်ဒေသသို့ လာရောက်လေ့လာကြသည့် နိုင်ငံခြားသားများကို တွေ့ရှိရသည်။ ခရီးသွားဧည့်လမ်းညွှန်တစ်ဦးဖြစ်သူ ကိုစိုင်းအောင်က အင်းတိန်သည် အင်းလေးကန်သို့လာရောက်ကြသော နိုင်ငံခြားသားများ စိတ်ဝင်တစားလာရောက်လေ့ရှိသည့် နေရာတစ်ခုဖြစ်ကြောင်းနှင့် ရှည်လျားသည့် စောင်းတန်းနှင့် ရှေးဟောင်းစေတီအိုများကို အထူးစိတ်ဝင်စားကြကြောင်း ပြောပြသည်။ ဂေါပကအဖွဲ့ နိုင်ငံခြားသားများအတွက် အင်းတိန်သမိုင်းကြောင်းကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် လက်ကမ်းစာစောင်များစီစဉ်ထားကြောင်း ဂေါပကအဖွဲ့ဝင်တစ်ဦးက ရှင်းပြသည်။

ကျွန်တော်တို့ အင်းတိန်မှပြန်ချိန်တွင် ညနေစောင်းပြီဖြစ်ပါသည်။ စေတီများမှ ထွက်နေသည့် ခေါင်းလောင်းသံများကို ကြည်နူးဖွယ်ကြားနေရစဉ် အင်းတိန်စေတီအိုများအား ကျွန်တော် ငေးမောမိခဲ့ပါသေးသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၃၀၀ ကျော်က တည်ထားခဲ့သည့် စေတီပုထိုးအများစုသည် ချုံနွယ်များကြားတွင် ရှိနေကြပြီးထိန်းသိမ်းစောင့်ရှောက်မှုများ လိုအပ်လျက်ရှိနေသည်။

နိုင်ငံတကာမှလာရောက်ကြသည့် ဧည့်သည်များသည် အင်းတိန်အထိ တကူးတက သွားရောက်ကာ ရှေးဟောင်းစေတီပုထိုးများ အပါအဝင် အဆောက်အအုံဟောင်းများကို သွားရောက်လေ့လာလျက်ရှိကြရာ ယခုထက်ပို၍ကောင်းမွန်သော စီမံမှုများဖြင့် ရှေးဟောင်းသမိုင်းဝင် ဒေသတစ်ခုဖြစ်သော အင်းတိန်ဒေသကို မွမ်းမံအဆင့်မြှင့်ပေးခြင်းဖြင့် ဒေသ၏ ခရီးသွားလုပ်ငန်း များဖွံ့ဖြိုးတိုးတက်လာကာ ဒေသခံတို့၏ လူမှုဘဝများကို မြှင့်တင်ပေးနိုင်လိမ့်မည်ဟု ယူဆမိပါသည်။

အင်းတိန်သို့ရောက်ရှိရန် ရွှေညောင်မှလာကြသူများသည် အင်းလေးကန်အတွင်းရှိ ဖောင်တော်ဦး၊ အလိုတော်ပေါက်အစရှိသော ဘုရားများကိုဖူးပြီးနောက် အင်းတိန်ချောင်းအတွင်းသို့ဝင်ကာ မိနစ် ၃၀ နီးပါး စက်လှေဖြင့်သွားကြရ

နိုင်ငံတကာရေးရာသတင်းဆောင်းပါး

ဘုဝနု

မြောက်ကိုရီးယား ကျူးဘားကဲ့သို့ ဘာကြောင့်မပြောင်းလဲနိုင်ရသလဲ

အမေရိကန်၏ ပိတ်ဆို့အရေးယူမှုများကြောင့် ရာစုနှစ်ဝက်ကျော် အထီးကျန်နိုင်ငံအဖြစ် ရပ်တည်နေခဲ့ရသည့် ကျူးဘားနိုင်ငံသည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီ မြို့တော်၌ ကျူးဘားသံရုံးကို ပြန်လည်ဖွင့်လှစ်ခဲ့ကာ ကျူးဘားအလံကို လွှင့်ထူနိုင်ခဲ့ပြီဖြစ်သည်။ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် အမေရိကန်သမ္မတ ဘားရက်အိုဘားမားက အမေရိကန်နှင့် ကျူးဘားနိုင်ငံတို့ သံတမန်ဆက်ဆံရေး ပြန်လည်ထူထောင်ကြောင်း ကြေညာခဲ့သည်။

"ကျူးဘားနိုင်ငံကို နှစ် ၅၀ ကြာ အထီးကျန်နိုင်ငံအဖြစ် ပိတ်ဆို့အရေးယူမှုတွေ ပြုလုပ်ခဲ့တာဟာ တကယ်တော့ အလုပ်မဖြစ်ပါဘူး" ဟု အိုဘားမားက ၎င်း၏ထုတ်ပြန်ချက်တွင် ပြောကြားသည်။ စီးပွားရေးပိတ်ဆို့အရေးယူဒဏ်ခတ်မှုများ ပြုလုပ်ရေးကို အခြေခံသည့် အမေရိကန်နိုင်ငံ၏ မူဝါဒများသည် ထိရောက်အောင်မြင်မှုမရှိကြောင်း အိုဘားမားကဝန်ခံခဲ့ပြီး နှစ်နိုင်ငံပုံမှန်ဆက်ဆံရေး ထူထောင်ရေးမူဝါဒကိုသာ အားပေးမြှင့်တင်သွားရမည်ဟု ဆိုသည်။ ပြုပြင်ပြောင်းလဲထားသည့် အမေရိကန်၏မူဝါဒသည် နှစ်နိုင်ငံပုံမှန်ဆက်ဆံရေး ပြန်လည် ကောင်းမွန်ရေးအတွက်သာမက အမေရိကန်နိုင်ငံခြား ရေးဝန်ကြီးဌာန၏ အကြမ်းဖက်အဖွဲ့အစည်းများကို ထောက်ပံ့ပေးနေသော နိုင်ငံများစာရင်းမှလည်း ကျူးဘားနိုင်ငံကို ဖယ်ရှားပေးခဲ့ပြီး အမေရိကန်နိုင်ငံသားများ ကျူးဘားနိုင်ငံသို့ ခရီးသွားလာခွင့်၊ ကုန်သွယ်ခွင့်နှင့် သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ရေးကိုပါ ခွင့်ပြုပေးမည်ဖြစ်သည်။

ဤနေရာတွင် မေးခွန်းထုတ်စရာတစ်ခုရှိသည်မှာ အမေရိကန်နိုင်ငံ၏ မူဝါဒမှာ အနာဂတ်တွင် မည်မျှ အရေးပါပြီး မည်မျှအောင်မြင်မှုရှိသည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ အမေရိကန်နိုင်ငံသည် ကျူးဘားနိုင်ငံနှင့် ဆက်ဆံရေးတိုးတက်မှုများရှိနေသလို အီရန်နိုင်ငံနှင့် နျူကလီးယားသဘောတူညီချက်များ ရရှိအောင်စွမ်းဆောင်ထားနိုင်ပြီး မြောက်ကိုရီးယားနိုင်ငံနှင့်လည်း သမိုင်းစာမျက်နှာသစ်တစ်ခုဖွင့်လှစ်ရန် စဉ်းစားသုံးသပ်လျက်ရှိသည်။ အမှန်တကယ်တွင် နှစ်ပေါင်း ၅၀ ခန့် အထီးကျန်နိုင်ငံဖြစ်နေခဲ့သည့် မြောက်ကိုရီးယားနိုင်ငံနှင့် ပြန်လည်ဆက်ဆံရေးမှာ အပြောလွယ်သလောက် အလုပ်ခက်မည့်အနေအထားဖြစ်သည်။ မြောက်ကိုရီးယားနိုင်ငံနှင့် ကျူးဘားနိုင်ငံတို့သည် အမေရိကန်နိုင်ငံနှင့်ပတ်သက်၍ တူညီသော သမိုင်းကြောင်းရှိသည့် နိုင်ငံများဖြစ်ကြသည်။ ယင်းနှစ်နိုင်ငံအပေါ် အမေရိကန်နိုင်ငံက ရာစုနှစ်ဝက်ခန့် ကျင့်သုံးခဲ့သည့် နိုင်ငံခြားရေးမူဝါဒမှာ တူညီမှုများရှိနေသည်ကို တွေ့ရမည်ဖြစ်သည်။

ခေတ်ပြိုင်နိုင်ငံများ

ကနဦးနှိုင်းယှဉ်ချက်အရ ကျူးဘားနှင့် မြောက်ကိုရီးယားတို့သည် ယေဘုယျအားဖြင့် တူညီချက်များရှိနေသည်။ နှစ်နိုင်ငံစလုံးသည် ယခင် ဆိုဗီယက်ပြည်ထောင်စု၏ လွှမ်းမိုးမှုများရှိခဲ့ပြီး အာဏာရှင်စနစ်ဖြင့် တစ်ပါတီကွန်မြူနစ်စနစ်ကို မျိုးရိုးစဉ်ဆက် အောင်မြင်စွာ ကျင့်သုံးနိုင်ခဲ့သည့် နိုင်ငံများဖြစ်ကြသည်။ ကျူးဘားနိုင်ငံ၌ ၂၀၀၆ ခုနှစ်တွင် ဖီဒယ်ကတ်စထရိုသည် ၎င်း၏ညီဖြစ်သူ ရာအူးလ်ကတ်စထရို့ကို အောင်မြင်စွာ အာဏာလွှဲပြောင်းပေးနိုင်ခဲ့သည်။ မြောက်ကိုရီးယားနိုင်ငံတွင်လည်း ၂၀၁၁ ခုနှစ် ဒီဇင်ဘာလတွင် ခေါင်းဆောင် ကင်ဂျုံအီလ် ကွယ်လွန်သွားပြီးနောက် သားဖြစ်သူ ကင်ဂျုံအန်မှာ တတိယမျိုးဆက်အဖြစ် မြောက်ကိုရီးယားနိုင်ငံ၏ ခေါင်းဆောင်ဖြစ်လာခဲ့သည်။

နှစ်နိုင်ငံစလုံးသည် အကြွင်းမဲ့အာဏာရှင်စနစ်ကျင့်သုံးသည့်နိုင်ငံများဖြစ်သောကြောင့် လူအခွင့်အရေးချိုးဖောက်မှုမှတ်တမ်းများ ကျယ်ကျယ်ပြန့်ပြန့်ရှိခဲ့သည်။ ကျူးဘားအစိုးရသည် ဆန့်ကျင်ကွဲလွဲသည့်နိုင်ငံရေး သို့မဟုတ် ဘာသာရေးခံယူချက်ရှိသူ နိုင်ငံသားတိုင်းကို ဖမ်းဆီးထိန်းသိမ်းခြင်း၊ ထောင်သွင်းအကျဉ်းချခြင်းနှင့် စီရင်ချက်ချပြစ်ဒဏ်ပေးခြင်းများ ပြုလုပ်သည်။ ကျူးဘားနိုင်ငံသည် လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်နှင့် လွတ်လပ်စွာ စုဝေးခွင့်များကို ကန့်သတ်ထားသလို ပုံနှိပ်မီဒီယာနှင့် အီလက်ထရွန်နစ် မီဒီယာတို့ကိုလည်း ထိန်းချုပ်ကန့်သတ်ထားသည်။ အလားတူ မြောက်ကိုရီးယားနိုင်ငံသည်လည်း ဂူးလက်စ်ဟု လူသိများသည့် နိုင်ငံရေးအကျဉ်းသားများကို အဓမ္မခိုင်းစေသည့် အလုပ်စခန်းများကြောင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ပြစ်တင်ဝေဖန်မှုများခံနေရသည်။

ပိတ်ဆို့အရေးယူမှုများ

အကျိုးဆက်အနေဖြင့် အမေရိကန်က မြောက်ကိုရီးယားနှင့် ကျူးဘားတို့အပေါ် ရာစုနှစ်ဝက်ခန့် စီးပွားရေးပိတ်ဆို့အရေးယူမှုများပြုလုပ်ခဲ့သည်။ လွန်ခဲ့သည့်ဆယ်စုနှစ်အထိ မြောက်ကိုရီးယားနိုင်ငံရော ကျူးဘားနိုင်ငံပါ အကြမ်းဖက်ဝါဒကို အားပေးထောက်ခံသည့်နိုင်ငံများစာရင်းတွင် ထည့်သွင်းသတ်မှတ်ခံထားရသည်။ မြောက်ကိုရီးယားနိုင်ငံသည် အကြမ်းဖက်အဖွဲ့များကို လက်နက်ရောင်းချမှုနှင့် ဗုံးခွဲတိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်မှုကြောင့် ၁၉၈၈ ခုနှစ်တွင် အဆိုပါစာရင်း၌ ထည့်သွင်းသတ်မှတ်ခံရခြင်းဖြစ်သည်။ ၂၀၀၈ ခုနှစ် ဘုရှ်အစိုးရလက်ထက်တွင် အဆိုပါစာရင်းမှ ဖယ်ရှားခံခဲ့ရခြင်းဖြစ်သည်။ ထို့အတူ ကျူးဘားနိုင်ငံသည်လည်း အကြမ်းဖက်ဝါဒကို အားပေးထောက်ခံသည့်နိုင်ငံများ စာရင်းတွင် ၁၉၈၁ ခုနှစ်ကတည်းက ထည့်သွင်းသတ်မှတ်ခံခဲ့ရပြီး ယခုနှစ် ဧပြီလတွင်မှ အဆိုပါစာရင်းမှ ဖယ်ရှားခံခဲ့ရခြင်းဖြစ်သည်။ အိုဘားမား၏ မူဝါဒပြောင်းလဲခဲ့သည့်တိုင် ကျူးဘားနိုင်ငံသည် စီးပွားရေးပိတ်ဆို့မှုကို ဆက်လက်ရင်ဆိုင်နေရဦးဖြစ်သည်။ အမေရိကန်ကွန်ဂရက်က စီးပွားရေးပိတ်ဆို့မှု ပြန်လည်ရုပ်သိမ်းရေးကို တဖြည်းဖြည်းဆောင်ရွက်သွားဖွယ်ရှိသည်။

နျူကလီးယားပြဿနာ

အမေရိကန်၏ နိုင်ငံခြားရေးမူဝါဒနှင့် ပတ်သက်၍ ကျူးဘားနှင့် မြောက်ကိုရီးယားနိုင်ငံတို့ ရင်ဆိုင်နေရသည့် ပြဿနာမှာ နျူကလီးယားပြဿနာဖြစ်သည်။ နှစ်နိုင်ငံစလုံးသည် မတူညီသည့် လမ်းကြောင်းများမှ တစ်ဆင့် နျူကလီးယားလက်နက်များ ပိုင်ဆိုင်နိုင်ရန် ကြိုးစားခဲ့ကြသည်။ ၁၉၆၁ ခုနှစ်တွင် ကျူးဘားနိုင်ငံသည် ဆိုဗီယက်နျူကလီးယားဒုံးပျံများကို ကျူးဘားနိုင်ငံတွင် ထားရှိရန် ဆိုဗီယက်ပြည်ထောင်စုနှင့် သဘောတူညီခဲ့သည်။ နောက်ဆက်တွဲရလဒ်အနေဖြင့် အမေရိကန်ရေတပ်က ကျူးဘားနိုင်ငံကို ဝန်းရံပိတ်ဆို့ခဲ့ပြီး ကျူးဘားဒုံးပျံပြဿနာဟု လူသိများခဲ့သည့် ပြဿနာပေါ်ပေါက်လာခဲ့သည်။ ကျူးဘားနိုင်ငံသည် ထိုစဉ်ကတည်းက နျူကလီးယားလက်နက် တပ်ဆင်ခွင့်မရရှိခဲ့ပေ။

၁။ ဦးဝင်းမောင် **၂။ ဒေါ်သိန်းသိန်းဆင့်**
၉/မမန(နိုင်)၀၃၈၂၀၂ **၉/မမန(နိုင်)၀၃၈၂၀၃**
ရတနာရပ်ကွက်၊ ရပ်ကွက်ကြီး (၇)၊ ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်းနန်းစက်မှုဇုန်၊ မြေကွက်အမှတ် ၃၄၂၊ ဧရိယာ ၁ ဒသမ ၂၁၇ ဧကအား အမည်ပေါက် ဦးခင်မောင်ဝင်း ၈/မထန(နိုင်)၀၄၈၄၉၄၄ ထံမှ ဦးအောင်ကျော်ဦး ၁၂/လသန(နိုင်)၀၁၅၃၄၅ ကလည်းကောင်း၊ ဦးအောင်ကျော်ဦးထံမှ ဦးခင်မောင်ထွေး ၁၂/တမန(နိုင်)၀၇၄၇၁၀ကလည်းကောင်း စာချုပ်စာတမ်းများဖြင့် အဆင့်ဆင့်ပြန်လည် ဝယ်ယူခဲ့ကြပြီး ပိုင်ဆိုင်မှုအတွက် နောက်ဆုံးဝယ်ယူထားသူ ဦးခင်မောင်ထွေးမှ ၄င်းအမည်ဖြင့် မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

မွေးစားသားအဖြစ်မှ စွန့်လွှတ်ခြင်း

ခရမ်းမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်းနေ ဦးနေဝင်း-ဒေါ်ဝင်းမြင့်(ခ)ဒေါ်ကြည်ဝင်းတို့မှ မွေးစားသား မောင်ညီညီထွန်းသည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်၍ မွေးစားသားအဖြစ်မှ စွန့်လွှတ်ပါကြောင်းနှင့် နောက

ဒုတိယဗိုလ်မှူးကြီးမောင်ကျော် (ငြိမ်း)
ဗိုလ်သင်တန်းအမှတ်စဉ်(၁၁)၊ (ကြည်း-၆၈၇၄)
အသက်(၉၁)နှစ်

(ဦးစိန်ထွန်း-ဒေါ်သိန်းတင်)တို့၏သား၊ (ဦးမောင်စိန်-ဒေါ်ငွေတင်)တို့၏သားသမက်၊(ဒု-မှူးကြီးမောင်ကျော်-ဒေါ်အေးမြင့်)၊[ဦးဝေလွင်(ခ)ကိုသောင်း]-ဒေါ်တင်တင်သန်းတို့၏အစ်ကို၊ ရန်ကင်းမြို့နယ်၊ ဘောက်ထော်၊ ပြည်သာယာ၊ ဂီတမာလာလမ်း၊ အမှတ် (၇၃/B)နေ ဒေါ်တင်တင်အေး၏ခင်ပွန်း၊ ဒေါက်တာမျိုးကျော်ဦး-ဒေါ်မြင့်ကေသီလှိုင်(ဂျမကောနိုင်ငံ)၊ ဒေါ်ခိုင်ခိုင်ကျော်၊ ဦးသန်းကျော်ထူး(ဒုမြို့တော်ဝန်)၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ)-ဒေါ်သက်ထားတင်၊ ဦးစိုးနိုင်ကျော်(E/O MMTM)၊ ဒေါက်တာစိုးပိုင်ကျော်- ဒေါ်မွန်ရည်ဝင်း(အမေရိကန်နိုင်ငံ)၊ ဒေါ်နိုင်နိုင်ကျော်တို့၏ဖခင်သည် ၁၉-၉-၂၀၁၅ ရက်(စနေနေ့)မွန်းလွဲ ၂း၁၀နာရီတွင် သင်္ဃန်းကျွန်းမြို့နယ် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၅ရက် (တနလာနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒုတိယဗိုလ်မှူးကြီးမောင်ကျော် (ငြိမ်း)
အသက်(၉၁)နှစ်

နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးသန်းကျော်ထူး-ဒေါ်သက်ထားတင်တို့၏ဖခင်၊ ရန်ကုန်မြို့၊ ပြည်သာယာ၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်နေ ဒေါ်တင်တင်အေး၏ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးမောင်ကျော်(ငြိမ်း)သည် ၁၉-၉-၂၀၁၅ရက် (စနေနေ့) မွန်းလွဲ ၂း၁၀နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊
မြို့တော်ဝန် ဦးသိန်းညွှန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်
နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များနှင့်
ဝန်ထမ်းမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း
ဦးခင်မောင်ဝင်း အသက်(၇၃)နှစ်
ဒုတိယဝန်ကြီး(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန

ရန်ကုန်မြို့၊ သုဝဏ္ဏ (VIP 1)၊ အင်ကြင်းမြိုင်လမ်းသွယ်(၃)၊ အမှတ် ၃၉၃နေ (စည်သူ ဗိုလ်မှူးကြီးကိုကို-ဒေါ်မိမိခင်)တို့၏သားကြီး၊ ဦးသန်းတင်-ဒေါ်ခင်ဆွေအေး)တို့၏သားသမက်၊ (ဒေါ်ခင်ဆွေစိုး)၏ ချစ်လှစွာသောခင်ပွန်း ဦးခင်မောင်ဝင်းသည် ၁၇-၉-၂၀၁၅ရက်(ကြာသပတေးနေ့) ည ဂုဏ်၅၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့်ဇနီး
ဝန်ထမ်းမိသားစုများ
နိုင်ငံခြားရေးဝန်ကြီးဌာန

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးခင်မောင်ဝင်း
ဒုတိယဝန်ကြီး(ငြိမ်း)၊ နိုင်ငံခြားရေးဝန်ကြီးဌာန
အသက်(၇၃)နှစ်

ရိုသေလေးစားရပါသော ဦးခင်မောင်ဝင်း (ဒုတိယဝန်ကြီး၊ ငြိမ်း)သည် ၁၇-၉-၂၀၁၅ရက်တွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ နှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

၁၉၈၀ ပြည့်နှစ်
လက်ထောက်အရာရှိ/သံအရာရှိများ

ဒေါ်နီနီလွင်
(ဒု-ဦးစီးမှူး၊ ဗဟိုဘဏ်)
အသက်(၅၂)နှစ်

မန္တလေးမြို့၊ နန်းရှေ့၊ ၅၇×၅၈ လမ်း၊ ၂၂လမ်းနေ ဗိုလ်ကြီးကျော်ရှိန် (ငြိမ်း)-ဒေါ်ခင်မကြည်တို့၏ချွေးမ၊ ဒေါက်တာတင်ဝင်းကျော် (ဆေးရုံအုပ်ကြီး၊ ငြိမ်း)-ဒေါက်တာခင်ကိုကိုသူ (ပြည်နယ်ဆရာဝန်ကြီး၊ ငြိမ်း၊ မော်လမြိုင်မြို့)၊ (ဒေါ်ဝေဝေရှိန်)၊ ဦးကိုကိုရှိန်၊ (ဦးမျိုးလွင်)-ဒေါ်ခွယ်နီရှိန်(အထက-၈၊ မန္တလေး)၊ (ဗိုလ်မှူးဥာဏ်ကြည်-ငြိမ်း) - ဒေါ်ဖြူဖြူရှိန် (ကျောင်းအုပ်ကြီး၊ အလက-၂၇၊ မန္တလေး)တို့၏သမီး၊ ဦးအင်ကြင်းဖြိုးမြတ်သူ-ဒေါ်စုစုဝင်းတို့၏အစ်မ၊ ဦးကောင်းမြတ်သူ (ဗဟိုဘဏ်)]၏ဇနီးသည် ၁၉-၉-၂၀၁၅ရက်(စနေနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၅ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးဓိတ်သင်္ဂီဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း
ဒေါ်အေယ်လ်ထူဆိုင်း
အသက်(၅၀)

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ တပ်ကုန်းအေဒင်ရပ်ကွက်နေ(ဦးလဝေ့ဖေ့လဂေါင်-ဒေါ်နန်းဒိန်းလှ)တို့၏ သမီး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဇမ္ဗူ ရာဇဝီလမ်း၊ အမှတ် ၁၆၊ မြေညီထပ်နေ ဦးမခါကမ်ထွေ-(ဆရာမဒေါ်လထော်နန်ဂရောင်)တို့၏ချွေးမ၊ (ဦးမခါနော်တောင်)၏ချစ်လှစွာသောဇနီး၊ မမခါဆိုင်းဆင်၏မိခင်သည် ၁၈-၉-၂၀၁၅ ရက် ညနေ ၄နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၁-၉-၂၀၁၅ရက် (တနလာနေ့)နံနက် ၉နာရီတွင် ရေဝေ ခရစ်ယာန်ဂိုဏ်းပေါင်းစုဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (အမှတ် ၄၀/ဘီ၊ ရွှေပြည်အေးလမ်း၊ ကချင်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းမှကားများ နံနက် ၇း၃၀နာရီတွင် ထွက်ခွာပါမည်။) [အောက်မေ့ဖွယ်ဝတ်ပြုဆုတောင်းခြင်းကို ၂၆-၉-၂၀၁၅ရက်(စနေနေ့)နံနက် ၁၀နာရီတွင် အမှတ် ၄၀/ဘီ၊ ရွှေပြည်အေးလမ်း၊ ကချင်နှစ်ခြင်း ခရစ်ယာန်ဘုရားကျောင်း၌ပြုလုပ်ပါမည်။]

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း
ဒေါ်တင်တင်ကြည်
အသက်(၇၂)နှစ်

ပျဉ်းမနားမြို့၊ ရွှေချီရပ်ကွက်၊ နယ်မြေ(၂) ပဌာန်းမျှောရုံလမ်း၊ အမှတ်(၂/၈)နေ ဦးတင်ငွေ၏ဇနီး၊ ဦးအောင်နိုင်ဦး(စာတည်းမှူးချုပ်) မြန်မာ့အလင်းသတင်းစာ၊ ဦးနေမျိုး(သတင်းထောက်)၊ ဗိုလ်ကြီးရဲမြင့်ကျော်(ငြိမ်း) တေ(၁၉)၊ WOQOD MARINE SERVICE, QATAR FUEL.၊ ဒေါ်သီရိရွှေစင်တို့၏မိခင်၊ မြေး ခုနစ်ဦးတို့၏ဘွားဘွားသည် ၁၉-၉-၂၀၁၅ ရက် ညနေ ၅ နာရီတွင် နေပြည်တော် ခုတင်(၁၀၀၀) ဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၀-၉-၂၀၁၅ ရက် မွန်းလွဲ ၂ နာရီတွင် နေအိမ်မှကားများထွက်ခွာ၍ နေပြည်တော်ခုတင် (၁၀၀၀) ဆေးရုံကြီးမှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မည်ဖြစ်ပါသည်။

၂၃-၉-၂၀၁၅ ရက် နံနက် ၇ နာရီတွင် နေအိမ်၌ အောက်မေ့ဖွယ်ရာ ဝတ်ပြုခြင်းအစီအစဉ် ပြုလုပ်သွားမည်ဖြစ်ပါကြောင်း လေးစားစွာဖိတ်ကြားအပ်ပါသည်။

(ကျန်ရစ်သူမိသားစု)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးတင်ရွှေ (ဒိုက်ဦး)
တောင်ငူခရိုင်ပညာရေးမှူး(ငြိမ်း)
တောင်ငူခရိုင်ပညာရေးမှူးရုံး
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ် ၉/၁၄/၁၅နေ ဒေါ်မြင့်မြင့်(အထက်တန်းပြ)၊ ဒိုက်ဦးအထက(ငြိမ်း)၏ခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးစိုးညွန့်လွင်(ငြိမ်း)-ဒေါ်ခင်သန်းဦး(အထပြ၊ ငြိမ်း)၊ ဦးလွမ်းမိုး(Cheif officer Ocean Global, Ocean tanker PTE Singapore)-ဒေါ်အေးအေးစန်း(အလပြ၊ ငြိမ်း)တို့၏ဖခင်၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၁၈-၉-၂၀၁၅ရက်(သောကြာနေ့)ညနေ ၄း၄၅နာရီတွင် ဗစ်တိုးရီးယားဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၅ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၅ရက် နံနက် ၇နာရီတွင် နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဦးမြအောင် (စစ်မှုထမ်းဟောင်း၊ ငြိမ်း)
အသက်(၇၆)နှစ်

ရန်ကုန်မြို့နေ (ဦးစိန်-ဒေါ်လှိုင်)တို့၏သား၊ ကယားပြည်နယ်၊ လွှိုင်ကော်မြို့၊ ဒေါ်တမရပ်ကွက်နေ ဒေါ်ဓမ္မိုးညွန့်(ခ)အန်တီညွန့်၏ခင်ပွန်း၊ ဦးကိုနိုင်-ဒေါ်တင်မိုးမိုးအောင်၊ ဦးမျိုးအောင်-ဒေါ်နန်းမိုးဝယ်၊ မစိုးစိုးအောင်၊ ကိုမျိုးညွန့်အောင်တို့၏ဖခင်၊ မြေးသုံးယောက်၊မြစ်တစ်ယောက်တို့၏အဘိုးသည် ၁၈-၉-၂၀၁၅ရက်(သောကြာနေ့)သ ၁၁း၂၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် ၄မိုင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးချို(ခ)ဦးစိန်သောင်း(ခ)
ဦးစိုးမြင့်
(ကွမ်းသီးရောင်းဝယ်ရေး)
အသက်(၇၄)နှစ်

မန္တလေးမြို့၊ လမ်း ၂၀၊ (၈၂×၈၃) လမ်းကြား၊ ပုလဲငွေရောင်ရပ်၊ အမှတ် ၇၈နေ(ဦးစံရီ-ဒေါ်ကြည်)တို့၏သား၊ (ဒေါ်သန်း)၏မောင်၊(ဦးမောင်မောင်)-ဒေါ်ယဉ်ယဉ်ဌေး(လမ်း-၂၀၊ ကွမ်းသီးရောင်းဝယ်ရေးလုပ်ငန်း)တို့၏ အစ်ကို၊ ဦးစိုးမင်းဦး (B.E, M.C, TU, Mdy)၊ ဦးဇော်မျိုးထွန်း(B.E, I.T, TU, Mdy)၊ ဒေါက်တာဇော်ရဲသွေး (M.B.,B.S Mdy)တို့၏ဦးကြီးသည်၁၉-၉-၂၀၁၅ ရက် (စနေနေ့) နံနက် ၃း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၅ ရက်(တနလာနေ့) နံနက် ၁၀နာရီတွင် အထက်ပါနေအိမ်မှ အေးရိပ်ငြိမ်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဓိတ်ဆွေသင်္ဂီဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများမွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်အောင်ခမ္မ(ခ)
ဒေါ်ခင်ငယ်
အထက်တန်းပြဆရာမ(ငြိမ်း)
အသက်(၇၉)နှစ်

ရန်ကုန်မြို့နေ(ဦးဘသန်း-ဒေါ်အေး)တို့၏သမီး၊ ဒေါ်မြမြသန်း၊ ဒေါက်တာဒေါ်ခင်မြတ်လှ(ဗိုလ်မှူး)၊ ငြိမ်း)၊ ဒေါ်ခင်နီ၊ ဒေါ်ခင်ကြီးတို့၏သျှမ်း (ဒေါ်ခင်ထွေး)၏အစ်မ၊ ကိုအောင်မြင့်၊ မမြတ်မော်-ကိုစိုးတင့်အောင်၊ ကိုမျိုးငြိမ်း-မခင်မာချို၊ မမြင့်သူဇာတို့၏မိခင်၊မြေး ငါးယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၇-၉-၂၀၁၅ရက် ည ၁၁နာရီတွင် အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၅ရက်(တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးဓိတ်သင်္ဂီဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးညိုဝင်း
B.SC (IC) ၁၉၆၉
ကုလားပြင်ရွာ၊ ပွမြို့နယ်
အသက်(၆၉)နှစ်

ပွမြို့နယ်၊ ကုလားပြင်ရွာနေ (ဦးဖိုးစိန်)-ဒေါ်ကျင်ဟုန်တို့၏သား၊လွှင်သာယာ၊ နဝဒေးဥယျာဉ်အိမ်ရာ၊ (B-4/6) နေ ဒေါ်ခင်ဦး၏ခင်ပွန်း၊ ဦးကြည်သာ(ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၊ ဂွမဲဆန္ဒနယ်)-ဒေါ်မာမာအေး၊ ဦးဌေးဝင်း(မြို့နယ်စာရင်းစစ်အရာရှိ၊ ငြိမ်း)-ဒေါ်စန်းစန်းအေးတို့၏ အစ်ကိုကြီး၊ ကိုဝင်းနိုင် - မခင်နီနီဝင်း (Modern Ladies Weare)၊ ကိုအောင်ကျော်-မသီဂီဝင်း (Great Modern Garment)၊ ကိုမျိုးမင်းအောင်-မခင်မီမီလတ်(Jusco Ladies Weare)၊ ကိုပြည့်ဖြိုးဝင်း - မစုစုမာ (Alphar Group)တို့၏ဖခင်၊ မြေးသုံးယောက် တို့၏အဘိုးသည် ၁၈-၉-၂၀၁၅ရက် ည ၁၁၂၀နာရီတွင် အကယ်ဒမီဆေးရုံ၌ကွယ်လွန်သွားပါ၍ ၂၀-၉-၂၀၁၅ ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဓိတ်ဆွေသင်္ဂီဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများမွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ် ဒါယိကာမကြီး
ဒေါ်ကျင်ဆွေ
သူနာပြုဆရာမကြီး(ငြိမ်း)
အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၃၂လမ်း (အလယ်)၊ အမှတ် ၁၅၁(မြေညီထပ်)နေ (ဦးတင်ဝမ်း)၏ဇနီး၊ (ဦးလှခင်-ဒေါ်မြ)တို့၏သမီး၊ ဒေါ်အမာကြည်၊ ဦးဌေးအောင်တို့၏အစ်မကြီး၊ (ဦးလှစိန်)-ဒေါ်တင်ဆွေဦး၊ ဦးစံရှိန်ဦး (VIP ဆံသ) - ဒေါ်ဝါဝါနိုင် (Great Int'L Co., Ltd)၊ (ဒေါ်သင်းသင်းအေး)၊ ဦးဇော်လင်း-ဒေါ်ဝင်းဝင်းဌေး (151 ဖိတ်စာ၊ ယပ်တောင်၊ သောချိတ် လုပ်ငန်း)၊ ဦးငြိမ်းချမ်းအောင်-ဒေါ်ရီရီသန့် (T.T.C ကမာရွတ်)တို့၏မိခင်၊ မောင်ဟိန်းထက်စိုးမင်း၏အဘေါ်၊ မမြသင်းထက်(First Year, English)မမြသန္တာ ထွန်း (အလက-၁၊ ဒဂုံ၊ Grade-7)၊ မဖူးမြတ်သံသာတို့၏ အဘွားသည် ၁၈-၉-၂၀၁၅ရက် (သောကြာနေ့) ည နေ ၇း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၅ရက် (တနင်္ဂနွေနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၉-၂၀၁၅ရက် (သောကြာနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးဓိတ်သင်္ဂီဟများ အားလုံးအား ကျေးဇူးတင်ကြောင်း ကြေညာအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသန်းကြွယ်
အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊(၆)ရပ်ကွက်၊ ဗိုလ်ချွန်ပက်အောက်လမ်း၊ အမှတ် ၁၀၁နေ (ဒေါ်ခင်သောင်း)၏ခင်ပွန်း၊ ဦးကျော်စိုးလွင်-ဒေါ်ဇာခြည်ဝင်း တို့၏ဖခင်၊ မောင်ရှင်းသန့်ကျော်၊ မနန္ဒာဝင်းပြည့်ကျော်တို့၏ဘိုးဘိုးကြီးသည် ၁၈-၉-၂၀၁၅ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၅ ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ပန်းဘဲတန်းနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၄-၉-၂၀၁၅ ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၂နာရီအထိ ပန်းဘဲတန်းမြို့နယ်၊ (၆) ရပ်ကွက်၊ ဗိုလ်ချွန်ပက်အောက်လမ်း၊ အမှတ် ၁၀၁နေ ဦးကျော်စိုးလွင်-ဒေါ်ဇာခြည်ဝင်း တို့၏နေအိမ်တွင်လည်းကောင်း၊ ၂၆-၉-၂၀၁၅ရက်(စနေနေ့)နံနက်တွင် အင်းတက်ကော်နေအိမ်တွင်လည်းကောင်း ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသန်းကြွယ်
အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊(၆)ရပ်ကွက်၊ ဗိုလ်ချွန်ပက်လမ်း၊ အမှတ် ၁၀၁နေ (ဒေါ်ခင်သောင်း)၏ခင်ပွန်း၊ (ဒေါ်ချစ်)၊(ဒေါ်သောင်း)၊(ဒေါ်ငွေတင်)(ဒေါ်သန်းမေ)တို့၏မောင်၊ (ဦးတင်ဦး)၊ ဦးရွှေဝင်း၊ ဦးမြင်ဝင်းတို့၏ဦးလေးသည် ၁၈-၉-၂၀၁၅ရက် (သောကြာနေ့) နံနက် ၆နာရီတွင် ဗဟိုရ်စည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၅ ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း
ဖီးနော်စောကြွယ်(ခ)
အပုကယ်
အသက်(၉၀)

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကရင်အမျိုးသားရပ်ကွက်၊ ဦးကျော်ဒွန်း ဇံလမ်း၊ အမှတ် ၆၆နေ (ဦးစိန်ခင်-ဒေါ်သိန်း)တို့၏သမီး၊ နော်စေးဝါး-စောမျိုးမြင့်၊ စောစီးယို၊ နော်ထူးဖော၊ နော်ခူပွ(ခ)ဒေါ်ချိုချိုသက်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး ၁၁ယောက်၊ မြစ်လေးယောက်တို့၏အဘွား၊ (စောသက်ပြင်း)၏ ချစ်လှစွာသော ဇနီးသည် ၁၈-၉-၂၀၁၅ရက် ည ၁၀း၃၀နာရီတွင် အထက်ပါနေအိမ်တွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၂၀-၉-၂၀၁၅ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးခရစ်ယာန် ဂိုဏ်ပေါင်းစုဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ကြီခင်းမြို့နယ်အသင်း(ရန်ကုန်)
နာယက
ဗိုလ်မှူးမင်းအောင် (ငြိမ်း)
ဗိုလ်သင်တန်းအမှတ်စဉ်(၄)
ကြည်း-၅၉၃၁
လွတ်လပ်ရေးမော်ကွန်းဝင်
တတိယဆင့်
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ကမ်းနားလမ်း၊ အမှတ် ၁၀ (က/၄)၊ ထီးတန်းစက်မြေရပ်ကွက်နေ (ဒေါ်ခင်မြင့်)၊ ဒေါ်မေသန်း၏ခင်ပွန်း၊ (ဗက-ရွှေမြ၊ ငြိမ်း) - ဒေါ်အေးအေးကြွယ်၊ (ဦးလှိုင်မြင့်) - ဒေါ်အေးအေးနွယ်၊ ဦးဇော်မင်းဦး-ဒေါ်ပြုံးပြုံးရီတို့၏ဖခင် သည် ၁၆-၉-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့်ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းဝင်များအားသိစေရန်အကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးမဲ
အသက်(၈၀)

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကုလားချောင်းကြီးကျေးရွာ၊ အရှေ့ကျောင်းဆရာတော် ဦးစန္ဒရစ်ရဟန်း၊ဒါယကာကြီး၊ (ဦးဘကျန်-ဒေါ်ဖြူ)တို့၏သား၊ ဦးအုန်းရွှေ-ဒေါ်သန်းရွှေတို့၏သားသမက်၊ ကုလားချောင်းကြီးရွာနေ (ဦးကုလား-ဒေါ်ညွှန့်ရင်)၏ညီ၊(ဦးကျော်ရှိန်-ဒေါ်စိန်တင်)၊(ဦးပန်းမောင်)၊ (ဦးသုခ)-ဒေါ်စိန်ခင်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်နေ ဦးသက်လွင်(ခ)ဦးလှမင်း-ဒေါ်ခင်မာအေး(လမင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ စော်ဘွားကြီးကုန်းနေ ဒေါ်အေးအေးနိုင် (လမင်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ဦးကိုကြီး-ဒေါ်တင်တင်ချို(လမန်း အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ဦးထွန်းထွန်းလင်း-ဒေါ်စန်းယုမော် (လမင်း အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေး)တို့၏ဖခင်၊ မအေးမိုမိုကို၊ မောင်ဝေယံဖြိုး၊ မမြတ်နိုးလမင်း၊ မောင်ထက်မြတ်နိုင်၊ မလေထန်းလင်းလက်တို့၏အဘိုး၊ ဒေါ်လှ၏ခင်ပွန်းသည် ၁၉-၉-၂၀၁၅ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၁၅ရက် (တနလာနေ့) မွန်းတည့် ၁၂နာရီတွင်သနပ်ပင်သုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးဓိတ်သင်္ဂီဟများ အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၅-၉-၂၀၁၅ရက် (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ရေတွင်း၊ ရေကန် ဒါယကာကြီး
ဦးသန်းကြွယ်
အသက်(၉၉)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ဗိုလ်ချွန်ပက်အောက်လမ်း၊ အမှတ် ၁၀၁နေ (ဒေါ်ခင်သောင်း)၏ခင်ပွန်း၊ ဦးကျော်စိုးလွင်-ဒေါ်ဇာခြည်ဝင်း တို့၏ဖခင်၊ မောင်ရှင်းသန့်ကျော်၊ မနန္ဒာဝင်းပြည့်ကျော်တို့၏ဘိုးဘိုးကြီးသည် ၁၈-၉-၂၀၁၅ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၀-၉-၂၀၁၅ ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ပန်းဘဲတန်းနေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၅-၉-၂၀၁၅ ရက်(ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၂နာရီအထိ ပန်းဘဲတန်းမြို့နယ်၊ (၆) ရပ်ကွက်၊ ဗိုလ်ချွန်ပက်အောက်

ကုသိုလ်ယူရင်း အပန်းဖြေစရာ မိတ္ထီလာကန်သာ

ရေး-ညီညီထွန်းနှင့်အဖွဲ့၊ ဓာတ်ပုံ-ရွှေကိုကိုလေး

အေးမြသန့်ရှင်းသည့် လေကိုရှူရင်း နေဝင်ချိန်ဆည်းဆာအလှနှင့်တွဲ၍ ကန်ရေပြင်ကိုကြည့်ပြီး ဂစ်တာတီးရင်း သီချင်းဆိုနေသည့် မိတ္ထီလာတက္ကသိုလ်ကျောင်းသားများ၏ တေးသံက ကန်ပေါင်တစ်လျှောက် ပျံ့လွင့်နေသည်။

လေပြည်လေညင်းများက မိတ္ထီလာကန်ပေါင်တစ်လျှောက် တိုက်ခတ်နေသလို အနောက်ဘက်သို့ မျှော်ကြည့်လိုက်ပါက ကြည်ညိုဖွယ်ရာကောင်းသည့် ဓမ္မသုခကန်ဦးရွှေစည်းခုံစေတီတော်ကြီးကို မြင်တွေ့ဖူးမြော်နိုင်ပြီး မိတ္ထီလာမြောက်ကန်ရေပြင်တို့က တွဲဖက်ကြည့်ရသည်မှာ ပန်တင့်လှသည်။ ကန်ပေါင်သို့ လာရောက်အပန်းဖြေကြသူတို့အဖို့ ကန်ရေဖွေးဖွေး၌ လှိုင်းကြပ်ခွပ်လေးများကို ကြည့်ရသည်မှာ စိတ်ကြည်နူးမိမှာ အမှန်ပင်။

မိတ္ထီလာ၏ နေဝင်ချိန် ညနေဆည်းဆာအချိန်တွင် ကန်ပေါင်တစ်လျှောက် အားကစားလေ့ကျင့်ခန်းလုပ်သူများ၊ လေညင်းခံကြသူများ၊ လမ်းလျှောက်လာကြသူများနှင့် ဘုရားဖူးလာကြသူများက ပြည့်နှက်၍ နေရာယူထားကြသည်။

"ဘယ်လိုပြောရမှန်းတောင်မသိပါဘူး။ အလွန်ဝမ်းသာပီတိဖြစ်မိတယ်။ ကျွန်မက အသက် ၇၀ ကျော်ပါပြီ။ ဒီလုပ်ငန်းတွေ မပြီးခင်ကတည်းက ဘုရားလည်းဖူးရင်းနဲ့ ကန်ဘက်ကို လမ်းလျှောက်ချင်နေတာ။"

စာမျက်နှာ ၁၀ ကော်လံ ၁ ❑

ယနေ့ မာတိကာ

ငွေကြေးခဝါချမှု တိုက်ဖျက်ရေး နည်းဥပဒေများနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု ဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း နည်းဥပဒေများ ထုတ်ပြန်
စာ ၂

ဩဂုတ်လတွင် စံချိန်တင် အပူပြင်းဆုံးလဖြစ်ခဲ့
စာ ၄

မြန်မာယူ-၁၉ အသင်းနှင့် ထိုင်းယူ-၁၉ အသင်း ယနေ့ခြေစမ်းမည်
စာ ၁၄

၁၃ နှစ်ကြာပိတ်ထားခဲ့သည့် ထိုင်းနှင့် မြန်မာနိုင်ငံအကြားရှိ ဘန်လတ်တန်နယ်စပ်ဂိတ်တစ်နေရာကို တွေ့ရစဉ်။

နယ်စပ်ဖြတ်ကျော်၁ တစ်နှစ်လျှင် ကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံ ရရှိနိုင်သည့် ထိုင်း-မြန်မာ နယ်စပ်ဂိတ် ပြန်လည်ဖွင့်လှစ်တော့မည်

ကျော်သဲအိမ်

နယ်စပ်ဖြတ်ကျော်ကုန်သွယ်ရေးနှင့်ခရီးသွားလုပ်ငန်း မြှင့်တင်ရန်ရည်ရွယ်ချက်ဖြင့် ထိုင်းနှင့် မြန်မာနိုင်ငံ အကြားရှိ ဘန်လတ်တန်နယ်စပ်ဂိတ်ကို မကြာမီ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း ချင်းမိုင်ကုန်သည်ကြီးများ အသင်း ဥက္ကဋ္ဌ ဝိပါဗန်ဗိုရာပူသီပေါင်က စက်တင်ဘာ ၁၈ ရက်တွင် ပြောကြားသည်ဟု ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြထားသည်။

လုံခြုံရေးကြောင့် ၁၃ နှစ်ကြာပိတ်ထားခဲ့ရသော အဆိုပါနယ်စပ်ဂိတ်သည် ထိုင်းနိုင်ငံ ချင်းမိုင်ပြည်နယ် ဗီယန်ဟန်ခရိုင်နှင့် မြန်မာနိုင်ငံ တောင်ကြီးမြို့နယ်အကြား ၂၂၇ ကီလိုမီတာရှည်သောလမ်းကြောင်းပေါ်ရှိ ဝင်ပေါက်သစ်တစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ ယင်းနယ်စပ်ဂိတ်မှတစ်ဆင့် နယ်စပ်ဖြတ်ကျော် ကုန်သွယ်ရေးနှင့် ခရီးသွားလုပ်ငန်း လျင်မြန်စွာမြှင့်တင်နိုင်တော့မည်ဖြစ်ကြောင်း၊ တစ်ဆက်တည်းမှာပင် ကုန်သည်များနှင့် ကမ္ဘာလှည့်ခရီးသည်များအနေဖြင့် ဗီယန်ဟန်ခရိုင်နှင့် တောင်ကြီး၊

စာမျက်နှာ ၁၀ ကော်လံ ၁ ❊

စည်းကမ်းမဲ့ ရန်ကုန်ဘတ်စ်ကားလောကနှင့် စည်းကမ်းထိန်းသည့် မော်တော်ယာဉ်ဥပဒေသစ်

စာမျက်နှာ-၁၁

မြန်မာ့အလင်း
Gmail mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNEWS
နေ့ပြည်တော်-စာတည်းဗျူး။ ၀၆-၃၆၁-၂၅၂ စာတည်းအဖွဲ့ ၀၁-၅၄ရ၀၆၅
စာတိုက်သတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄ရ၀၆၅
ဝန်ထမ်းများ ၀၁-၅ရ၄ဝ၇၊ ဈေးကွက် ၀၆-၃၆၁-၂၆၁၅၊ ရန်ကုန်မြို့-ခွဲ-အမှတ်(၅၃)၊ နတ်ခေတာက်လမ်းသွယ်(၁)၊ ဓွယ်ချို(၂)လုပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ကြော်ငြာ ၀၁-၅ရ၄ဝ၇ နေ့စဉ်ရောင်းချမှု ၀၁-၅ရ၄ဝ၇၊ ဖုန်းနံပါတ် ၀၆-၃၆၁-၂၆၁၅၊ ရန်ကုန်မြို့-ခွဲ-အမှတ်(၅)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ရွေးကောက်ပွဲဆိုင်ရာ သိမှတ်ဖွယ်ရာများ

ရွေးကောက်ပွဲကျင်းပရန် ၄၉ ရက်သာလိုတော့သည်။

မဲဆန္ဒရှင်တိုင်း မဲပေးသင့်သည်။

မဲပေးမည်ဆိုပါက သင့်အမည် မဲစာရင်းတွင် ပါရန်လိုသည်။



ရွေးကောက်ပွဲနေ့မှာ မှတ်ပုံတင် မဖြစ်မနေယူဆောင်သွားပါ

စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်က ၄င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၁၉

စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ် ပါတီဗဟိုကော်မတီဝင် ဦးအင်းလမ်းဇော်ခေါင်က ၄င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို စက်တင်ဘာ ၁၉ ရက်ညပိုင်းက ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-

ကျက်သရေမင်္ဂလာအပေါင်းနဲ့ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်အမျိုးသား ဦးအင်းလမ်းဇော်ခေါင် ဖြစ်ပါတယ်။ စဒကပါတီ ဗဟိုကော်မတီဝင်ဖြစ်ပါတယ်။ ကျွန်တော်တို့ စည်းလုံးညီညွတ်ရေးနဲ့ ဒီမိုကရေစီပါတီ ကချင်ပြည်နယ်ကို ဖွဲ့စည်းထူထောင်ခဲ့တာ (၅)နှစ်သက်တမ်းပြည့်ပြီး အချိန်တိုအတွင်းမှာ ပြည်သူလူထုရဲ့ ထောက်ခံပါဝင်မှုနဲ့ အင်မတန်မှ ဖွံ့ဖြိုးတိုးတက်ခိုင်မာလာပြီဖြစ်ပါတယ်။ ကချင်ပြည်နယ်ကို အခြေခံပြီး ကချင်ပြည်နယ်ကိုယ်စားပြုတဲ့ ပါတီဖြစ်တဲ့အတွက်ကြောင့် ပြည်နယ်သူ/ သားများ အားလုံး လူမျိုး၊ ဘာသာမခွဲခြားဘဲ တိုင်းရင်းသားပေါင်းစုံ၊ မျိုးနွယ်စုပေါင်းစုံ၊ ဘာသာပေါင်းစုံ ပါဝင်တဲ့ပါတီဖြစ်ပါသည်။ ပါတီရဲ့ အမှတ်တံဆိပ်ဟာ မနောတိုင်းကို စပါးနှံနှစ်ခက်ပိုင်းရံထားတဲ့ အမှတ်အသားဖြစ်ပြီး ပါတီရဲ့အလံကတော့ အောက်ခံအစိမ်းရောင်မှာ အဖြူရောင်ကြယ်သုံးခုဖြစ်ပါသည်။

လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူအပေါင်းတို့ခင်ဗျား-

ကျွန်တော်တို့ ပါတီရဲ့ အဓိကရည်ရွယ်ချက်ကတော့ ကချင်ပြည်နယ်ထာဝရတည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်နယ်သူ/ သားများရဲ့ အခြေခံလူ့အခွင့်အရေးများ၊ ဒီမိုကရေစီကျင့်စဉ်ပါ အခွင့်အရေးများ အပြည့်အဝရရှိခံစားနိုင်ရန် ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်လာရေးဖြစ်ပါသည်။

ပါတီရဲ့ ရည်မှန်းချက်ဟာ ကချင်ပြည်နယ်သူ/ သားများ၏ လိုအင်ဆန္ဒနှင့် ထပ်တူထပ်မျှဖြစ်သော တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်/ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး နှင့် အခွန်ရှည်တည်တံ့ခိုင်မြဲရေးပဲ ဖြစ်ပါသည်။

ပါတီ၏မူဝါဒသဘောထားများမှာ-

၁။ ကချင်ပြည်နယ် ပြည်သူ/ သားများကို အကျိုးပြုတဲ့လုပ်ငန်းစဉ်များကို ဖော်ဆောင်နိုင်မည်ဟု အလေးအနက်ထားခံယူသည်။

၂။ ပြည်နယ်အကျိုးစီးပွားနှင့် ပါတီ၏အကျိုးစီးပွားယှဉ်လာရင် ပြည်နယ်၏အကျိုးစီးပွားကို ဦးစားပေးမည်။

၃။ ကချင်ပြည်နယ်သူ/သားများ၏ သစ္စာကိုသာ ထာဝစဉ် စောင့်သိရှိသေပါမည်။

၄။ လူမျိုးဘာသာ၊ နေရာဒေသမခွဲခြားဘဲ ပြည်နယ်သူ/ သားများ၏ အကျိုးစီးပွားကို ပြည်နယ်သူ/ သားများနှင့် လက်တွဲ၍ အကောင်အထည်ဖော်ဆောင်သွားပါမည်။

၅။ မိမိတို့ ယုံကြည်ကိုးကွယ်ရာဘာသာအား လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရှိစေရပါမည်။

၆။ တိုင်းရင်းသားများ၏ စာပေယဉ်ကျေးမှု၊ ရိုးရာလေ့နှင့် အနုပညာများကို ဖော်ထုတ် အားပေးမြှင့်တင်သွားပါမည်။

လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူများခင်ဗျား-

ပါတီ၏လုပ်ငန်းစဉ်များမှာ-

၁။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများကို တန်းတူရည်တူ အကျိုးခံစားနိုင်စေရန် ၊ နိုင်ငံနှင့် လူမျိုးအပေါ် သစ္စာစောင့်ထိန်း တာဝန်ကျေပွန်သူများ ဖြစ်လာနိုင်စေရန် ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်။

၂။ လမ်းပန်းဆက်သွယ်ရေးလုံခြုံပြီး မြန်ဆန်ချောမွေ့လာစေရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည်။

၃။ ပြည်နယ်သူ/သားများအားလုံး ကျန်းမာ/ ကြံ့ခိုင်ရေးအတွက် အစိုးရအဖွဲ့အစည်းများ၊ ပြည်သူလူထုများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည်။

၄။ ပညာရေးကဏ္ဍတွင် ကျောင်းနေအရွယ်ကလေးငယ်တိုင်း ကျောင်းနေနိုင်ရေး၊ ပြည်နယ်တွင်းမှ ထူးချွန်ထက်မြက်သော ပညာတတ်များ ထွက်ပေါ်လာနိုင်ရေး၊ လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မိဘပြည်သူများ၊ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများ၊ အစိုးရတို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည်။

၅။ တောင်သူလယ်သမားများ၊ အလုပ်သမားများအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ခံစားခွင့်များ အပြည့်အဝ ရရှိခံစားနိုင်စေရန်နှင့် အလုပ်အကိုင်သစ်များ ရရှိနိုင်ရေး၊ လူမှုစီးပွားရေးဘဝ မြင့်မားလာရေးအတွက် အစွမ်းကုန်ကူညီဆောင်ရွက်သွားမည်။ လယ်ယာမြေသိမ်းဆည်းခံရသူများအတွက် လယ်ယာမြေပြန်လည်ရရှိအောင် ဆောင်ရွက်ပေးသွားမည်။

၆။ ကချင်ပြည်နယ်၏ရိုးရာအမွေအနှစ်များ၊ အမျိုးသားစရိုက်လက္ခဏာများ၊ မပျောက် ပျက်အောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားမည်။

၇။ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်တားဆီးရေး၊ လူမှောင်ခိုမှုပပျောက်ရေး၊ သဘာဝသယံဇာတ ပစ္စည်းများကို စနစ်တကျ ထုတ်ယူသုံးစွဲရေးနှင့် ဒေသခံပြည်သူများ အကျိုးခံစားခွင့်ရရှိရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်သွားပါမည်။

၈။ မျိုးဆက်သစ်လူငယ်များ မွေးထုတ်ရန် အမျိုးသမီးကဏ္ဍမြှင့်တင်ရန်နှင့် ပြည်နယ်သူ/သားများ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတို့ကို ကြိုးပမ်းဆောင်ရွက်သွားမည်။

၉။ ကချင်ပြည်နယ် ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဆက်လက်ပါဝင်ကြိုးပမ်း ဆောင်ရွက်သွားမည်။

လေးစားအပ်ပါသော တိုင်းရင်းသားပြည်သူများခင်ဗျား-

မိမိတို့ပါတီသည် ရည်မှန်းချက်၊ မူဝါဒ၊လုပ်ငန်းစဉ်များကို ချမှတ်ပြီး နိုင်ငံအကျိုး၊ ပြည်နယ်အကျိုး၊ ပြည်နယ်သူ/ သားများအတွက် သမိုင်းပေးတာဝန်၊ အမျိုးသားရေး တာဝန်အဖြစ် ထမ်းရွက်သွားမည်ဖြစ်ပါသည်။

လာမည့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့မှကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးမှာ ဒီတာဝန်တွေကို ဆက်လက်ဆောင်ရွက်သွားနိုင်ရန်အတွက် ပါဝင်ယှဉ်ပြိုင်သွားကြမှာဖြစ်ပါသည်။

စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်၏ စည်းလုံးညီညွတ်မှုဖြင့် အောင်မြင်ရေးဆိုတဲ့ ဆောင်ပုဒ်နဲ့အညီ ကချင်ပြည်နယ်နဲ့ ပြည်ထောင်စုမြန်မာနိုင်ငံဟာ ထာဝရငြိမ်းချမ်းပြီး ဖက်ဒရယ်ပြည်ထောင်စုဖြစ်ပေါ်လာရေးအတွက် ကျွန်တော်တို့ပါတီရဲ့ ကိုယ်စားလှယ်များကို ဆန္ဒပေးရွေးချယ်ပေးနိုင်ပါစေရန်လို့ ဆန္ဒပြုရင်း နိဂုံးချုပ်ပါသည်။

တိုင်းရင်းသားပြည်သူများအားလုံးကျန်းမာချမ်းသာကြပါစေ။

ပြည်ထောင်စုငယ်

ရေး-ဖော်လားကမ်ဖန်
ဆို-အင်ခွန်မွန်းပန်
သရုပ်ဆောင်-အင်ခွန်မွန်းပန်

{(စည်းလုံးညီညွတ်ရေးနဲ့ ဒီမိုကရေစီပါတီ ကချင်ပြည်နယ်)၂၊

တောင်ပေါ်မြေပြန့် ဒေသအနှံ့ရယ် ဖွံ့ဖြိုးဖို့ရယ် ဒီပါတီက အစဉ်ကြိုးစားပါမယ်၊

အနာဂတ်ဘဝမှာ စိတ်ချမ်းမြေ့စွာနေနိုင်ဖို့ရာ စည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီပါတီ ကချင်ပြည်နယ်ကို ထောက်ခံမဲပေးစို့လေကွယ်၊

[ပြည်ထောင်စုကြီးထဲက ပြည်ထောင်စုငယ်လေးသဖွယ် ကချင်ပြည်နယ် တိုင်းရင်းသားတွေ ပေါင်းစည်းကြမယ် ခေတ်မီဖွံ့ဖြိုးတိုးတက်စည်းကမ်းပြည့်ဝ ဒီမိုကရေစီနိုင်ငံတော်ကြီးသို့ ချီမည်}]၂

ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ မဲစာရင်းကပ်ထားခြင်းကို ကြည့်ရှု

ပေါက် စက်တင်ဘာ ၁၉

ပခုက္ကူခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရွှေကျော့နှင့် အဖွဲ့ဝင်များသည် ပေါက်မြို့နယ်အတွင်းရှိ ပလောင်းကျေးရွာ၊ ထန်းတပင်ကျေးရွာ၊ မြို့ပေါ်ရွှေပေါက်ပင်ရပ်ကွက်နှင့် အောင်ချမ်းသာရပ်ကွက်တို့တွင် မဲစာရင်းများ ကြေညာထားခြင်းကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့်အတူ စက်တင်ဘာ ၁၇ ရက်က ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စက်တင်ဘာ ၁၄ ရက်တွင် တစ်နိုင်ငံလုံးရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲစာရင်းကပ် ကြေညာထားပြီးဖြစ်ရာ အသက်(၁၈)နှစ်ပြည့်ပြီးသူတိုင်း ဆန္ဒမဲပေးနိုင်ရန်အတွက် မိမိအမည်မပါလျှင် ပုံစံ(၃)ဖြင့်ဖြည့်ပေးရန်၊ မပါသင့်သူပါနေလျှင် ပုံစံ(၄)ဖြင့် ကန့်ကွက်ပေးရန်၊ အချက်အလက်မှားနေလျှင် ပုံစံ (၄-ဂ)ဖြင့် ပြင်ဆင်ပေးရန် ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများ၌ တာဝန်ရှိသူများကို မှာကြားခဲ့ကြောင်း သိရသည်။

ဥာဏ်တိုး(ပေါက်)

ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးဟောပြော

ရွာင် စက်တင်ဘာ ၁၉

ရှမ်းပြည်နယ် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာင်မြို့နယ် ကျေးရွာများအတွင်းရှိ မဲဆန္ဒနယ်အသီးသီးတွင် ဆန္ဒမဲပေးနိုင်မည့် မဲစာရင်းရှင်များကို စက်တင်ဘာ ၁၄ ရက်မှစ၍ တစ်ပြိုင်တည်း ကြေညာထားရှိကြောင်း သိရသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများ ကြေညာထားရှိမှုများကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမျိုးမြင့်အောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးခင်မောင်တင့်နှင့်အဖွဲ့ဝင်များသည် ရွာငံမြို့နယ်အတွင်းရှိ မဲဆန္ဒရှင်စာရင်း ကြေညာထားရှိမှုများကို ကြည့်ရှုပြီး အထွေထွေရွေး ကောက်ပွဲနှင့်ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများ၊ မဲစာရင်းတွင်မိမိအမည်စာရင်း ပါ၊ မပါ သွားရောက်ကြည့်ရှုနိုင်ရေးနှိုးဆော်ရန်၊ မဲစာရင်းများမှန်ကန်စွာရရှိအောင် ဆောင်ရွက်ထားရှိပြီး တည်ငြိမ်အေးချမ်းစွာဖြင့် ရွေးကောက်ပွဲကြီးအောင်မြင်စွာ ကျင်းပနိုင်ရေးတို့ကို ဆွေးနွေးဟောပြောကာ မဲရုံးမှူးနှင့်တက်ရောက်လာသည့် ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထွန်းထွန်းဝင်း(ရွာင်)

ခရိုင်ကော်မရှင်အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများနှင့် တွေ့ဆုံ

ကော့ကရိတ် စက်တင်ဘာ ၁၉

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီဝင်များ ညှိနှိုင်းရေးအစည်းအဝေးကို စက်တင်ဘာ ၁၈ ရက်က ခရိုင်ကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပသည်။ အစည်းအဝေးတွင် တက်ရောက်လာသည့် နိုင်ငံရေးပါတီများက ဆွေးနွေးကြပြီး ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ပြန်လည်ဆွေးနွေးရှင်းလင်းခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ

လာရောက်ဟောပြောခြင်းမပြု၍ ဖော်ပြနိုင်ခြင်းမရှိပါ။

တစ်နိုင်ငံလုံး ယှဉ်ပြိုင်သူ ၆၁၀၀ ကျော်ခြင်းက ရွေးကောက်ပွဲကော်မရှင်အပေါ် ယုံကြည်အားကိုးကြောင်းထင်ရှား

မေး။ ။ ရန်ကုန်တိုင်းဒေသကြီးမှာ လူဦးရေ ဘယ်လောက်ရှိပါသလဲ။

ဖြေ။ ။ ၂၀၁၄ သန်းခေါင်စာရင်းအရ ၇ ဒသမ ၃ သန်းဝန်းကျင်ရှိပါတယ်။

မေး။ ။ မဲဆန္ဒရှင်ဦးရေကရော ဘယ်လောက်ရှိပါသလဲ။

ဖြေ။ ။ ၂၀၁၅ စက်တင်ဘာ ၁၄ ရက်အထိ ၄ ဒသမ ၇ မှ ၅ သန်းခန့် ရှိပါတယ်။

မေး။ ။ မြို့နယ်ပေါင်းအနေနဲ့ရော ဘယ်လောက်ရှိပါသလဲ။

ဖြေ။ ။ ၄၅ မြို့နယ်ရှိပါတယ်။

မေး။ ။ မဲရုံပေါင်း ဘယ်လောက်ရှိပါသလဲ။

ဖြေ။ ။ မဲရုံပေါင်း ၅၇၀၀ ရုံရှိပါတယ်။

မေး။ ။ မဲရုံတစ်ရုံမှာ မဲဆန္ဒရှင်ဘယ်လောက်ပေးရပါသလဲ။

ဖြေ။ ။ ရပ်ကွက်နဲ့ ကျေးရွာအခြေအနေအရ ပုံသေတူညီခြင်းမရှိပါဘူး။ မဲဆန္ဒရှင် ၅၀၀ တစ်ရုံထားရတာလည်းရှိတယ်။ မဲဆန္ဒရှင် ၃၀၀၀ ခန့် တစ်ရုံထားရတာလည်းရှိတယ်။ ရွေးကောက်ပွဲနည်းဥပဒေအရ ၅၀၀ နဲ့ ၃၀၀၀ အတွင်းပါတယ်။

မေး။။ ။ ရန်ကုန်တိုင်းဒေသကြီးမှာ လွှတ်တော်ကိုယ်စားလှယ်ရွေးကောက်စရာနေရာက ဘယ်လောက်ရှိပါသလဲ။

ဖြေ။ ။ လွှတ်တော်သုံးရပ်ရှိပါတယ်- နေရာ လျှောက်လွှာတင်သူ

(က) ပြည်သူ့လွှတ်တော်	၄၅	၂၈၃ ဦး
(ခ) အမျိုးသားလွှတ်တော်	၁၂	၇၆ ။
(ဂ) တိုင်းဒေသကြီးလွှတ်တော်	၉၀	၄၇၄ ။
(ဃ) တိုင်းရင်းသားကိုယ်စားလှယ်		
(၁) ကရင်	၁	၄ ။
(၂) ရခိုင်	၁	၃ ။

စုစုပေါင်း ၁၄၉ နေရာမှာ လျှောက်လွှာတင်ထားသူက ၈၄၀ ဖြစ်ပါတယ်။

မေး။ ။ လွှတ်တော်ကိုယ်စားလှယ် ၁၄၉ ဦးကို ရွေးချယ်ဖို့ ခရိုင်အလိုက် မဲရုံများ ဘယ်လောက်ရှိပါသလဲ။

ဖြေ။ ။ (က) အရှေ့ပိုင်းခရိုင် ၁၄ မြို့နယ် ၁၈၀၃ ရုံ
(ခ) အနောက်ပိုင်းခရိုင် ၁၃ ။ ၅၆၄ ။
(ဂ) တောင်ပိုင်းခရိုင် ၁၀ ။ ၁၇၁၇ ။
(ဃ) မြောက်ပိုင်းခရိုင် ၈ ။ ၁၆၁၆ ။

စုစုပေါင်းလျှောထား ၄၅ မြို့နယ်မှာ မဲရုံပေါင်း ၅၇၀၀ ရုံ ရှိပါတယ်။

မေး။ ။ လွှတ်တော်ကိုယ်စားလှယ်လောင်း ၈၄၀ က ယှဉ်ပြိုင်ဖို့စာရင်းသွင်းခဲ့ကြတယ်။ ခရိုင်ကော်မရှင်/တိုင်းဒေသကြီး ကော်မရှင်က စိစစ်အတည်ပြုပြီးတာကို သိပါရစေ။

ဖြေ။ ။ ၁၄၉ နေရာအတွက် အမည်စာရင်းတင်သွင်းကြသူပေါင်း ၈၄၀ ကိုစိစစ်ရာမှာ ၂၈ ဦး ခရိုင်အဆင့်အပယ်ခံရပါတယ်။ အယူခံ ၁၅ ဦးက တိုင်းဒေသကြီးသို့ တင်ပြထားပါတယ်။ ခုံအဖွဲ့များဖွဲ့စည်းပြီး ရုံးထိုင်စိစစ်နေဆဲပါ။ ဘာပဲဖြစ်ဖြစ်အနည်းဆုံး ၈၁၀ ကျော် ကလွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အတည်ပြုလက်ခံမှာသေချာပါတယ်။ ရက်ပိုင်းအတွင်း ၄၅ မြို့နယ်စလုံးအတွက် ကိုယ်စားလှယ်လောင်းအမည်စာရင်း ထုတ်ပြန်ပေးမှာပါ။

မေး။ ။ မဲရုံထဲမှာ ဘယ်သူတွေရှိမလဲ။

ဖြေ။ ။ မဲရုံထဲမှာ -

(က) မဲရုံမှူး၊ တာဝန်ခံ	၁ ဦး
(ခ) ဒုမဲရုံမှူး	၁ ဦး
(ဂ) လုံခြုံရေး	၁ ဦး
(ဃ) မင်တို့ပေးသူ	၁ ဦး
(c) ပြည်သူ့လွှတ်တော်မဲစာရင်းစစ်ဆေးသူ	၁ ဦး

(မဲရုံပုံစံရိုက်ပြစေ)

(စ) ပြည်သူ့လွှတ်တော် မဲလက်မှတ်ထုတ်ပေးသူ	၁ ဦး
(ဆ) အမျိုးသားလွှတ်တော်မဲစာရင်းစစ်ဆေးသူ	၁ ဦး
(ဇ) အမျိုးသားလွှတ်တော် မဲလက်မှတ်ထုတ်ပေးသူ	၁ ဦး
(စျ) တိုင်းဒေသကြီးလွှတ်တော် မဲစာရင်းစစ်ဆေးသူ	၁ ဦး
(ည) တိုင်းဒေသကြီးလွှတ်တော် မဲလက်မှတ်ထုတ်ပေးသူ	၁ ဦး
(ဋ) ကရင်လူမျိုးတိုင်းရင်းသားကိုယ်စားလှယ် (မဲဆန္ဒရှင်ရှိလျှင်) မဲစာရင်းစစ်ဆေးသူ	၁ ဦး
(ဌ) ကရင်လူမျိုးတိုင်းရင်းသားကိုယ်စားလှယ် (မဲဆန္ဒရှင်ရှိလျှင်) မဲလက်မှတ်ထုတ်ပေးသူ	၁ ဦး
(ဍ) ရခိုင်လူမျိုးတိုင်းရင်းသားကိုယ်စားလှယ် (မဲဆန္ဒရှင်ရှိလျှင်) မဲစာရင်းစစ်ဆေးသူ	၁ ဦး
(ဎ) ရခိုင်လူမျိုးတိုင်းရင်းသားကိုယ်စားလှယ် (မဲဆန္ဒရှင်ရှိလျှင်)မဲလက်မှတ်ထုတ်ပေးသူ	၁ ဦး

တာဝန်ရှိသူစုစုပေါင်း ၁၄ ဦးရှိပါတယ်။

မဲရုံမှာ ကရင်လူမျိုး၊ ရခိုင်လူမျိုးလုံးဝမရှိတဲ့ ရပ်ကွက်၊ ကျေးရွာက မဲရုံဆိုရင်တော့ ၁၀ ဦးသာရှိကြမှာဖြစ်ပါတယ်။ မဲရုံ အဖွဲ့ဝင်ဦးရေချင်း တော့ မတူနိုင်ကြပါဘူး။ ၁၀ ဦး၊ ၁၂ ဦး၊ ၁၄ ဦးစသည်ဖြင့် မဲရုံမှာတာဝန်ယူ သူတွေရှိနေကြမှာပါ။

မေး။ ။ မဲရုံဘယ်ချိန်စဖွင့်မှာလဲ။

ဖြေ။ ။ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီမှာ စဖွင့်မှာပါ။

မေး။ ။ ဘယ်ချိန်ပိတ်မှာပါလဲ။

ဖြေ။ ။ မဲဆန္ဒရှင်စာရင်းရှိသမျှအကုန်ပေးပြီးရင် ပိတ်လို့ရပါတယ်။ တစ်ဦးတလေကျန်နေသေးရင်လည်း ညနေ ၄ နာရီတိတိအထိတော့ စောင့်ရပါမယ်။ မဲရုံပိတ်ချိန်က ညနေ ၄ နာရီပါ။ မဲရုံပုရဝုဏ်ထဲ ရောက်နေပြီးသားမဲဆန္ဒရှင်တွေကိုတော့ မဲပေးခွင့်ပေးမှာပါ။ ၄ နာရီတိတိကျော်ပြီးရင်တော့ မဲရုံပိတ်ပါပြီ။ မဲလက်မှတ်ထုတ်မပေးတော့ပါ။ မဲပေးချိန် ၁၀ နာရီပေးထားတာပါ။

မေး။ ။ လွှတ်တော်ကိုယ်စားလှယ်လောင်းအများဆုံးနယ်မြေများ နမူနာပြောပြပါဦး။

ဖြေ။ ။ ပြည်သူ့လွှတ်တော်အနေနဲ့ သယံနိုးကျွန်းမှာ ၁၀ ဦး၊ ကျောက်တံတားမှာ ၁၀ ဦး၊ လှိုင်သာယာမှာ ၁၀ ဦး၊ အမျိုးသားလွှတ်တော်အနေနဲ့ အမှတ် ၁၁ နယ်မြေမှာ၁၅ ဦး၊ တိုင်းဒေသကြီးလွှတ်တော်အနေနဲ့ လှိုင်သာယာ(၁)မှာ ၁၄ ဦး၊ လှိုင်သာယာ(၂)မှာ ၁၁ဦး ရှိပါတယ်။

မေး။ ။ မဲရုံအတွင်း ဝင်ခွင့်ရှိသူများကို ပြောပြပေးပါ။

ဖြေ။ ။ ပါတီ(သို့)တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းများက တရားဝင်တာဝန်ပေးထားတဲ့မဲရုံကိုယ်စားလှယ်များ၊ စောင့်ကြည့်သူများ၊ လေ့လာသူများ၊ စာနယ်ဇင်းသတင်းမီဒီယာကတ်ပြား ထုတ်ပေးထားသော မီဒီယာသမားများ မဲရုံထဲဝင်ခွင့်ရှိပါမယ်။ မီဒီယာသမား ၅၀၀၀ ကို ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်က မဲရုံ ဝင်ခွင့်ကတ်ပြားများ ထုတ်ပေးထားပါမယ်။ မဲရုံက ၅၇၀၀ ရုံရှိပါတယ်။

မေး။ ။ မဲရုံထဲမှာ တော်တော်များများပဲနော်။

ဖြေ။ ။ လွှတ်တော်ကိုယ်စားလှယ်လောင်းပြိုင်သူဦးရေများတဲ့ မဲရုံမျိုးဆိုရင် **(ဥပမာ)**လှိုင်သာယာမှာဆိုရင် ပြည်သူ့လွှတ်တော် မဲရုံကိုယ်စားလှယ် ၁၃ ဦး၊ အမျိုးသားလွှတ်တော် မဲရုံကိုယ်စားလှယ် ၁၅ ဦး၊ တိုင်းဒေသကြီးလွှတ်တော် မဲရုံကိုယ်စားလှယ် ၁၄ ဦး၊ ကိုယ်စားထိုင်ကြည့်ခွင့်ရှိနေသူ စုစုပေါင်း ၄၂ ဦးနှင့် မဲရုံဖွဲ့စည်းပုံအရ တာဝန်ရှိသူ ၁၀ ဦး ပေါင်း ၅၂ ဦးအပြင် မီဒီယာသမားများ၊ စောင့်ကြည့်လေ့လာသူများ အပါအဝင် စုစုပေါင်းမဲရုံထဲမှာ လူပေါင်း ၅၀ ကျော် ၆၀ ကျော်ရှိနေတဲ့ကြားက မဲဆန္ဒရှင်များ လျှို့ဝှက်လုံခြုံစွာ မဲပေးနိုင်အောင် ကြိုးကြပ်စီမံပေးကြရမှာပါ။

မေး။ ။ မဲဆန္ဒရှင်မကျန်အောင် ဘယ်လိုစီမံမလဲ။

ဖြေ။ ။ မဲစာရင်းလာကြည့်ကြဖို့ စာနယ်ဇင်း၊ တီဗီ၊ ရေဒီယိုတွေက အသိပေးနှိုးဆော်ခဲ့ပါတယ်။ (လက်မှတ်နမူနာ ပုံစံရိုက်ပြ) မဲဆန္ဒရှင်တစ်ဦးချင်းအတွက်လည်း မဲဆန္ဒရှင်သက်သေခံ လက်မှတ်တွေကို တစ်ပတ်လောက်မှာ ကြိုတင်ထုတ်ပေးထားပါဦးမယ်။ မဲပေးတဲ့နေ့မဲရုံကို လာရင် ကိုယ်နဲ့တစ်ပါတည်း ယူလာရပါမယ်။ လွယ်ကူမြန်ဆန်အောင် စီမံထားပါတယ်။

မေး။ ။ မထပ်အောင်၊ နှစ်ခါမပေးအောင် ဘယ်လိုစီစဉ်ထားပါသလဲ။

ဖြေ။ ။ မဲပေးပြီးလို့မဲရုံကမထွက်ခွာမီ လက်သန်းကိုမင်တို့ပေးလိုက်ပါမယ်။ ၂၄ နာရီမပျက်ဘူးလို့ ဆိုပါတယ်။

မေး။ ။ မဲပေးခွင့်ရှိသူများကို ပြောပြပေးပါဦး။

ဖြေ။ ။ မဲပေးခွင့်ရှိသူတွေကတော့ ၈. ၁၁. ၂၀၁၅ မှာအသက်(၁၈)နှစ်ပြည့်ပြီးသူ၊ သက်ဆိုင်ရာမဲစာရင်းတွင် ပါဝင်သူ၊ ကျားမ မခွဲ၊ လူမျိုး၊ ဘာသာ၊ ပညာအရည်အချင်းမခွဲ၊ နားမကြား၊ မျက်မမြင်၊ ကျိုးသူ ဟူ၍မခွဲဘဲ အားလုံးပေးပိုင်ခွင့်ရှိကြပါတယ်။

မေး။ ။ ဘယ်လိုလူတွေက မဲပေးခွင့်မရှိတာလဲ။

ဖြေ။ ။ သာသနာ့ဝန်ထမ်း၊ ထောင်ဒဏ်ကျခံနေရသူ၊ စိတ်ပေါ့သွပ်သူ၊ လူမဲ့အဖြစ်ကြေညာခံရခြင်းမှ မလွတ်မြောက်သေးသူ၊ ဥပဒေအရ တားမြစ်ခြင်းခံရသူ၊ နိုင်ငံခြားသား(သို့)နိုင်ငံခြားသားအဖြစ် ခံယူထားသူတွေဟာ မဲပေးခွင့်မရှိပါဘူး။

မေး။ ။ မဲထည့်ရမယ့် မဲပုံးဦးရေ ပြောပြပေးပါဦး။

ဖြေ။ ။ ပြည်သူ့လွှတ်တော်တစ်မြို့နယ်လျှင် တစ်ဦးနှုန်း၊ အမျိုးသားလွှတ်တော် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုလျှင် ၁၂ ဦးနှုန်း၊ တိုင်းဒေသကြီးလွှတ်တော် တစ်မြို့နယ် နှစ်ဦးနှုန်း မဲပုံးသုံးပုံးအတွက် မဲလက်မှတ်တစ်ခုစီရပါမယ်။ သက်ဆိုင်ရာပုံးမှာ ထည့်ရပါမယ်။ တစ်မဲထုတ်ယူ တံဆိပ်ထု၊ တစ်ပုံးထဲထည့်။ နောက် တစ်မဲထုတ်ယူ တံဆိပ်ထု၊ တစ်ပုံးထဲထည့်။ နောက် တစ်မဲထုတ်ယူ တံဆိပ်ထု၊ တစ်ပုံးထဲ ထည့်။ ကိုယ်က ကရင်လူမျိုးဆိုလျှင် တစ်မဲယူ၊ တံဆိပ်ထုမဲပေး၊ တစ်ပုံးထဲထည့်။ အလားတူ ရခိုင်လူမျိုးတစ်ဦးဦးဆိုရင် ရခိုင်တိုင်းရင်းသားကိုယ်စားလှယ်တစ်ဦးရွေးဖို့ တစ်မဲယူ၊ တံဆိပ်ထု၊ တစ်ပုံးထည့်။ လွယ်ပါတယ်။ ရှင်းပါတယ်။ မဲပုံးသုံးပုံး သို့မဟုတ်/လေးပုံးထည့်ရပါမယ်။

မေး။ ။ ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်က တရားမျှတခြင်း၊ မှန်ကန်ခြင်း ဘက်မလိုက်ဘဲ ရပ်တည်ခြင်းတို့ယုံကြည်ရပါ့မလား။

ဖြေ။ ။ စာနယ်ဇင်းအချို့၊ ဆောင်းပါးရှင်အချို့က ယုံကြည်ရပါ့မလား စသည်ဖြင့် ရေးသားနေသော်လည်း-

(က) ပါတီပေါင်း ၉၃ ပါတီကဝင်ရောက်ယှဉ်ပြိုင်ခြင်း၊
(ခ) တစ်သီးပုဂ္ဂလ ၃၂၃ ဦးက ဝင်ရောက်ယှဉ်ပြိုင်ရန်လွှတ်တော်ကိုယ်စားလှယ်လောင်းစာရင်းပေးသွင်းခြင်း၊
(ဂ) တစ်နိုင်ငံလုံးယှဉ်ပြိုင်သူပေါင်း ၆၁၀၀ ကျော်(စံချိန်တင်အများဆုံး ရွေးကောက်ပွဲ) အမတ်လောင်းဦးရေ ဝင်ရောက်ကြခြင်းက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အပေါ် အပြည့်အဝ ယုံကြည်အားကိုးကြောင်း ထင်ရှားတဲ့သက်သေအထောက်အထားပဲ ဖြစ်ပါတယ်။(မယုံကြည်ရင် ဝင်ရောက်ယှဉ်ပြိုင်မှာ မဟုတ်ပါ)

မေး။ ။ ရွေးကောက်ပွဲကော်မရှင်ရဲ့ မူဝါဒ သဘောထားတွေက ဘာတွေလဲ။

ဖြေ။ ။ ရွေးကောက်ပွဲကော်မရှင်ရဲ့ မူဝါဒ သဘောထားတွေကတော့ မှန်ကန်ရမယ်၊ တရားမျှတရမယ်၊ မျက်နှာလိုက်ခြင်း၊ ဘက်လိုက်ခြင်းမရှိစေရ၊ လွတ်လပ်ရမယ်၊ ပွင့်လင်းမြင်သာစေရမယ် ၊ အောင်မြင်အောင် အစွမ်းကုန်ကြိုးစားမယ်။

မေး။။ ။ ၂၀၁၅ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရဲ့ ထူးခြားချက်တွေက ဘာတွေပါလဲ။

ဖြေ။ ။ ထူးခြားချက်တွေကတော့ နိုင်ငံတော်အစိုးရက တရားမျှတ၊ လွတ်လပ်၊ မှန်ကန်အောင်မြင်မှ နိုင်ငံတကာအလယ်မှာ နိုင်ငံလူမျိုးအကျိုးရှိမှာမို့ ဥပဒေ၊ နည်းဥပဒေများနဲ့အညီ အကောင်းဆုံး ဆောင်ရွက်တယ်။ ရွေးကောက်ပွဲကော်မရှင် အဆင့်ဆင့်ကလည်း အလားတူပဲ မှန်မှန်ကန်ကန်၊ တရားမျှတစွာ၊ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်တယ်။ ကုလသမဂ္ဂ၊ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများ၊ အနီးအဝေးရှိမိတ်ဆွေနိုင်ငံပေါင်းများစွာကလည်း ၂၀၁၅ မြန်မာပြည်ရဲ့ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စေချင်ကြ၊ အောင်မြင်မယ်ဆိုတာ ယုံကြည်မျှော်လင့်ကြတယ်။ ပြည်သူများကလည်း ရွေးကောက်ပွဲကော်မရှင်အဆင့်ဆင့်ဟာ နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်တဲ့စိတ်နဲ့ စေတနာ့ဝန်ထမ်း ကြိုးပမ်းထမ်းဆောင်ကြတဲ့သူတွေမို့ တရားမျှတ၊ မှန်ကန်၊ လွတ်လပ်စွာစီမံကြမယ်ဆိုတာ ယုံကြည်မှုရှိကြတယ်။ ဒုတိယသက်တမ်း ၂၀၁၆-၂၀၂၀ ကာလမှာ မြန်မာပြည်ရဲ့ စီးပွားရေးနဲ့လူမှုဘဝအခြေအနေအစစအရာရာဟာ ပိုမိုတိုးတက်ကောင်းမွန်လာမယ်။ ဒီရွေးကောက်ပွဲချောမွေ့အောင်မြင်ရေးဟာ နိုင်ငံရဲ့အနာဂတ်အတွက် ကြီးမားတဲ့ မျှော်လင့်ချက်၊ ပြည်သူတွေရဲ့ဘဝအိပ်မက်လို့ဆိုရပါလိမ့်မယ်။

မေး။ ။ ဘာများထပ်ဖြည့်ချင်ပါသေးလဲ။

ဖြေ။ ။ ပါတီတွေရော၊ အမတ်လောင်းတွေရော၊ အားပေးစည်းရုံးကြသူတွေပါ အနိုင်ရရင်ပြီးရောဆိုတာမျိုးသဘောမထားဘဲ ဥပဒေနဲ့အညီ၊ တရားမျှတစွာ၊ မှန်ကန်စွာ၊ ကျင့်ဝတ်နဲ့လျော်ညီစွာပဲ အောင်ပွဲယူမယ်လို့ စည်းကမ်းဥပဒေတွေ ကျင့်ဝတ်တွေကို လိုက်နာကျင့်သုံးစေချင်ပါတယ်။ စည်းကမ်းလိုက်နာဘေးကင်းကွာ၊ အေးချမ်းသာယာကြမယ်လေ။ ဒီမိုကရေစီစနစ်နဲ့ နိုင်ငံတော်ကို တိုးတက်ဖွံ့ဖြိုးအောင်အားလုံးပါဝင်ပြီး ထူထောင်တည်ဆောက်နေကြတာ အတူတူတွေချင်းပါ။ မနှစ်သက်သလိုလို၊ ရန်စောင်သလိုလို၊ အလဲထိုးချင်သလိုလိုမပြောဆိုမပြုမူကြဘဲ ချစ်ချစ်ခင်ခင်မိသားစုတစ်ခုလိုပဲ မေတ္တာအရင်းခံနဲ့ တရားမျှတစွာ၊ မှန်ကန်စွာ နိုင်ငံကြီးသားပီသကြပါလို့ ပြောလိုပါတယ်။

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးပါတီ

လာရောက်ဟောပြောခြင်းမပြု၍ ဖော်ပြနိုင်ခြင်းမရှိပါ။

မဲစာရင်းကြည့်ရှုရာတွင် အခက်အခဲအနည်းငယ်ရှိကြောင်းပြောဆို

ရန်ကုန် စက်တင်ဘာ ၁၉

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ ပြည်သူများ မဲပေးနိုင်ရန် ဒေသများရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ဆန္ဒမဲပေးမည့် အမည်စာရင်းများ၌ စက်တင်ဘာ ၁၄ ရက်မှစ၍ ကပ်ထားပေးလျက်ရှိရာ အများပြည်သူစိတ်ဝင်စားစွာ လာရောက်ကြည့်ရှုလျက်ရှိပြီး လှိုင်သာယာမြို့နယ်ရှိ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများ၌လည်း မဲစာရင်းများကို လာရောက်ကြည့်ရှုလျက်ရှိ၍ အခက်အခဲအနည်းငယ်သာ ရှိကြောင်း သိရသည်။

"မဲစာရင်းနာမည်ကို ကပ်ထားတာ မဟုတ်ဘူး။ စာအုပ်သုံးမျိုးထဲမှာ လိုက်ရှာရတာဆိုတော့ အခက်အခဲရှိတယ်။ လင်မယားနှစ်ယောက်လုံးကို တစ်နေရာတည်းမှာ မတွေ့ရဘူး။ အခြားစာအုပ်တွေကိုပါ အချိန်ပေးပြီး ရှာရမလိုဖြစ်နေတယ်။ နောက်ရက်မှပဲ ကိုယ့်နာမည်ကို လာရှာတော့မယ်။ ကျောင်းချိန်နီးနေပြီ"ဟု ကျောင်းဆရာမတစ်ဦးက ပြောသည်။

အမှတ်(၇)ရပ်ကွက်၌ မဲပေးနိုင်မည့်ဦးရေ နှစ်သောင်းရှစ်ထောင်ခန့်ရှိပြီး မဲစာရင်းစာအုပ်အချို့တွင် နာမည်မှားခြင်း၊ တစ်ဦးတည်းနှစ်ကြိမ်ပြန်ပါနေခြင်း၊ အမည်စာရင်းမပါဝင်ခြင်းတို့ အနည်းငယ်ဖြစ်ပေါ်လျက်ရှိပြီး အမှတ်(၁၄)ရပ်ကွက်မှ ရပ်ကွက်ကော်မရှင်အဖွဲ့ဝင်တစ်ဦး၏ အမည်မှာ နှစ်ကြိမ်ပြန်ပါနေသောကြောင့် အချက်အလက်မှားယွင်းနေသည့်အတွက် ပုံစံ(၄-ဂ)ဖြင့် ပြန်လျှောက်ရမည်ဖြစ်ကြောင်း ၄င်းကပြောသည်။ မဲစာရင်းကို ရပ်ကွက်ပြည်သူတို့ စိတ်ဝင်စားစွာလာရောက်ကြည့်ရှုလျက်ရှိပြီး ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့်ပါတီနှင့် ကိုယ်စားလှယ်လောင်းများ အမည်စာရင်းကိုလည်း ကြေညာထားကြောင်း သိရသည်။ **သန်းထိုက်(လှိုင်သာယာ)**

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြိတ်ခရိုင် ရွေးကောက်ပွဲဆိုင်ရာ တွေ့ဆုံဆွေးနွေး

မြိတ် စက်တင်ဘာ ၁၉

ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်းသည် မြိတ်ခရိုင် ရွေးကောက်ပွဲဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဆိုင်ရာ ကော်မရှင်အဖွဲ့ဝင်များနှင့် ရွေးကောက်ပွဲဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို စက်တင်ဘာ ၁၅ ရက်မွန်းလွဲ ၂ နာရီက မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပသည်။

ထိုသို့ တွေ့ဆုံစဉ် မြိတ်မြို့နယ်အတွင်း ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲရုံတည်နေရာများ၌ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး စီမံခန့်ခွဲမှုကော်မတီနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီဖွဲ့စည်းထားရှိမှု၊ လုံခြုံရေး ကြိုတင်စီမံဆောင်ရွက်ထားရှိမှု တိုင်းဒေသကြီးအတွင်း ခရိုင်/မြို့နယ်များတွင် လုံခြုံရေးကော်မတီ အဆင့်ဆင့် ဖွဲ့စည်းထားရှိမှု၊ အထွေထွေရွေးကောက်ပွဲအား လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု၊ ရွေးကောက်ပွဲကာလအတွင်း လုံခြုံရေး အစီအမံများအား လက်တွဲဆောင်ရွက်မည့် ကော်မတီ၊ ကော်မရှင်များနှင့် ပြည်သူများ သိရှိနိုင်ရန် ရွေးကောက်ပွဲနှင့် ပတ်သက်၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုများကို စီမံချက်ပါ အောင်မြင်စွာ ကျင်းပရန်အတွက် ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(မြိတ် ခရိုင် ပြန်/ဆက်)**

မဲဆန္ဒရှင်ပြည်သူများ၏ အခွင့်အရေးမဆုံးရှုံးစေရန်အတွက် မဲစာရင်းမကျန်ရေးနှင့် မဲစာရင်းမှန်ကန်ရေးကွင်းဆင်းစစ်ဆေး

ရေစကြို စက်တင်ဘာ ၁၉

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ရေစကြိုမြို့နယ် တာဝန်ခံခရိုင်ကော်မရှင်အဖွဲ့ခွဲဝင် ဦးဘတင့်သည် အဖွဲ့ဝင်ဦးရန်နိုင်ဝင်းနှင့်အတူ စက်တင်ဘာ ၁၈ ရက်နံနက်က ရေစကြိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ ရောက်ရှိပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်လွင်နှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ ရုံးလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး အခက်အခဲများအား မေးမြန်း၍ လိုအပ်သည်များကို ရှင်းလင်းပြောကြားရာ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နိုင်ငံတကာမှ စောင့်ကြည့်နေသလို မိမိတို့ကလည်း ပေးအပ်သည့်တာဝန်ကို ကျေပွန်စွာထမ်းဆောင်ရင်း တိကျမှန်ကန်သန့်ရှင်းသော ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေး ကြိုးပမ်းကြရန်နှင့် မဲဆန္ဒရှင်ပြည်သူများ၏ အခွင့်အရေးများ မဆုံးရှုံးစေရန် မဲစာရင်းမကျန်ရေးနှင့် မဲစာရင်းမှန်ကန်ရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် အမှတ်(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈) ရပ်ကွက်များနှင့် စည်သာ၊ ဆင်ချောင်း၊ ပခန်းကြီး၊ ကြီးကန်၊ ကံသစ်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများသို့ သွားရောက်၍ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကိုတွေ့ဆုံ၍ မဲစာရင်းလာရောက်ကြည့်ရှုသူ ပြည်သူများအား ကူညီပေးရေး၊ မဲဖျက်၊ ကန့်ကွက်ပြင်ဆင်မှုများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးရေး၊ ပုံစံ(၃)၊ ပုံစံ(၄)၊ ပုံစံ(၄-ဂ)များ ကြော်ငြာဘုတ်တွင် ကပ်ထားရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

ဖေထွေးဇော်(ရေစကြို)

ကော့သောင်း၌ အခြေခံမဲဆန္ဒရှင် စာရင်းများ ထုတ်ပြန်ကြေညာ

ကော့သောင်း စက်တင်ဘာ ၁၉

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပြည်သူများဆန္ဒမဲပေးနိုင်ရေး မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ မဲဆန္ဒပေးပိုင်ခွင့်ရှိသူ အမည်များ ဖော်ပြသည့် အခြေခံ မဲဆန္ဒရှင်စာရင်းများအား စက်တင်ဘာ ၁၄ ရက် နံနက်ပိုင်းမှ စတင်၍ ကော့သောင်းမြို့နယ်မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးကြော်ငြာဘုတ်များတွင် အသိပေးကြေညာထားသည်။

အဆိုပါအခြေခံ မဲဆန္ဒရှင်စာရင်းအရ ကော့သောင်းမြို့နယ်မှ မဲဆန္ဒရှင် ၇၆၅၉၆ ဦးနှင့် ဘုတ်ပြင်းမြို့နယ်မှ မဲဆန္ဒရှင် ၃၈၄၇၄ ဦးဖြစ်ပြီး ကော့သောင်းခရိုင်အနေဖြင့် မဲဆန္ဒရှင်စုစုပေါင်း ၁၁၅၀၇၀ ရှိရာ ယခုစာရင်းတွင် အမည်မပါဝင်က သက်ဆိုင်ရာရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများထံ အချိန်မီ ဆက်သွယ်အကြောင်းကြားကြရန်နှင့် ပြည်သူများ မဲဆန္ဒပေးပိုင်ခွင့် ဆုံးရှုံးမှုမရှိစေရေး ကျယ်ပြန့်စွာ အသိပေးနှိုးဆော်လျက်ရှိကြောင်း သိရသည်။

ကော့သောင်း(ပြန်/ဆက်)

ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို မြို့နယ်ကော်မရှင်မှ နိုင်ငံရေးပါတီနှင့် လွှတ်တော်ကိုယ်စားလှယ်များအား ချပြဆွေးနွေး

ကျောက်တံခါး စက်တင်ဘာ ၁၉

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက ကျောက်တံခါးမြို့နယ်အတွင်းရှိ နိုင်ငံရေးပါတီများမှ လွှတ်တော် ကိုယ်စားလှယ်များအား မြို့နယ် ရွေးကောက်ပွဲကော်မရှင်မှ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ခေါ်ယူရှင်းလင်းချပြ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ရွေးဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးစောဘီသိန်းက ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်ကော်မရှင်အတွင်းရေးမှူး ဦးဇော်လင်းက နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ မဲဆွယ်စည်းရုံးရေးကာလတွင် ကော်မရှင်မှ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြစေရန်နှင့် မြို့နယ်ဥပဒေအရာရှိ ဦးစိုင်းဝေယံမြင့်က ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများကို ဖတ်ကြားရှင်းလင်းခဲ့သည်။

ထို့နောက် တက်ရောက်လာကြသော နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များက တင်ပြဆွေးနွေးကြရာ တင်ပြချက်များကို မြို့နယ်ကော်မရှင်အတွင်းရေးမှူး ဦးဇော်လင်းက ပြန်လည်ရှင်းလင်းခဲ့ကြောင်း သိရသည်။

ရွေးကောက်ပွဲဆိုင်ရာ တွေ့ဆုံညှိနှိုင်းရှင်းလင်းပွဲသို့ မြို့နယ်ကော်မရှင်အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ရပ်/ကျေးကော်မရှင်များ သတင်းမီဒီယာများ တက်ရောက်ခဲ့ကြသည်။

ခင်ကို(ကျောက်တံခါး)

မဲဆန္ဒရှင်စာရင်း ကြေညာမှုအား စစ်ဆေး

နတ်တလင်း စက်တင်ဘာ ၁၉

စက်တင်ဘာ ၁၄ ရက်မှ ၂၇ရက်အထိ ထုတ်ပြန်ကြေညာသည့် အထွေထွေရွေးကောက်ပွဲ၌ မဲပေးနိုင်သူများစာရင်းများကို ရပ်ကွက်၊ ကျေးရွာ ကော်မရှင်အဖွဲ့ခွဲရုံးများ၊ ဒုတိယအကြိမ် ကြေညာထားရှိမှုကို နတ်တလင်းမြို့နယ်အထွေထွေရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှအဖွဲ့ဝင် ဒေါ်လဲ့ဝါမြင့်က စက်တင်ဘာ ၁၆ ရက်က နတ်တလင်းမြို့နယ် အနောက်ဘက်ရှိ ချောင်းသုံးခွ ကျေးရွာအုပ်စု၊ ကျန်တောကျေးရွာအုပ်စု၊ ဇီးပင်ကွေ့ကျေးရွာအုပ်စု၊ တာပွန်ကျေးရွာအုပ်စု၊ သခွတ်တန်းကျေးရွာအုပ်စု၊ ကုလားတက်ကွင်းကျေးရွာအုပ်စုများရှိ ကျေးရွာရွေးကောက်ပွဲ ကော်မရှင်ရုံးများ၌ ကော်မရှင်ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ၊ မဲရုံမှူးများနှင့်တွေ့ဆုံ၍ မဲဆန္ဒရှင်စာရင်း ဒုတိယအကြိမ် ကြေညာမှုကို စစ်ဆေးခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မင်းဘူးမြို့နယ်အတွင်း မဲဆန္ဒရှင်စာရင်းကြေညာထားမှု ကွင်းဆင်းစစ်ဆေး

မင်းဘူး စက်တင်ဘာ ၁၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် မကွေးတိုင်းဒေသကြီးတာဝန်ခံ ဦးမြင့်နိုင်သည် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကြည်စိန်နှင့်အတူ စက်တင်ဘာ ၁၇ ရက်က မင်းဘူးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ရောက်ရှိပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် အဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ ရပ်ကွက်/ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲဆန္ဒရှင်စာရင်းများ အများပြည်သူလာရောက်ကြည့်ရှုမှုလွယ်ကူအောင် အချိန်ပြည့်ကြေညာထားရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးရာ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက မဲဆန္ဒရှင်စာရင်းများ ပြည့်စုံစွာကြေညာထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် မင်းဘူးမြို့ပေါ်ရပ်ကွက်များနှင့် စကုမြို့ပေါ်ရပ်ကွက် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကံသာအုပ်စု ကျွဲတဲကျေးရွာ မဲဆန္ဒရှင်စာရင်းကြေညာထားရှိမှုတို့ကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။

တင်ထွန်းဦး(မင်းဘူး)